# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၈၀)


# နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး ဆက်လက်ကျင်းပ

## နိုင်ငံရေး ဆွေးနွေးပွဲများတွင် သဘောတူညီချက်ရရှိရန် လိုအပ်နေသည့် ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ် တွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် ဆွေးနွေးသည်။

သီးသန့်အစည်းအဝေး ဒုတိယနေ့သို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊

*စာမျက်နှာ ၃ ကော်လံ ၁*



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးယွက်ဆစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်

## မြန်မာ-ဂျပန် သံတမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ရက် ၉၀ ဗီဇာကင်းလွတ်ခွင့် ဒီဇင်ဘာ ၁ ရက်မှ စတင်ရရှိမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့သည် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ရည်ရွယ်၍ နှစ်နိုင်ငံသံတမန် နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအနေဖြင့် ရက်ပေါင်း (၉၀)ထက် မကျော်လွန်စေဘဲ နေထိုင်ခွင့်ပြုသည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သံတမန်စာချွန်လွှာကို လဲလှယ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းအပြန်အလှန်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ သက်ဝင်မည်ဖြစ်သည်။

သတင်းစဉ်

## တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး

*စာမျက်နှာ - ၆*


KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဖက်ဒရယ်ပြည်ထောင်စုအတွေးအခေါ်များ

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးများ ဖော်ဆောင်ရေးနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်သော ခေါင်းဆောင်များအနေဖြင့် ခံယူကျင့်သုံးထိုက်သော သဘောထားအမြင်သုံးရပ်ကို အလေးအနက်ထား ပြောကြားခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီနေရာမှာ ခွဲမထွက်ရေးက အရေးကြီးသလို ခွဲမထွက်ချင်တဲ့၊ ခွဲထွက်စရာမလိုတဲ့ ပြည်ထောင်စုကြီးဖြစ်လာအောင် အားလုံးလက်တွဲပူးပေါင်းပြီး အကောင်အထည်ဖော်ဖို့ကလည်း အင်မတန်အရေးကြီးတယ်ဆိုတာကို ပြောချင်ပါတယ်" ဟု ပြောကြားခဲ့ခြင်းသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်နိုင်ရေးအတွက် ဆုပ်ကိုင်သင့်ဆုပ်ကိုင်ထိုက်သည့် အခြေခံသဘောထားကို ညွှန်ပြလိုက်ခြင်းဖြစ်ပါသည်။ တိုင်းပြည်၏ လွတ်လပ်ရေးနှင့်အတူ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် ကြိုးပမ်းမှုတို့သည် အခက်အခဲပြဿနာများနှင့်အတူ ခါးသီးသောခံစားမှုတို့ကို ကြုံတွေ့ခံစားခဲ့ရပါသည်။ သမိုင်းကို မှန်မှန်ကန်ကန် ချဉ်းကပ်နိုင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "စိုးရိမ်မှုတွေဖြစ်တည်လာစေခဲ့တဲ့ သမိုင်းကြောင်း အဖြစ်အပျက်တွေကို ကျွန်မတို့ အသိအမှတ်ပြုဖို့လိုပါတယ်။ ဒါပေမယ့် ဒီအတိတ်သမိုင်းကနေ ရုန်းထပြီး အားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ဆီကို ဆက်လက်ဦးတည်လျှောက်လှမ်းကြဖို့ အရေးကြီးပါတယ်။ စိုးရိမ်မှုကိုယ်စီရှိနေတဲ့ သမိုင်းနှစ်ဖက်ကို ဟန်ချက်ညီမျှအောင် ကျွန်မတို့ကြိုးစားရာမှာ လက်ရှိနှစ်ဆယ့်တစ်ရာစုအခြေအနေကို လက်တွေ့ကျကျ ရှုမြင်ကြဖို့၊ အနာဂတ်ကိုမျှော်နှာမှုကြဖို့၊ နိုင်ငံတကာပထဝီနိုင်ငံရေးအပြင် ပြည်နယ်အလိုက် ပထဝီနိုင်ငံရေးကို ထည့်သွင်းစဉ်းစားကြဖို့ အရေးကြီးပါတယ်" ဟု ပြောကြားခဲ့ခြင်းသည် ခွဲထွက်ရေးနှင့် ပတ်သက်သော သမိုင်းအမြင်သာမက ပစ္စုပ္ပန်အခြေအနေအပေါ် ထားရှိသင့်သော နိုင်ငံရေးအမြင်ကိုပါ ဖော်ပြနေပါသည်။ ဤအချက်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ပြခဲ့သော ပထမသဘောထားအမြင် ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြခဲ့သော ဒုတိယသဘောထားအမြင်မှာ နိုင်ငံရေးသဘောတူညီချက်များ ရယူရာ၌ ခံယူသင့်သော သဘောထားအမြင်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "စိတ်ကူးစံပြဖက်ဒရယ်အိပ်မက်က တစ်ဖက်မှာရှိနေပြီး ဒီကနေ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အရှိတရားကလည်း တစ်ဖက်မှာရှိနေပါတယ်။ ဒီနှစ်ခုအကြားမှာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစေခဲ့တဲ့ အကြောင်းရင်းခံတွေကို တစ်ခုချင်းဆွေးနွေးညှိနှိုင်းပြီး တစ်ဆင့်ချင်း ရှေ့ဆက်လျှောက်နိုင်မယ်ဆိုရင် ဖြစ်နိုင်ခြေလည်းရှိတယ်။ လက်တွေ့လည်းကျတယ်။ အကောင်အထည်ဖော်ကျင့်သုံးဖို့လည်း အဆင်ပြေနိုင်မယ့် အခြေအနေတစ်ရပ်ကို ကျွန်မတို့ ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့အားလုံးရဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုခရီးမှာ တိုးတက်မှုမှတ်တိုင်တွေ တစ်ခုပြီးတစ်ခု စိုက်ထူနိုင်မှာဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ ပြောပြောနေတဲ့ ဖြစ်နိုင်ခြေ၊ လက်တွေ့ကျမှုနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ဆက်နိုင်ရေးပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ခြင်းသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးလမ်းပြမြေပုံ၏ အခြေခံအတွေးအခေါ်ပင် ဖြစ်ပါသည်။

အဆုံးအဖြတ်ပေးနိုင်သည့် ခေါင်းဆောင်များ ဆုပ်ကိုင်သင့်သော အခြေခံသဘောထားနှင့် ပတ်သက်၍လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "တတိယအချက်ကတော့ ကျွန်မတို့ကိုယ်စားပြုတဲ့ တိုင်းရင်းသားပြည်သူတွေ၊ ကျွန်မတို့ မျက်နှာမူရတဲ့ လူထုတွေ၊ ကျွန်မတို့ တာဝန်ခံရမယ့် အောက်ခြေပြည်သူတွေအတွက် ကျွန်မတို့အားလုံး တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့ တာဝန်သိမှုရှိကြဖို့၊ တစ်နည်းပြောရရင် ကျွန်မတို့အားလုံး သတ္တိရှိကြဖို့ပဲ ဖြစ်ပါတယ်။ ကျွန်မတို့အားလုံးရဲ့နှလုံးသားတင်မက ဦးနှောက်ကိုပါ ဖွင့်ထားကြဖို့ အရေးကြီးပါတယ်။ ကျွန်မတို့ တာဝန်ခံကြရတဲ့ ကျွန်မတို့ မျက်နှာမူကြရမယ့် ကျွန်မတို့ရဲ့ပြည်သူတွေကို မျက်မှောက်ပြုပြီး ကျွန်မတို့အားလုံး သတ္တိရှိကြဖို့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်" ဟု ထောက်ပြဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဤအမြင် ဤသဘောထားတို့သည် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး ဆုပ်ကိုင်သင့်သည့် ဖက်ဒရယ်ပြည်ထောင်စု အတွေးအခေါ်များ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။



# Myanmar Snakebite စီမံကိန်း အောင်မြင်စွာပြီးစီးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

## စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုသာမက ကုသရေးတွင်လည်းတိုးတက်လာ

**နေပြည်တော် အောက်တိုဘာ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် Grand Amara Hotel တွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည့် ဩစတြေးလျနိုင်ငံ၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော Myanmar Snakebite Project အောင်မြင်စွာပြီးစီးခြင်းနှင့် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။




**မြွေဆိပ်ဖြေဆေးဖူလုံအောင်ထုတ်နိုင်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက Myanmar Snakebite Project (၂၀၁၄-၂၀၁၈) အကောင်အထည်ဖော်ဆောင်ရွက်ရေး အကူအညီပေးခဲ့သော ဩစတြေးလျနိုင်ငံအစိုးရနှင့် စီမံကိန်းတစ်လျှောက်လုံး နည်းပညာအထောက်အပံ့များ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် Adelaide တက္ကသိုလ်မှ ပညာရှင်များ၊ မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုစီမံကိန်း ဆောင်ရွက်ခဲ့ခြင်းကြောင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုတွင်သာမက ကုသရေးတွင်လည်း များစွာတိုးတက်လာပါကြောင်း၊ ယခင်က မြန်မာနိုင်ငံအနေဖြင့် မြွေဆိပ်ဖြေဆေး မဖူလုံမှုကြောင့် ပြည်ပမှ မှာယူတင်သွင်းခဲ့ရသော်လည်း ယခုအခါ ပြည်တွင်း၌ပင် ဖူလုံအောင်ထုတ်လုပ်နိုင်သည့်အပြင် အိမ်နီးချင်းနိုင်ငံများသို့ပင် ပြန်လည်တင်ပို့နိုင်သည်အထိ အောင်မြင်ခဲ့ပါကြောင်း၊ စီမံကိန်းပြီးဆုံးသွားသော်လည်း စီမံကိန်းရလဒ်များကို သေချာလေ့လာသုံးသပ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ယခု Workshop မှ ဆွေးနွေးအဖြေရှာပေးနိုင်မည်ဖြစ်ပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို သေချာစေမည့် Research & Development လုပ်ငန်းများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**နည်းပညာထောက်ပံ့ပေးမည်**

ဆက်လက်၍ ဩစတြေးလျနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Ms. Vanessa Hegarty မှ ဩစတြေးလျနိုင်ငံအနေဖြင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု လုပ်ငန်းများအပြင် မြွေအန္တရာယ်ကာကွယ်ရေးနှင့် ကုသရေး လုပ်ငန်းများတွင်လည်း နည်းပညာဆိုင်ရာ အထောက်အပံ့များ ဆက်လက်ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား တည်ရှိပြီးသော ခိုင်မြဲသည့် မိတ်ဖက်ဆက်ဆံရေးကို အခြေပြုပြီး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြင်း၏ သွေးရည်ကြည်မှ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ပုံ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် Myanmar Snakebite Project ရလဒ်အဖြစ် နှစ်အလိုက်မြွေဆိပ်ဖြေဆေးများ တိုးတက်ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Sustaining The Results of the Myanmar Snakebite Project အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီးနောက် စီမံကိန်းတွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် ပရော်ဖက်ဆာ David Alan Warrell မှ မြွေကိုက်သူကို ကုသရာတွင် ကိုက်သောမြွေသေကို လေ့လာရန် အရေးကြီးပုံ၊ Dr Afzal Mahmood မှ မြွေအန္တရာယ်ကာကွယ်ရေးနှင့် မြွေဆိပ်ဖြေဆေးများ ဖြန့်ဖြူးသိုလှောင်ထားရှိမှု အရေးကြီးပုံ၊ ပရော်ဖက်ဆာ Julian White မှ မြွေကိုက်ခံရသူများ ကုသရေးအတွက် သွင်းအားစုများအား ထိရောက်စွာစီမံခန့်ခွဲပုံနှင့် ဆေးခန်းမှတ်တမ်းများကို ထိရောက်စွာ အသုံးချနိုင်ပုံတို့ကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**အသက်ဆုံးရှုံးမှု လျှော့ချနိုင်**

Myanmar Snakebite Project (၂၀၁၄-၂၀၁၈) စီမံကိန်းကာလအတွင်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများအား မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့် အရည်အသွေးထိန်းသိမ်းမှုသင်တန်းများ စေလွှတ်သင်ကြားနိုင်ခဲ့ခြင်း၊ ဩစတြေးလျ ပညာရှင်များက မြန်မာနိုင်ငံသို့ လာရောက်ပြီး မြင်းမွေးမြူခြင်း၊ မြင်းရောဂါရှာဖွေခြင်း၊ မြွေကိုင်တွယ်ထိန်းသိမ်းခြင်း၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ခြင်းနှင့် မြွေဆိပ်ဖြေဆေး အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းများ၊ နည်းပညာအထောက်အပံ့များ ပို့ချပေးခဲ့ခြင်းကြောင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုရန် မွေးမြူထားသော မြင်းများ သေဆုံးမှုလျော့နည်းလာပြီး မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးမှုများကို GMP Guideline များနှင့်အညီ ဆောင်ရွက်လာနိုင်သည့်အပြင် အလွယ်တကူ သယ်ယူသိုလှောင်နိုင်သည့် အေးခဲခြောက်မြွေဆိပ်ဖြေဆေးများကို ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ကျေးလက်ဒေသအထိ အလွယ်တကူ ဖြန့်ဖြူးပေးကာ မြွေကိုက်ခံရ၍ အသက်ဆုံးရှုံးမှုကို သိသိသာသာ လျှော့ချနိုင်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မိုင်းဖြတ်မြို့နယ်၌ နှစ်ကျိပ်ရှစ်ဆူ ဝဏ်ပါဘုရား မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိုင်းဖြတ် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ပဉ္စမအကြိမ်မြောက် ကျင်းပပူဇော်အပ်သော နှစ်ကျိပ်ရှစ်ဆူ ဝဏ်ပါဘုရား မီးထွန်းပွဲတော်ကြီးကို အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်အထိ ကွက်သစ်ရပ်ကွက် စိတ္တသုခကျောင်းတိုက်၌ ခြောက်ညတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝဏ်ပါမီးထွန်းပွဲတော်ကြီးကို ကွက်သစ်ရပ်ကွက် စိတ္တသုခကျောင်းဝင်းအတွင်း ခြောက်ညတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်မြတ်တို့အား မည်သူမဆို ဆီမီးများပူဇော်ခြင်း၊ လာရောက်ဖူးမြော် ကြည်ညိုနိုင်ပါကြောင်းနှင့် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော် ဦးဓမ္မဝံသထံမှ သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး ငပုတောမြို့အတွင်း ကွင်းဆင်းဆောင်ရွက်

**ငပုတော အောက်တိုဘာ ၁၆**

ကျေးရွာနေပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိနိုင်စေရန် ရည်ရွယ်လျက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ငပုတောမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဟင်းအိုးချောင်း ကျေးရွာအုပ်စု ရေင့်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရန် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးရခြင်းမှာ သွားလာရေးခက်ခဲသော ဒေသများမှ ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ရုံးသို့ မလာရောက်နိုင်ဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ရန် အခက်အခဲရှိသူများနှင့် အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့်ပြီးသူတိုင်းအတွက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## နာဂဒေသ လေရှီးမြို့နယ်မှ ရွာ ၁၂ ရွာတွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ဆောင်မည်

**မုံရွာ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာတွင် တစ်အိမ်ထောင်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းကျော်မျိုး၏ ပြောကြားချက်အရ သိရသည်။

တပ်ဆင်ပေးမည့် တစ်အိမ်ထောင်သုံးဆိုလာစနစ်တွင် (၆၀)ဝပ်နှင့်(၁၀၀)ဝပ်အားရှိ ယူနစ်နှစ်မျိုးပါဝင်ပြီး ဆိုလာမီးလင်းရေးပစ္စည်းများကို လူနေအိမ်များမီးလင်းရေးအပြင် ကျေးရွာများရှိ ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးအဆောက်အအုံများအတွက်လည်း တပ်ဆင်ကာ မီးလင်းရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆိုလာစနစ်တပ်ဆင်ပေးသွားမည့် ကျေးရွာများမှာ ဖွန်သရက်ကျေးရွာတွင် ၁၁၆ အိမ်၊ ကူကီးရွာမကျေးရွာတွင် အိမ်ခြေ ၃၁၀၊ မိအောင်သာကျေးရွာတွင် လေးအိမ်၊ ထဝိုင်ကျေးရွာတွင် ၁၃ အိမ်၊ ဆိုင်းနို့လင်ကျေးရွာတွင် ၂၂ အိမ်၊ ဒိန်းဂလိန်းအဝေးကျေးရွာတွင် ၁၂ အိမ်၊ ဒိန်းဂလိန်းစံပြကျေးရွာတွင် ၁၂ အိမ်၊ ဆပ်ပြာကျေးရွာတွင် ၁၇ အိမ်၊ ပန်ဆပ်ကျေးရွာတွင် ၁၀၈ အိမ်၊ နမိယူပီရွာမကျေးရွာတွင် ၁၂ အိမ်၊ မတ်စီးသဲရှုံးကျေးရွာတွင် ခြောက်အိမ်၊ ကုံကိုင်လုံကျေးရွာတွင် ၅၆ အိမ် စုစုပေါင်း ၆၈၈ အိမ်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ ၁၂ ရွာရှိ လူနေအိမ်များ မီးလင်းရေးအပြင် ကျေးရွာများရှိ ဘာသာရေးအဆောက်အအုံ ၂၁ လုံး၊ အခြေခံပညာမူလတန်းကျောင်း ရှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်း လေးကျောင်းနှင့် ကျန်းမာရေးအဆောက်အအုံရှစ်လုံးတို့တွင် မီးလင်းရေးကိုလည်း တစ်ပါတည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးထံမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**



နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ အစိုးရနှင့် တပ်မတော်တို့မှ တာဝန်ရှိသူများ၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးယွက်ဆစ်၊ အတွင်းရေးမှူး ဦးစိုင်းငင်း၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယကခွန်ဥက္ကာ၊ ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယ ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ဗဟိုကော်မတီဝင် စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) ဥက္ကဋ္ဌ စောမိုရှေး၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC) အတွင်းရေးမှူး ဒေါက်တာ နော်ကပေါ်ထူး၊ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကြာခွန်ဆာ၊ အတွင်းရေးမှူး ကြာဆော်လမွန်၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သီးသန့်အစည်းအဝေး ဒုတိယနေ့တွင် အကျိုးဆောင်များအဖြစ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က ဆောင်ရွက်ကြပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူညီချက်ရရှိရန် လိုအပ်နေသည့် ကိစ္စရပ်များဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲမထွက်ရကိစ္စ၊ တစ်ခုတည်းသော တပ်မတော်ထားရှိရေးမူ ချမှတ်နိုင်ရေး ကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး၏ သဘောတူထုတ်ပြန်ကြေညာချက် ထုတ်ပြန်နိုင်ရေးကိစ္စရပ်နှင့် အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်လာစဉ်။ သတင်းစဉ်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



အစည်းအဝေးဒုတိယနေ့သို့ တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို တွေ့ရစဉ်။ သတင်းစဉ်

# နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များသီးသန့်အစည်းအဝေး၏ သဘောတူထုတ်ပြန်ကြေညာချက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅၊ ၁၆ ရက်၊ နေပြည်တော်)

၁။ နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးကို နေပြည်တော်၊ ရွှေစံအိမ်ဟိုတယ်တွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်-

(က) ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အား စတင်လက်မှတ်ရေးထိုးသည်မှာ (၃)နှစ်ပြည့်မြောက်မည်ဖြစ်သဖြင့် အဆိုပါ (၃)နှစ်ပြည့် အခါသမယတွင် ပုံမှန်ကျင်းပနေသည့် အခမ်းအနားမျိုးမပြုလုပ်ဘဲ ငြိမ်းချမ်းရေးအတွက် အနှစ်သာရအကျိုးရလဒ်ရရှိထွက်ပေါ်နိုင်မည့် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရန်၊

(ခ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်အားအကောင်အထည်ဖော်ရာတွင် ညှိနှိုင်းဆွေးနွေး၍ သဘောတူညီချက် မရသေးသည့်အချက်များကို ခေါင်းဆောင်များ၏ နိုင်ငံရေး သဘောတူညီချက်များဖြင့် ဖြေရှင်းရန်၊

(ဂ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အကောင်အထည်ဖော်မှုအဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် အရေးကြီးသည့် အခြေခံမူများ ချမှတ်နိုင်ရန်။

၂။ နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးတွင် အောက်ပါတို့ကိုသဘောတူညီခဲ့ကြပါသည်-

(က) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်ပါ ၂၀၂၀ ပြည့်နှစ်မတိုင်မီ၊ ကျင်းပရန် မျှော်မှန်းထားသည့် ညီလာခံ(၃)ကြိမ်တွင် အရေးကြီးသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေးအတွက် လိုအပ်သည့်အချိန်ဇယားနှင့် ဦးစားပေးလုပ်ငန်းစဉ်များ၊

(ခ) နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူညီမှုရရှိရန် လိုအပ်နေသည့်ကိစ္စရပ်များအား ဖြေရှင်းကျော်လွှားနိုင်ရေး၊

(ဂ) လက်ရှိနိုင်ငံရေး ဆွေးနွေးမှုပုံစံကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ရေး၊

(ဃ) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခေါင်းဆောင်များအကြား သဘောတူညီချက်များရယူပြီး ယင်းသဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(င) NCA အခန်း(၅)၊ နိုင်ငံရေးလမ်းပြမြေပုံ ချမှတ်ခြင်း အပိုဒ် ၂၀ (ဂ) ပါ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးမှုများ စတင်ပြုလုပ်ရေး၊

(စ) NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပါဝင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဆ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်ရာတွင် NCA ပါ သဘောတူညီချက်များအတိုင်း ဆက်လက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရေး။

၃။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

# နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲပြုလုပ်



- NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေး။
- တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ပါဝင်လာနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးပါဝင်သည့် ထိပ်သီးအစည်းအဝေးတစ်ခု ခေါ်ယူသွားရန် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ဒုတိယပတ်တွင် ကျင်းပနိုင်ရန် စီစဉ်လျက်ရှိ။

**နေပြည်တော် အောက်တိုဘာ ၁၆**

အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည့် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၆ နာရီက နေပြည်တော်ရှိ Horizon Lake View Resort တွင် ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

### သိရှိလိုသည့်မေးခွန်းများဖြေကြား

သတင်းစာရှင်းလင်းပွဲတွင် ထိပ်သီးခေါင်းဆောင်များ၏ နှစ်ရက်တာ သီးသန့်အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့ပြီး နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းတို့က မီဒီယာများ၏ သိရှိလိုသည့် မေးခွန်းများကို ဖြေကြားကြသည်။

ခွဲမထွက်ရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် နည်းလမ်းရှာဖွေသွားနိုင်မည့်မှုကို ချမှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပဒိုစောကွယ်ထူးဝင်းက "နည်းလမ်းရှာဖွေတဲ့နေရာမှာ ရွေးချယ်ရမယ့် နိုင်ငံရေးသဘောတူညီမှု စာသား၊ အရေးအသားကို ပြန်လည်ကြိုတင်ပြင်ဆင်ပြီး နှစ်ဖက်စလုံး သဘောတူညီ လက်ခံနိုင်တဲ့ ပုံစံမျိုးနဲ့ ကျော်လွှားသွားဖို့ မူချမှတ်နိုင်ခဲ့ပါတယ်။ ခွဲမထွက်ရနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှစ်ခုစလုံးကို လွှမ်းခြုံနိုင်တဲ့ အဓိပ္ပာယ်ရှိတဲ့ စာသားတွေကို ရွေးချယ်မှုပုံစံတစ်ခုနဲ့ လုပ်သွားဖို့ သဘောတူပါတယ်"ဟု ပြောသည်။

### ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်သွားမည်

တစ်ခုတည်းသော တပ်မတော်ထားရှိရေး ကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်ခေါင်းဆောင်များ ဆွေးနွေးရာတွင် NCA စာချုပ်၏ လမ်းပြမြေပုံ ၇ ချက်တွင် ပါဝင်သည့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး ဆိုသည့်အချက်ကို ညှိနှိုင်း၍ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"လမ်းပြမြေပုံမှာပါတဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကိစ္စကို ဆွေးနွေးညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်သွားရမယ့် အပိုင်းတွေပါတယ်။ ဒါကို ကျွန်တော်တို့ ဆက်ဆွေးနွေးဖို့ လက်ခံတယ်။ ဒုတိယအနေနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုမှာ တပ်မတော်တစ်ခုတည်းရှိတာကို လက်ခံတယ်။ သို့သော် တစ်ခုတည်းသော တပ်မတော်နဲ့ လူမျိုးပေါင်းစုံပါဝင်တဲ့ တပ်မတော်ကို ဘယ်လိုဖွဲ့စည်းမလဲဆိုတာကို ဆွေးနွေးသဘောတူညီမှုရခဲ့ပါတယ်"ဟု ပဒိုစောကွယ်ထူးဝင်းက ပြောသည်။

NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်သွားရန်လည်း ဆွေးနွေးခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဦးဇော်ဌေးက "အားလုံးပါဝင်လာနိုင်ရေးအတွက် အစိုးရဘက်က ဘာတွေကြိုးပမ်းနေတယ်၊ NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေကလည်း ဘယ်လိုကြိုးပမ်းနေတယ်ဆိုတာကို ဆွေးနွေးပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေနဲ့ ဆောင်ရွက်ဖို့ကတော့ တပ်မတော်နဲ့ ငြိမ်းချမ်းရေးကော်မရှင်တို့က ပွင့်ပွင့်လင်းလင်း ပြောကြပါတယ်"ဟု ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ပါဝင်လာနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပါဝင်သည့် ထိပ်သီးအစည်းအဝေးတစ်ခု ခေါ်ယူသွားရန် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ဒုတိယပတ်တွင် ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကာ နိုင်ငံတော်အစိုးရသို့ တင်ပြထားကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**သတင်း…ရဲခေါင်ညွန့်၊ ဓာတ်ပုံ..ဖိုးထောင်**

# စားနပ်ရိက္ခာ ဖူလုံရေး၊ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေး FAO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်

❒ *ကျောဖုံးမှ*

ကလေးငယ်များအားလုံး ဘေးကင်းပြီး အာဟာရပြည့်ဝသည့် အစားအစာများကို လုံလုံလောက်လောက် စားသုံးနိုင်မှသာကျန်းမာသန်စွမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်လူ့အဖွဲ့အစည်းကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် (FAO)၏ အစီရင်ခံစာအရ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၈၁၅ သန်းကျော်သည် ပြင်းထန်သည့် ငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ကာလရှည်ခံစားနေကြရပြီး ယင်းကိန်းဂဏန်းသည် ၂၀၁၅ ခုနှစ်ကထက် ၃၈ သန်းကျော် တိုးတက်များပြားလာပါကြောင်း၊ ၁၅၅ သန်းသော အသက်၅ နှစ်အောက်ကလေးငယ်များသည် ကြံ့လှီသေးကွေးနေကြသည်ဟု သိရှိရပါကြောင်း။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးအရေးကြီး**

အလွန်အမင်းဆင်းရဲသူ အားလုံးအနက် ၈၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့်အသက်မွေးကြသည်ဟု စစ်တမ်းများအရ သိရပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးရေးကို အခြေခံသည့် ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် များစွာအရေးကြီးလှပါကြောင်း၊ ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရန် ဆောင်ရွက်ခြင်းဖြင့်သာ ကျေးလက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အမှာစကား ပြောကြားစဉ်

ဒေသ လူမှုစီးပွားဘဝ တိုးတက်ရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိတို့အနေဖြင့် နေထိုင်ပုံ၊ စဉ်းစားပုံများကိုလည်း ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်များလည်း လိုအပ်လှပါကြောင်း၊ ထို့ပြင် အစိုးရအနေနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

**ကမ္ဘာကြီးပူနွေးလာမှုဆိုးကျိုး**

ယနေ့ကမ္ဘာကြီး၏ နည်းပညာပြောင်းလဲမှုနှင့်အတူ ယှဉ်တွဲလာသည့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်မှုများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကမှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသကို များစွာဆိုးကျိုးသက်ရောက်စေပါကြောင်း၊ ယခုကဲ့သို့ ဆိုးကျိုးသက်ရောက်မှုကြောင့် လူအများစု မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများတွင် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှု၊ ထွက်ရှိလာသည့် သီးနှံများအရည်အသွေးမပြည့်ဝမှုများ၏ အကျိုးဆက်အဖြစ် လူမှုစီးပွားရေး ချွတ်ခြုံကျမှု၊ စားနပ်ရိက္ခာမပြည့်စုံမှု၊ ဘေးကင်းလုံခြုံသည့် စားရေရိက္ခာရှားပါးလာမှု၊ ငတ်မွတ်ခေါင်းပါးမှုများနှင့် ရင်ဆိုင်နေကြရပါကြောင်း။

အကျိုးဆက်အနေဖြင့် နှစ်စဉ်ငတ်မွတ်ခေါင်းပါးမှုကြောင့် သေဆုံးမှုနှုန်းသည် ငှက်ဖျားရောဂါ၊တီဘီရောဂါနှင့် အေအိုင်ဒီအက်စ် ရောဂါသုံးမျိုးပေါင်း သေဆုံးမှုထက်ပင် များပြားနေသည်ဟု သိရပါကြောင်း၊ ထို့ပြင် မွေးကင်းစကလေးငယ် သေဆုံးမှု၏ ၄၅ ရာခိုင်နှုန်းသည်လည်း အာဟာရချို့တဲ့မှုကြောင့်ဟု သိရပါကြောင်း။

**မှန်ကန်ထိရောက်သည့် မူဝါဒများ**

ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို Our Actions are our Future. A# ZeroHunger world by 2030 is possible. **"ငတ်မွတ်ကင်းစင် ၂၀၃၀ တွင် တို့ရဲ့ အနာဂတ်တို့ပြင်ဆင်"** ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ရန် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က သတ်မှတ်ခဲ့ပါကြောင်း၊ တဖြည်းဖြည်း တိုးတက်လာသည့် လူဦးရေကိုဝလင်စွာ ကျွေးမွေးနိုင်ရေးအပြင် ကျန်းမာသန်စွမ်းပြီး တောက်ပသည့်အနာဂတ်ကို ပုံဖော်ကြမည့် အနာဂတ်မျိုးဆက်ကို ပြုစုပျိုးထောင်ကြရန်အတွက် ဘေးကင်းပြီး လုံခြုံစိတ်ချရသည့် အစားအစာများ ထုတ်လုပ်နိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးစသည့် အဓိကကျသည့် လုပ်ငန်းတာဝန်များကို မိမိတို့အနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် (FAO)၏ အကူအညီ၊ မိမိတို့အစိုးရ၏ မှန်ကန်ထိရောက်သည့် မူဝါဒများ၊ ဌာနဆိုင်ရာများ၏ ထိရောက်အောင်မြင်သည့် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုများနှင့် ဟန်ချက်ညီညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကမ္ဘာတွင် ငတ်မွတ်ခေါင်းပါးမှုကို ခံစားနေကြရသည့် လူဦးရေ၏ ၆၀ ရာခိုင်နှုန်း သည် အမျိုးသမီးများဖြစ်ကြသည်ဟု ဆိုပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများ ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း အလေးထားကြရန် လိုပါကြောင်း၊ အမျိုးသမီးထု၏ ကုန်ထုတ်စွမ်းအားသည်လည်း မိသားစု၊ နိုင်ငံနှင့် ကမ္ဘာ့အတိုင်းအတာအထိ ကြီးကြီးမားမား သက်ရောက်မှုရှိပါကြောင်း။

**ပညာပေးခြင်း နည်းလမ်းအကောင်းဆုံး**

ထို့ကြောင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကိုလည်း သမဝါယမလုပ်ငန်းစဉ်များမှတစ်ဆင့် မြှင့်တင်ကြရန် လိုပါကြောင်း၊ ပုခက်လွှဲသည့်လက်သည် ကမ္ဘာကိုကိုင်လှုပ်မည့် လက်များဟုဆိုသကဲ့သို့ အနာဂတ်မျိုးဆက်ကလေးသူငယ်များ၏ အာဟာရပြည့်ဝရေး၊ ကျန်းမာသန်စွမ်းရေးနှင့် ပညာရည်မြင့်မားရေးတို့သည် အမျိုးသမီးများနှင့် တိုက်ရိုက်သက်ဆိုင်နေပါကြောင်း၊ မိသားစုစားသောက်နေထိုင်မှု ပုံစံပြောင်းလဲရန်အတွက် အမျိုးသမီးထုကို ပညာပေးခြင်း နည်းလမ်းသည် အကောင်းဆုံးသောနည်းလမ်းဖြစ်ပါကြောင်း။

၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် အမှတ်စဉ်(၂)ပြည့်မီရေးအတွက် ၂၀၁၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပပြုလုပ်ခြင်းဖြင့် လူသားတို့ ငတ်မွတ်ခေါင်းပါးမှုကင်းစင်ရေးကို အလေးပေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ မိမိတို့အနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မှုမရှိဘဲ ၂၀၃၀ မှာ ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေးဆိုသည့် တစ်ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်သည် အောင်မြင်နိုင်မည် မဟုတ်ပါကြောင်း၊ ထို့အတူငတ်မွတ်ခေါင်းပါးမှုကို ပပျောက်အောင် မဆောင်ရွက်နိုင်သော်လည်း အာဟာရပြည့်ဝရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် ရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိအောင် ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း။

**ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး**

ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုသည် အချိန်အတိုင်းအတာတစ်ခုအထိ ကျဆင်းခဲ့ပြီးမှ ယခုတစ်ဖန် ပြန်လည်မြင့်တက်လာပြီး မိမိတို့ကမ္ဘာ့လူမှုအဖွဲ့အစည်းကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုများ၊ စီးပွားရေးကျဆင်းမှုများ၊ တန်းတူရည်တူမရှိမှုများစသည့် အကြောင်းတရားများကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေးဆိုသည့် ရည်မှန်းချက်အောင်မြင်ရေးသည် ယခင်ကထက်ပိုပြီး ခက်ခဲမည့်ပုံပေါ်နေပါကြောင်း။



ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Xaiojie Fan သဝဏ်လွှာကို ဖတ်ကြားစဉ်။

သို့သော်လည်း ကမ္ဘာ့နိုင်ငံများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူထုအားလုံးလက်တွဲညီညီနှင့် ပူးပေါင်းတိုက်ဖျက်ကြမည်ဆိုပါက စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးတွင် အကြီးအကျယ် တိုးတက်မှုရရှိနိုင်ပါကြောင်း၊ ရေရှည်တည်တံ့သည့် အနာဂတ်ကိုပိုင်ဆိုင်ရန်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုပန်းတိုင်(SDGs) ၂၀၃၀ ကို အကောင်အထည်ဖော်ဆောင်ကြရန်သည် ကမ္ဘာ့လူသားအားလုံး၏ တာဝန်ဖြစ်ပါကြောင်း။

**ပြည်သူလူထုပူးပေါင်းပါဝင်**

ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုကို တိုက်ဖျက်ကြသည့်နေရာတွင် ၎င်းနှင့်ဆက်စပ်ပတ်သက်နေသည့် လူမှုဘဝလုံခြုံရေး၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးမွေးမြူရေး၊ အာဟာရပြည့်ဝရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍများတွင်အစိုးရပိုင်းအနေဖြင့် မှန်ကန်သည့် မူဝါဒနှင့် လမ်းညွှန်ချက်များချမှတ်နိုင်မှု၊ ထိရောက်မြန်ဆန်သည့် ဆက်သွယ်ရေးစနစ် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးမှု၊ ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်မှု၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုများသည် အလွန်အရေးကြီးပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေး ကဏ္ဍများတွင် FAO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ၎င်းနှင့်ဆက်စပ်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လယ်ယာထုတ်ကုန်မြှင့်တင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခွင့်အလမ်းများဖန်တီးပေးခြင်း၊ လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ပြဋ္ဌာန်းပေးခြင်းစသည့် လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) အနေဖြင့် မြန်မာနိုင်ငံ၏ စားနပ် ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍများတွင် နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ စဉ်ဆက်မပြတ် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် မြန်မာပြည်သူလူထုနှင့် နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

စားနပ်ရိက္ခာများ လေလွင့်မှုမရှိစေရန် တိုးလာမည့် လူဦးရေ(၉)ဘီလီယံအတွက် စားနပ်ရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်ရန်၊ အာဟာရပြည့်ဝသည့် အစား အစာများ စနစ်တကျစားသုံးနိုင်ရန် မိမိတို့အားလုံးကြိုးပမ်းကြမှသာ ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် **"ငတ်မွတ်ကင်းစင် ၂၀၃၀ တွင် တို့ရဲ့အနာဂတ်တို့ပြင်ဆင်"** နှင့်အညီ မိမိတို့အားလုံးကိုယ်စီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းဆန္ဒပြုပါကြောင်း ပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Xaiojie Fan က ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဗီဒီယိုနှင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

# တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး

လွင်သွင်ဦး

တရားဥပဒေစိုးမိုးရေး၏ ဥပဒေမူသဘောတရားကို ၁၆ ရာစုခန့်မှစ၍ ဗြိတိန်နိုင်ငံတွင် တွေးခေါ်ယူဆမှုများ စတင်ခဲ့ပါသည်။ ထို့နောက် ၁၉ ရာစုတွင် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သော အယူအဆသဘောတရားများသည် အများပြည်သူကြားတွင် ထင်ရှားလာပါသည်။ တရားဥပဒေစိုးမိုးရေး၏ အခြေခံသဘောတရားမှာ မည်သူမျှဥပဒေ၏အထက်တွင်မရှိစေရ (No One is Above the Law) ဆိုသည့်မူကို အခြေခံပါသည်။

**တရားဥပဒေစိုးမိုးရေးဆိုတာဘာလဲ (What is Rule of Law)**

ရှေးရိုးအယူအဆတွင် တရားဥပဒေစိုးမိုးခြင်း (Rule of Law) နှင့် ဥပဒေအရ အုပ်ချုပ်ခြင်း(Rule by Law) တို့ကို ခြားနားမှုရှိကြောင်း လက်ခံကြပါသည်။ တရားဥပဒေစိုးမိုးခြင်း (Rule of Law) ဆိုသည်မှာ ဥပဒေသည် ကောင်းမြတ်ခြင်းရှိပြီး အာဏာကိုအလွဲသုံးစားမှုအတွက် ထိန်းကျောင်းနိုင်ပါသည်။ ဥပဒေအရအုပ်ချုပ်ခြင်း (Rule by Law) တွင် ဥပဒေသည် အစိုးရ၏ လက်နက်ကိရိယာသက်သက်သာဖြစ်ပြီး ဥပဒေပုံစံဖြင့် ဖိနှိပ်မှုပြုသည့် အရာသာဖြစ်ပါသည်။

**တရားဥပဒေစိုးမိုးရေး (Rule of Law) နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ သဘောထား**

အပြည်ပြည်ဆိုင်ရာ တရားသူကြီးများကော်မရှင် (International Commission of Jurists) ၏ အခြေခံမူသဘောမှာ တရားဥပဒေစိုးမိုးရေးသည် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ပါရှိရမည်။ လွတ်လပ်သော တရားစီရင်ရေးဖြစ်ရမည်။ လူသားတို့၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အခြေအနေများကို လွယ်ကူအောင် ဆောင်ရွက်ပေးရမည် စသည်တို့ ပါရှိပါသည်။

ကုလသမဂ္ဂက တရားဥပဒေစိုးမိုးရေးဆိုသည်မှာ လူပုဂ္ဂိုလ်များအားလုံး၊ အဖွဲ့အစည်းများ (အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက)၊ အစိုးရကိုယ်တိုင် အပါအဝင်တို့သည် အများပြည်သူသိရှိအောင် ပြဋ္ဌာန်းထားသောဥပဒေများကို တာဝန်ခံသော အုပ်ချုပ်မှု သဘောတရားရှိရပါမည်။ ထိုဥပဒေများသည် သာတူညီမျှအာဏာသက်ရောက်ပြီး လွတ်လပ်စွာစီရင်ခွင့်ရှိရမည်။ ထိုဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် ညီညွတ်ရမည်။ တရားဥပဒေစိုးမိုးမှု မူသဘောတရားများကို အကောင်အထည်ဖော်ပြီး ဥပဒေအရာတွင် သာတူညီမျှမှုရှိရမည်။ ဥပဒေကိုတာဝန်ခံမှု၊ ဥပဒေကို အသုံးပြု ဆောင်ရွက်ရာတွင်မျှတမှု၊ အာဏာခွဲဝေသတ်မှတ်မှု၊ အာဏာရှင်ဆန်သောကိစ္စများကို ရှောင်ရှားမှုနှင့် ဥပဒေအရာ ဥပ္ပင့်လင်းမြင်သာမှု ရှိရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာရှေ့နေများအဖွဲ့ (International Bar Association) က တရားဥပဒေစိုးမိုးရေးအဓိပ္ပာယ်ကိုဖွင့်ဆိုရာ၌ လွတ်လပ်သော၊ ဘက်မလိုက်သော တရားစီရင်ရေးဖြစ်ရမည်။ လူတစ်ဦးကို အပြစ်ရှိကြောင်း သက်သေထင်ရှားမပြနိုင်သမျှ အပြစ်မဲ့သူအဖြစ် မှတ်ယူရမည်။ မလျော်ကန်သော နှောင့်နှေးကြန့်ကြာမှုများမရှိစေဘဲ အများပြည်သူ၏ ရှေ့မှောက်တွင် စစ်ဆေးသည့် မျှတသော အခွင့်အရေးရှိရမည်။ ပြစ်ဒဏ်ပေးရာ၌ လျော်ကန်သင့်မြတ်မှုရှိရမည်။ လူအားလုံးသည် ဥပဒေ၏ရှေ့မှောက်တွင် သာတူညီမျှမှုရှိရမည်။ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ လျှို့ဝှက်စစ်ဆေးခြင်း၊ တရားစစ်ဆေးစီရင်ခြင်းမရှိဘဲ အကန့်အသတ်မရှိ ချုပ်နှောင်ထားခြင်း ကင်းရမည်။ ရက်စက်မှု၊ လူသားမဆန်သောပြုမူမှု၊ လူ့သိက္ခာညှိုးနွမ်းစေသောပြစ်ဒဏ်ပေးခြင်း ကင်းရမည်။ ခြိမ်းခြောက်မှု၊ အဂတိလိုက်စားမှုများ ကင်းရမည်။ တရားဥပဒေ စိုးမိုးရေးသည် ယဉ်ကျေးပြီးဖြစ်သော လူ့အဖွဲ့အစည်း၏ အခြေခံဖြစ်ပြီး လူအားလုံးကိုအလွယ်တကူ ဆောင်ရွက်ပေးသည့် မျှတမှုရှိသော ပွင့်လင်းမြင်သာသည့် ဆောင်ရွက်မှုဖြစ်ရမည်။ လွတ်လပ်မှုနှင့် အကာအကွယ်ပေးမှု မူသဘောတရား နှစ်ခုလုံးကို စွဲကိုင်ထားရမည်ဟု ဖော်ပြထားပါသည်။

ဥပဒေ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (The International Development Law Organization - IDLO) က တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ ဖွင့်ဆိုရာတွင် တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရှိရမည်။ ဥပဒေရေးရာပြဿနာများနှင့် လုပ်ထုံးလုပ်နည်းများသည် နေ့စဉ်ဆောင်ရွက်မှုများဖြစ်ပြီး သာတူညီမျှမှု၊ တရားမျှတမှုကို ဖော်ဆောင်ရာ၌ လွယ်ကူစေမှုနှင့် ပညာပေးမှု၊ ဆင်းရဲနွမ်းပါးသူများကို အကာအကွယ်ပေးမှုများ ရှိရမည်ဟု ဖော်ပြပါသည်။

ကမ္ဘာ့တရားမျှတမှုစီမံချက် (World Justice Project) က ဖွင့်ဆိုရာတွင် တရားဥပဒေစိုးမိုးရေး၏ အဓိကအချက်များသည် အများကလက်ခံသော အောက်ဖော်ပြပါ မူများ ပါရှိရမည် -

(က) အစိုးရနှင့်အစိုးရ၏အရာရှိများ၊ ကိုယ်စားလှယ်များသည် ဥပဒေအရ တာဝန်ခံမှု ရှိရမည်။

(ခ) ဥပဒေများသည် ရှင်းလင်းရမည်။ အများပြည်သူသိရှိအောင် ဖြန့်ဖြူးရမည်။ တည်ငြိမ်ရမည်။ မျှတရမည်။ လူပုဂ္ဂိုလ်ဆိုင်ရာနှင့် ပစ္စည်းလုံခြုံမှု အပါအဝင် မူလအခြေခံ အခွင့်အရေးများကို အကာအကွယ်ပေးရမည်။

(ဂ) ဥပဒေပြဋ္ဌာန်းခြင်း၊ ဥပဒေအရစီမံခန့်ခွဲခြင်း၊ ဥပဒေကိုအာဏာသက်ရောက်စေခြင်းနှင့် သက်ဆိုင်သော နည်းလမ်းများသည် လွယ်ကူမှု၊ မျှတမှုနှင့် ထိရောက်မှုရှိရမည်။

(ဃ) တရားမျှတမှုကို အကောင်အထည်ဖော်ရာတွင် အရည်အချင်းပြည့်ဝသော၊ လွတ်လပ်မှုရှိသော၊ အကျင့်သိက္ခာနှင့် ပြည့်စုံသော ဆုံးဖြတ်သူများ၊ ရှေ့နေများနှင့် ကိုယ်စားလှယ်များက ဆောင်ရွက်ရမည်။ တရားရေးဆိုင်ရာအရာရှိများသည် လုံလောက်သော အရေအတွက်နှင့် အရည်အချင်းများရှိပြီး ၎င်းတို့တာဝန် ထမ်းဆောင်သော အဖွဲ့အစည်း၏ ရောင်ပြန်ဟပ်မှုများလည်း ရှိရမည်။

**"အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းတွင် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ် လိုအပ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ ရပ်ရွာအေးချမ်းသာယာ တည်ငြိမ်မှု၊ နိုင်ငံနှင့်ပြည်သူများ၊ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာမှုရှိစေရန်မှာ တရားမျှတသော ဥပဒေများရှိပြီး ထိုဥပဒေများအတိုင်း ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ Rule of Law နှင့် Rule by Law တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်အကောင်အထည်ဖော်ရမည့် အချက်များဖြစ်"**

အထက်ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားရမည်။ အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ဥပဒေပြုအဖွဲ့၊ တရားစီရင်ရေးနှင့် စာရင်းစစ်တို့က ထိရောက်စွာ ကန့်သတ်ထားရမည်။ အစိုးရအရာရှိများ၏ မလျော်ကန်သော အကျင့်ပျက်မှုများအတွက် အရေးယူဆောင်ရွက်ရမည်။ အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို အစိုးရမဟုတ်သော အဖွဲ့အစည်းများက စောင့်ကြပ်ကြည့်ရှုရမည်။

ထို့ပြင် အုပ်ချုပ်မှုအဖွဲ့အစည်းများက အစိုးရအရာရှိများ၊ တရားရေးကဏ္ဍမှ အစိုးရအရာရှိများ၊ ရဲ၊ တပ်မတော်သားများနှင့် ဥပဒေပြုကဏ္ဍမှ အစိုးရအရာရှိများသည် အများပြည်သူနှင့် သက်ဆိုင်သောရုံးကို (မိမိတို့တာဝန်ကို) ပုဂ္ဂလိကအခွင့်အရေးများ ရရှိရေးအတွက်၊ ပုဂ္ဂလိကအကျိုးစီးပွားအတွက် အသုံးမပြုရ၊ အဂတိလိုက်စားမှု ကင်းရှင်းရမည်။

မူလအခြေခံအခွင့်အရေးများနှင့် စပ်လျဉ်း၍ သာတူညီမျှပြုမူဆောင်ရွက်ပြီး ခွဲခြားမှုကင်းရှင်းရမည်။ အသက်ရှင်နေထိုင်ခွင့်နှင့် ဘဝလုံခြုံမှုအခွင့်အရေးကို ထိရောက်စွာ အကာအကွယ်ပေးရမည်။ တရားခံ၏အခွင့်အရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရမည်။ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ပြောဆိုခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်တို့ကို အာမခံချက်ပေးရမည်။ လူပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စများကို မတရား ဝင်ရောက်စွက်ဖက်မှုမရှိစေရန် အကာအကွယ်ပေးရမည်။ လွတ်လပ်စွာ စုဝေးခွင့်နှင့် အခွင့်အရေးများကို အကာအကွယ်ပေးရမည်။

ထို့ပြင် အစိုးရ၏ စည်းမျဉ်းစည်းကမ်းများသည် ထိရောက်စွာ အာဏာသက်ရောက်ရမည်။ မလျော်ကန်သော ဩဇာလွှမ်းမိုးမှုများမရှိစေရ။ အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုများသည် လျော်ကန်သင့်မြတ်မှုမရှိသော နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရမည်။ အစိုးရသည် လုံလောက်သော လျော်ကြေးပေးမှုမရှိဘဲ ပစ္စည်းသိမ်းယူခြင်းများမပြုလုပ်ရ။

တရားမ တရားစီရင်ရေးတွင် ပြည်သူများသည် တရားမ တရားမျှတမှုကို အလွယ်တကူ ရရှိစေရမည်။ တရားမ တရားစီရင်ရေးတွင် ခွဲခြားမှုများနှင့် အဂတိလိုက်စားမှုများ၊ အစိုးရ၏ မလျော်ဩဇာလွှမ်းမိုးမှုများ ကင်းရှင်းရမည်။ မလျော်ကန်သော နှောင့်နှေးကြန့်ကြာမှုများ မရှိစေဘဲ ထိရောက်သော အကျိုးသက်ရောက်မှုရှိရမည်။ ထို့ပြင် သမားရိုးကျမဟုတ်သော အငြင်းပွားမှုများ ဖြေရှင်းနည်း(Alternative Dispute Resolution)ကို အသုံးပြုခွင့်ရရှိပြီး ဘက်လိုက်မှုကင်းရှင်း၍ ထိရောက်မှုရှိစေရမည်။

ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် စုံထောက်မှုစနစ်သည် ထိရောက်မှုရှိပြီး အမှုများစစ်ဆေးရာ၌ ထိရောက်စွာစီရင်ရမည်။ ပြစ်ဒဏ်ပေးရာတွင် အကျင့်စာရိတ္တကို ပြန်လည်ပြုပြင်ရန်အတွက် ထိရောက်သောစနစ်ဖြစ်ရမည်။ ပြစ်မှုများကိုစီရင်ရာ၌ ဘက်မလိုက်သော အဂတိတရားကင်းရှင်းသော၊ အစိုးရ၏ မလျော်ဩဇာလွှမ်းမိုးမှုကင်းရှင်းသော စနစ်ဖြစ်စေရမည်။

ထို့ပြင် သမားရိုးကျမဟုတ်သော တရားမျှတမှုကို အကောင်အထည်ဖော်ရာ၌ အချိန်မီ ထိရောက်မှုရှိစေရမည်။ ဘက်လိုက်မှု၊ မလျော်ဩဇာလွှမ်းမိုးမှုတို့မှ ကင်းရှင်းပြီး မူလအခြေခံ အခွင့်အရေးများကို လေးစားအကာအကွယ် ပေးရမည်။

တရားဥပဒေစိုးမိုးခြင်း (Rule of Law) နှင့် ဥပဒေအရ အုပ်ချုပ်ခြင်း (Rule by Law) သည် အနည်းငယ်ခြားနားမှု ရှိပါသည်။ Rule by Law သည် ဥပဒေပြု အာဏာပိုင်က သတ်မှတ်ပြဋ္ဌာန်းသောဥပဒေအရ အုပ်ချုပ်ခြင်းဖြစ်ပါသည်။ ထိုဥပဒေသည် မည်သည့်ဥပဒေ ဖြစ်သည်၊ မည်သို့ ရည်ရွယ်ချက်ရှိသည်ဆိုသည့်အချက်မှာ အရေးမကြီးပါ။ အာဏာရှင်အစိုးရ သက်ဦးဆံပိုင်ဘုရင်စနစ်တို့တွင် ဥပဒေအမျိုးအပြားကို ပြဋ္ဌာန်းပြီး ထိုဥပဒေများသည် တရားမျှတမှုရှိ မရှိ၊ အများအကျိုး စီးပွားကို ဖော်ဆောင်မှု ရှိ မရှိ၊ ရှင်းလင်းလွယ်ကူမှုစသည့်အချက်များ ရှိ မရှိမှာ အဓိကမဟုတ်ပါ။ အုပ်ချုပ်သူအာဏာပိုင်၏ အလိုကျ ရေးဆွဲထားပြီး Rule of Law မရှိပါ။

Rule of Law တွင်မူ ဥပဒေပြုအာဏာပိုင်၏ အကန့်အသတ်မရှိသော ဆောင်ရွက်မှုများကို ထိန်းချုပ်ထားပြီး အထက်တွင်တင်ပြသော အစိုးရ၏တာဝန်ယူမှု၊ ဥပဒေများ၏ရှင်းလင်းလွယ်ကူတည်ငြိမ်၍ တရားမျှတမှု၊ ပြည်သူတို့၏ မူလအခြေခံ အခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးတွင် အဂတိတရားကင်းရှင်းခြင်း၊ မလျော်ဩဇာလွှမ်းမိုးမှု ကင်းရှင်းခြင်းစသည့် အခြေခံမူများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။

**မြန်မာနိုင်ငံနှင့် တရားဥပဒေစိုးမိုးရေး**

မြန်မာနိုင်ငံအနေဖြင့် တရားဥပဒေစိုးမိုးရေး Rule of Law ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်းသည့် အင်္ဂါရပ်များ၊ စံများကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းမရှိပါ။ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သော စံနှုန်းများကို ကမ္ဘာ့နိုင်ငံ အသီးသီးနှင့် အဖွဲ့အစည်းများက ဖော်ပြချက်များနှင့် ယေဘုယျအားဖြင့် အဓိကအချက်များတွင် အတူတူပင်ဖြစ်ပါသည်။ သို့ရာတွင်အားလုံးက လက်ခံအတည်ပြုထားသည့် စံနှုန်းများဟုမတွေ့ရှိရသေးပါ။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉ တွင် တရားစီရင်ရေးမူများကို သတ်မှတ်ထားရာ၌ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေးဟု သတ်မှတ်ထားပါသည်။

၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတို့တွင်လည်း တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ ဖော်ပြပါရှိပါသည်။ ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများတွင် နိုင်ငံသားများ၏ အခွင့်အရေးများ၊ အခြားတည်ဆဲဥပဒေများနှင့် မြန်မာနိုင်ငံ တရားစီရင်ထုံးများတွင်လည်း တရားဥပဒေစိုးမိုးရေးဆိုင်ရာ သဘောတရားများ ဖော်ပြပါရှိပါသည်။

အထက်ဖော်ပြပါ ပြည်တွင်းဥပဒေ ပြဋ္ဌာန်းချက်များ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက လက်ခံထားသော မူသဘောတရားများအရ တရားဥပဒေစိုးမိုးရေး (Rule of Law) တွင် အောက်ပါစံနှုန်းများနှင့် ညီညွတ်ရမည်ဟု လက်ခံထားကြပါသည်-

(က) နိုင်ငံတော်တွင် ပြဋ္ဌာန်းထားသော ဥပဒေများသည် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပေးပြီး ရှင်းလင်းလွယ်ကူမှု၊ အများပြည်သူသိရှိမှု၊ တည်ငြိမ်မှု နှင့် တရားမျှတမှု ရှိရမည်။

(ခ) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခွင့်ရှိပြီး အစိုးရအာဏာပိုင်များ၏ မလျော်ဩဇာလွှမ်းမိုးမှု ကင်းရှင်းရမည်။

(ဂ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ပြီး အမှုများတွင် ဥပဒေအရခုခံ ချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရမည်။ အမှုများကို စစ်ဆေး စီရင်ရာ၌ မလျော်ကန်သော နှောင့်နှေးကြန့်ကြာမှုများ မရှိဘဲ ပြီးစီးအောင် ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်အစိုးရနှင့် ၎င်း၏အရာရှိများ၊ ကိုယ်စားလှယ်များသည် ဥပဒေအရ တာဝန်ခံမှုရှိရမည်။

(င) အစိုးရနှင့်အစိုးရအရာရှိများ၊ တရားသူကြီးများ အားလုံးသည် အဂတိလိုက်စားမှု ကင်းရှင်းရမည်။

(စ) အစိုးရ၏ဥပဒေပြုအာဏာပိုင်များ၊ တရားစီရင်ရေး အာဏာပိုင်များ၊ အုပ်ချုပ်မှု အာဏာပိုင်များ၏ လုပ်ပိုင်ခွင့် အာဏာများကို ဥပဒေနှင့် ထိရောက်စွာ ကန့်သတ်ပြဋ္ဌာန်း သတ်မှတ်ထားပြီး ၎င်းတို့၏ ဆောင်ရွက်ချက်များကို စစ်ဆေး ကြပ်မတ်မှုများ ရှိရမည်။ အကျင့်ပျက်မှုများအတွက် အရေးယူမှုများရှိရမည်။

(ဆ) ပြည်သူများအကြားတွင် ဥပဒေကို သိရှိလိုက်နာနိုင်စေရန်အတွက် ပညာပေးမှုများ ဆောင်ရွက်ရမည်။

**မရှိမဖြစ်လိုအပ်**

အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းတွင် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ် လိုအပ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ ရပ်ရွာအေးချမ်း သာယာတည်ငြိမ်မှု၊ နိုင်ငံနှင့်ပြည်သူများ၊ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာမှုရှိစေရန်မှာ တရားမျှတသော ဥပဒေများရှိပြီး ထိုဥပဒေများအတိုင်း ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ Rule of Law နှင့် Rule by Law တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်အကောင်အထည်ဖော်ရမည့်အချက်များ ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေး ရှိစေရန်အတွက် ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍ အားလုံးတို့တွင် တာဝန်ရှိပါသည်။ တရားစီရင်ရေးကဏ္ဍ အနေဖြင့် မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးကို အဂတိတရားကင်းရှင်းစွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူယုံကြည်လေးစားအားကိုးသော တရားစီရင်ရေးကို ဖော်ဆောင်နိုင်ပြီး တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

## SME ချေးငွေ

**ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေနှင့် SME ချေးငွေအဖြစ် JICA ချေးငွေရယူ၍ ဆောင်ရွက်လျက်ရှိရာ ၃ နှစ်အတွင်း ကျပ်ဘီလီယံ (၆၀) ကျော် ထုတ်ချေးပေးခဲ့ပါသည်။**

**ဆက်လက်ပြီး ကျပ်ဘီလီယံ (၂၀၀) ခန့်ကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ထုတ်ချေးရန် စီစဉ်ဆောင်ရွက်ထားပါသည်။ JICA ချေးငွေအပြင် နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်မှလည်း SME ချေးငွေအဖြစ် ကျပ်ဘီလီယံ (၂၅၀) ထုတ်ချေးပေးနိုင်ရန် စီစဉ်ထားပါသည်။**

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်မြတ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင့်ဆောင်ပူဇော်

**နေပြည်တော် အောက်တိုဘာ ၁၆**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား ညောင်ရွှေမြို့ရှိ အဌဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ပင့်ဆောင်အပူဇော်ခံပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဦးဆောင်ပြီး ပင့်ဆောင်ပူဇော်သည်။ **(ယာပုံ)**



**စည်ကားသိုက်မြိုက်စွာ ကြည့်ရှုဖူးမြော်**

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်ဇနီး၊ ဦးအုန်းမောင်နှင့်ဇနီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လင်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုဖူးမြော်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဖောင်တော်ဆိုက်ပြာသာဒ်ဆောင်သို့ ကရဝိတ်ဖောင်တော်ဖြင့်ရောက်ရှိလာသည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ညောင်ရွှေမြို့အတွင်း လှည့်လည်ပူဇော်ခံပြီး အဌဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ပင့်ဆောင်မည့် ဘော်ယာဉ်ပေါ်သို့ အသီးသီးပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ယှဉ်ပြိုင်လှော်ခတ်မှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၄၆ တက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသားရာကျော်လှေ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုပေးပွဲကိုကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကေလာအသင်းနှင့် ဒုတိယဆုရရှိသည့် ရွှေပြည်သာအသင်းတို့ကို ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများအား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက အမျိုးသမီး ၂၆ တက် လှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မိုင်းသောက်အင်းအသင်းနှင့် ဒုတိယဆုရရှိသည့် အိုင်ထောင့်ကြီးအသင်းကို ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများအား လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ရေသာအင်းအသင်းနှင့် လယ်သစ်အောက်အသင်း၊ အမျိုးသား ၄၆ တက် လှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ဝမ်းဘဲအင်းကျေးရွာနှင့် ရေသာကုန်းကျေးရွာအသင်း၊ အမျိုးသား ၄၆ တက် လှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကေလာအသင်းနှင့် ဒုတိယဆုရရှိသည့် ရွာကြီးတောင်အသင်း၊ တစ်ဦးချင်းလှေလှော်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုရရှိကြသူများ၊ တစ်ဦးချင်းလှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် တာဝန်ရှိသူများက ဆွမ်းပို့လှေအဖွဲ့ သုံးဖွဲ့၊ လှေယဉ်ဆုနှင့် ယဉ်ကျေးမှုဆုရရှိသူများကို ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အင်းလူမှုရေးအသင်းမှ ဒေါက်တာသန်းဝင်းနှင့် အင်းစာပေယဉ်ကျေးမှုအဖွဲ့မှ ဦးတင်အောင်ကျော်တို့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပုံတူသစ်သားပန်းပုကားချပ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ခေတ္တကိန်းဝပ်စံပယ်တော်မူမည့် အဌဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ရောက်ရှိကြပြီး အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်းများကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် ကန်ကြီးပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာဝံသ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

**အင်းလေးကန်တိမ်ကောမှုမရှိစေရေး**

ဆက်လက်ပြီး ဟူပင်ဟိုတယ်ရှိအစည်းအဝေးခန်းမတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အင်းလေးကန်ဆိုင်ရာအချက်အလက်များ၊ အင်းလေးကန်တိမ်ကောမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဆွေးနွေးအကြံပြုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အင်းသားလှေလှော်ပြိုင်ပွဲတွင် အသုံးပြုရန်လိုအပ်သည့် ၄၆ တက်လှော် ပြိုင်ပွဲဝင်လှေများ တည်ဆောက်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကလှူဒါန်းသော အလှူငွေကျပ်သိန်း ၃၆၀ ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး IFES နှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် International Foundation for Electoral Systems (IFES) အဖွဲ့မှ Regional Director for Asia-Pacific , Mr. Vasu Mohan အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ဆက်လက်ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက IFES နှင့် ၂၀၁၃ ခုနှစ်မှ စတင်ကာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပြီး IFES အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများပို့ချခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း၊ နိုင်ငံတကာရွေးကောက်ပွဲများ လေ့လာခြင်း၊ မဟာဗျူဟာစီမံကိန်းများ ရေးဆွဲခြင်း စသည့်လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးနေမှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် IFES နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်တို့ကို ရှင်းလင်းပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် Mr. Vasu Mohan က IFES အဖွဲ့အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်သွားမည့်အခြေအနေ၊ အမုန်းစကားပြန့်ပွားမှု၊ အငြင်းပွားမှုနှင့် စပ်လျဉ်း၍ သုတေသနဆောင်ရွက်ထားရှိမှု၊ IFES မှ ပြုစုထားသည့် ရွေးကောက်ပွဲများ၌ တွေ့ကြုံရသည့် အမုန်းစကားကို တိုက်ဖျက်ခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာများ (IFES စက္ကူဖြူစာတမ်း) နှင့်စပ်လျဉ်းပြီး တင်ပြဆွေးနွေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## 2018 Joint Country Portfolio Review ဆိုင်ရာ Kick-off Meeting ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကမ္ဘာ့ဘဏ်(WB)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ပူးပေါင်း၍ ရေးဆွဲထားသည့် Joint Action Plan (JAP) ၂၀၁၈ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို လေ့လာသုံးသပ်မှုများပြုလုပ်ရန်အတွက် Joint Country Portfolio Review (JCPR) ဆိုင်ရာ Kick-off Meeting ကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် တက်ရောက်သည်။

အစည်းအဝေးတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကြုံတွေ့နေရသော အခက်အခဲများ (Implementation Constraints) နှင့်ပတ်သက်၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများ (Executive Agencies / Implementation Agencies) နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သည့် ကမ္ဘာ့ဘဏ်(WB)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့အကြား နှစ်ဦးနှစ်ဖက် အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့မှ စုစုပေါင်းကိုယ်စားလှယ် ၄၅ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာခရီးသွားဝန်ဆောင်မှု လုပ်ငန်းပြပွဲ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းနှင့် ပြည်တွင်းခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး Myanmar Tourism Federation(MTF) နှင့် Myanmar China Friendship Assocation(MCFA) တို့၏ ကူညီပံ့ပိုးမှုဖြင့် နိုင်ငံတကာခရီးသွားဝန်ဆောင်မှု လုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ (International Tourism Expo Myanmar - ITEM 2018) ပွဲကို ရန်ကုန်မြို့တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲမှာ Tourism အောက်မှာ အကျုံးဝင်တဲ့ ဟိုတယ်တွေ၊ ခရီးသွားအေးဂျင့်တွေ ၊ လေကြောင်းလိုင်းတွေ၊ အာမခံလုပ်ငန်းတွေအပြင် ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ တခြားအဖွဲ့အစည်းတွေရဲ့ပြခန်းတွေကိုပါ ခင်းကျင်းပြသသွားမယ်။ ပြပွဲလာရောက်သူတွေအတွက် အကျိုးကျေးဇူးများစွာရရှိမှာဖြစ်ပါတယ်" ဟု Travel Support ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးနွေမိုးအောင်က ပြောသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများ၊ ဘဏ်နှင့်အာမခံလုပ်ငန်းများ၊ ဟိုတယ်များ၊ အပျော်စီးသင်္ဘောကုမ္ပဏီများ၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ၊ ခရီးသွားခြင်းနှင့်ဆက်စပ်နေသော ပစ္စည်းရောင်းချသည့် ကုမ္ပဏီများ၊ ကားဝန်ဆောင်မှုကုမ္ပဏီများနှင့် တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီများမှ မိမိတို့၏ဝန်ဆောင်မှုများကို ခရီးသွားများ သိရှိစေရန် ဝင်ရောက်ပြသသွားမည် ဖြစ်သည်။

ခရီးသွားဝန်ဆောင်မှု ပြပွဲများ ပြုလုပ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေခြင်း၊ ခရီးသွားနှင့် ဆက်နွှယ်နေသည့် ပြည်တွင်းစီးပွားရေး ကဏ္ဍအသီးသီးတွင်လည်း ပိုမိုဖွံ့ဖြိုး တိုးတက်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း၊ မြန်မာ့ရေမြေသဘာဝ အလှအပများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကိုလည်း နိုင်ငံတကာမှ ပိုမိုသိရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာခရီးသွားဝန်ဆောင်မှု လုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ (InternationalTourism Expo Myanmar-ITEM 2018) ပွဲ၌ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် ပြခန်းပေါင်း ၁၀၀ ကျော်အား ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် သုတေသနဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် သုတေသနဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း) က အဖွင့်အမှာစကားပြောကြားပြီး ဦးသန်းအုန်း (မောင်ဇေယျာ)က သုတေသနဖွံ့ဖြိုးရေးစာတမ်း ဖြစ်မြောက်ရေး လုပ်ငန်းတာဝန်များနှင့် စာတမ်းများ အချိန်မီရရှိရေးတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

သုတေသနဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အနော်ရထာလမ်းနှင့် ၄၆ လမ်းထောင့်ရှိ စတူဒီယိုခန်းမ၌ ကျင်းပမည်ဖြစ်ပြီး စာတမ်းပေါင်း လေးစောင်ဖတ်ကြားမည် ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်အေး(မြန်မာစာအဖွဲ့ဝင်)က "မြန်မာနိုင်ငံတွင် ဘာသာစာပေသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံ"စာတမ်း၊ ဦးဇော်အောင် (ဖွံ့ဖြိုးရေးသုတေသီ)က "မြန်မာနိုင်ငံတွင် သုတေသနစွမ်းရည် ပြန်လည်ဖွံ့ဖြိုးရှင်သန်ရေး" စာတမ်း၊ ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း)က "အမိန့်တော်များထဲမှ မင်းတုန်းမင်းလက်ထက် တရားစီရင်ရေး" စာတမ်း၊ ဒေါက်တာတိုးလှ (ဒုတိယဥက္ကဋ္ဌ-၂၊ မြန်မာ့သမိုင်းအဖွဲ့ဝင်) နှင့် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်) မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့က "မြန်မာနိုင်ငံသုတေသနအသင်း ပြန်လည် ဖွဲ့စည်းခြင်းနှင့် အလားအလာ" စာတမ်းများကို အတည်ပြုခဲ့သည်။

စာတမ်းဖတ်ပွဲနှင့်အတူ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သော သုတေသနဂျာနယ်နှင့် စာအုပ်စာတမ်းများပြပွဲကိုလည်း စီစဉ်ပြသထားမည်ဖြစ်ကြောင်း သိရသည်။ **ဥမ္မာသန့်**

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင် ပါဝင်သည့် မြို့နယ်များ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရန် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကို အခြေခံ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပြုစုစိစစ်ခဲ့ပါသည်။ ပြုစုစိစစ်ပြီး မဲဆန္ဒရှင်စာရင်းကို ပထမအကြိမ်အဖြစ် ၉-၇-၂၀၁၈ ရက်နေ့မှ ၂၂-၇-၂၀၁၈ ရက်နေ့အထိ လည်းကောင်း၊ နောက်ဆုံးအကြိမ်အဖြစ် ၁-၁၀-၂၀၁၈ ရက်နေ့မှ ၁၄-၁၀-၂၀၁၈ ရက်နေ့အထိ လည်းကောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများမှလည်း လိုအပ်သည့် တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသည်။

၂။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမည့်သူများအနက် အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း မှတ်ပုံတင် အစရှိသည့် အထောက်အထားများ ပျောက်ဆုံး/ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲစာရင်းတွင်ပါဝင်သည့် မဲဆန္ဒရှင် အမှန်ဖြစ်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ကို မဲရုံ၌ မဲရုံမှူးထံ တစ်ပါတည်းတင်ပြ၍ ဆန္ဒမဲပေးနိုင်ပါသည်။

၃။ အကယ်၍ ထောက်ခံချက်ကို မတင်ပြနိုင်ခဲ့သော်လည်း ထိုသူသည် မဲစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်အမှန်ဖြစ်ကြောင်း မဲရုံ၌ တာဝန်ခံ၍ ပြောဆိုနိုင်ခဲ့သူရှိလျှင်လည်း ဆန္ဒမဲပေးနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ယောက်၏ မူလအခွင့်အရေး မဆုံးရှုံးစေရန်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့သွားရောက်၍ ဆန္ဒမဲပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## စက်တင်ဘာလအတွင်း ပြည်ပတရားဝင်အလုပ် ၂၂၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၁၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရ အလုပ်အကိုင် ၅၃၅ ဦး၊ ပုဂ္ဂလိက အလုပ်အကိုင် ၂၀၅၄၈ ဦး စုစုပေါင်း ၂၁၀၈၃ ဦးကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့သည်။

ထို့ပြင် စက်တင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၃၃၄၀ ၊ စင်ကာပူနိုင်ငံသို့ ၁၆ ဦး၊ ကိုရီးယားနိုင်ငံသို့ ၄၆၅ ဦး၊ ထိုင်းနိုင်ငံသို့ ၁၈၅၄၃ ဦး၊ ဂျပန်နိုင်ငံသို့ ၃၆၉ ဦး၊ ယူအေအီးသို့ ကိုးဦး၊ ကာတာနိုင်ငံသို့ လေးဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၇ ဦး စုစုပေါင်း ၂၂၇၆၃ ဦးကို အလုပ်အကိုင်ရရှိရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁၆**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) ၁၃၈၀-၁၃၈၁ ခု၊ ပညာသင်နှစ်တွင် သာသနတက္ကသီလဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ(၁၀)ဝါအောက် ရှိရမည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော် (၃၅)နှစ်၊ သိက္ခာ(၁၅)ဝါအောက်ရှိ အရှင်မြတ်များ လျှောက်ထားနိုင်ပါကြောင်း သိရသည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ (၅)ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ (၅)ပုစ္ဆာ၊ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ (၅) ပုစ္ဆာနှင့် အထွေထွေဗဟုသုတ (၅) ပုစ္ဆာ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်းနှစ်ရက် ဖြေဆိုကြရမည်ဖြစ်သည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ) အဓိပ္ပါယတ္တ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀) ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀) ပုစ္ဆာဖြေဆိုရမည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေးမည်ဖြစ်ပြီး ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး၊ (ဖုန်း၊ ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈၊) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး၊ ဖုန်း၊ ၀၂-၆၆၉၀၁၊ ၀၉-၂၀၃၅၅၇၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



## ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတြားကြီး နတ်ပြည်စံသက် နှစ်(၁၄၀)မြောက် မတကဘတ်ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၆**

ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတြား နတ်ပြည်စံသက် နှစ်(၁၄၀)မြောက် အဖြစ် မင်းတြားကြီးအား ရည်မှန်း၍ လှူဒါန်းခြင်းဖြစ်သော မတကဘတ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့်အတူ ဝါတော်ကြီး၊ သက်တော်ကြီးသော ဆွေတော်မျိုးတော်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် နန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်၌ ကျင်းပသည်။

အခမ်းအနားသို့ မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒဘိဝံသအရှင်သူမြတ်အမှူးပြုသော ပင့်သံဃာတော် ၆၅ ပါး၊ မင်းတုန်းမင်းတြားကြီးနှင့် အိမ်ရှေ့စံကနောင်မင်းတို့၏ သက်ရှိထင်ရှားကျန်ရှိသော သက်တော် ၇၀ အထက် ပူဇော်ကန်တော့ခံများမှ ၂၁ ပါး၊ မဟာသုသီရိဓမ္မာရာဇာ သုံးဆယ်မင်းသားကြီးနှင့် သီရိစိတ္တဝတီဘွဲ့ခံ ရန်အောင်မြင် ထိပ်ခေါင်တင်တို့၏ မြစ်တော်သုံးဆယ် ထိပ်တင်ဦး၊ သုံးဆယ်ထိပ်တင်သန်း၊ ဒေါက်တာစိုင်းဝင်းမြင့်+ ဒေါ်ကေသီထွန်းရှိန် (သုံးဆယ်မင်းသားကြီးတီတော်) မက္ခရာ အောင်ဇေယျ + မဌေးဌေးအောင်၊ ဦးဟန်မြ+ဒေါ်ခင်စန်းညွန့် ပြင်စည်စုဘုရား (သုပဘာဝတီ) ထိပ်တင်သောင်း၊ ဒေါ်စပယ်၊ ထိပ်တင်နှင်း၊ ထိပ်တင်ငြိမ်းငြိမ်း၊ ထိပ်တင်အောင်၊ မင်းမောင်မောင်၊ ထိပ်တင်မင်းပိုင်၊ မြတ်နုသွေး၊ နှင်းဖြူဖြူဖွေးနှင့် ဆွေတော်မျိုးတော်များ၊ ကုန်းဘောင်ဆက်မောင်နှမများ တက်ရောက်ခဲ့ကြသည်။


အခမ်းအနားတွင် မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ဆွေတော်မျိုးတော်အပါင်းက ငါးပါးသီလခံယူစောင့်တည်ခဲ့ကြပြီးနောက် ထိပ်တင်အောင်က ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတြားနတ်ပြည်စံသက်နှစ် (၁၄၀) မြောက် မတကဘတ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားနှင့် ဝါတော်သက်တော်ကြီးသော ဆွေတော်မျိုးတော်များအား ပူဇော်ကန်တော့ပွဲ ကျင်းပသည့်အကြောင်းများ လျှောက်ထားတင်ပြသည်။

ဆက်လက်၍ မိုးတားကျောင်း၊ အနောက်ခင်မကန် ဆရာတော်ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဋ္ဌသကာဘဒ္ဒန္တသူရိယာ ဘိဝံသထံမှ ဩဝါဒကထာနာယူ၍ ဆွေတော်မျိုးတော်များ စုပေါင်းပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ လှူဒါန်းမှုအစုစုအတွက် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအရှင်သူမြတ်ထံမှ ရေစက်ချတရားနာယူပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆွေတော်မျိုးတော်များက ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းတော်များ စုပေါင်းလောင်းလှူခဲ့ပြီး **(အပေါ်ပုံ)** ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကို ဧည့်ခံကျွေးမွေးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ဆွေတော်မျိုးတော်များ သက်တော် ၇၀ နှင့်အထက် ပူဇော်ကန်တော့ခံ မင်းတုန်းမင်းတြားကြီး၏ မြစ်တော် ၁၉ ပါး၊ အိမ်ရှေ့စံကနောင်မင်း၏ မြစ်တော် ၇ ပါး၊ မင်းတုန်းမင်းတြားကြီး၏ တီတော် ၂၆ ပါး၊ အိမ်ရှေ့စံကနောင်မင်း၏ တီတော် အပါး ၂၀ စုစုပေါင်း ဆွေတော်မျိုးတော် ၇၂ ပါးကို အစဉ်အလာအတိုင်း ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**




ဇာစ်မြစ် ။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် စစ်တွေမြို့ သက္ကေပြင် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှု

**စစ်တွေ အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ သက္ကေပြင် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် သက္ကေပြင် ကယ်ဆယ်ရေးစခန်းအတွင်း နေထိုင်ကြသူများနှင့်လည်းကောင်း၊ စစ်တွေမြို့အောင်မင်္ဂလာရပ်ကွက်ရှိ ဒေသခံများနှင့်လည်းကောင်း တွေ့ဆုံသည်။

သက္ကေပြင်ကယ်ဆယ်ရေးစခန်းသည် ၂၀၁၂ ခုနှစ်မှ စတင်တည်ရှိခဲ့ပြီး လက်ရှိတွင် အိမ်ထောင်စုတစ်ထောင်ကျော်၊ လူဦးရေ ခြောက်ထောင်ခန့်ရှိကြောင်း သိရသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**ကျော်ရဲအောင်**



## မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့် ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆**

မောင်တောမြို့နယ် နယ်မြေ(၃)၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (တောင်ပြိုယာ) မှ ရဲအုပ်မြတ်ဇော်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) BGB တပ်ရင်း Rejua-mtoli ကင်းစခန်းမှ Naib Subedar Md. Abdul Jalil ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၃၉)မှ (၄၀)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ကြသည်။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်က မောင်တောမြို့နယ်မြေ(၅)၊ အမှတ် (၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ ခွဲ ငါးခူရနယ်မြေရုံးမှ ရဲမှူးကျော်ဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၁) နှင့် (၀၀၄) နှစ်စင်းဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB (2) မှ Subedar Aloy Sious ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့်လည်းကောင်း စံပယ်ပင်ရင်းချောင်းဝထိပ် နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံနယ်နိမိတ် အနီး ရေမိုင်အမှတ်(၁၁)၌ တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ နံနက် ၁၁ နာရီတွင် ပြူးမချောင်းဝအနီး ရေမိုင်အမှတ်(၁၄)နှင့် (၁၅) ကြားသို့ ရောက်ရှိ၍ ရေယာဉ်အမှတ်(၀၀၄)ပေါ်၌ နှစ်ဖက် ညှိနှိုင်းကင်းလှည့်သည့် အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

**စာအုပ်**
**စာပေ**
**လူ့**
**မိတ်ဆွေ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# စီမံကိန်းအတွက် ဂျပန်အစိုးရမှ မြန်မာအစိုးရကို ချေးငွေယန်း ၁၅ ဘီလီယံကျော်၊ မြန်မာကျပ်ငွေအနေနဲ့ ခန့်မှန်းဘီလီယံ ၁၈၀ ကျော်ကို အရင်းဆိုင်းငံ့ကာလ ၁၀ နှစ် အပါအဝင် နှစ် ၄၀ ထုတ်ချေးပေးမှာဖြစ်ပါတယ်

ဒေါ်သက်သက်လွင်
(လက်ထောက်မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)

## လယ်ယာကဏ္ဍနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကူညီဖြည့်ဆည်းပေးလျက်ရှိသော JICA နှစ်ဆင့်ချေးငွေနှင့်ပတ်သက်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကျင်းပ

**လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသော ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှစ်ဆင့်ချေးငွေနှင့်ပတ်သက်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဒေါ်သက်သက်လွင် (လက်ထောက်မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)၊ ဦးဝင်းဌေးဦး (မြို့နယ်မန်နေဂျာ၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ တပ်ကုန်းမြို့နယ်ဘဏ်ခွဲ)၊ ဦးနိုင်ဦး (ဒါရိုက်တာ၊ Farmer Choice Co.,Ltd.)နှင့် တောင်သူကြီး ဦးခင်မောင်လွင် (ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာ) တို့က ပါဝင်ဆွေးနွေးကြသည်။**
**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-**



**အစီအစဉ်မှူး။** ။**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ JICA ချေးငွေအထောက်အပံ့နဲ့ လယ်ယာကဏ္ဍနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေး** JICA Two Step Loan **အဆင့်နှစ်ဆင့်ချေးငွေစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒီစီမံကိန်းနဲ့ပတ်သက်ပြီး အရင်ဆုံးရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်သက်သက်လွင်။** ။JICA Two Step Loan အဆင့် နှစ်ဆင့်ချေးငွေစီမံကိန်းကို ဂျပန်အစိုးရနဲ့ မြန်မာအစိုးရ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ စီမံကိန်းအတွက် ဂျပန်အစိုးရမှ မြန်မာအစိုးရကို ချေးငွေယန်း ၁၅ ဘီလီယံကျော်၊ မြန်မာကျပ်ငွေအနေနဲ့ ခန့်မှန်း ဘီလီယံ ၁၈၀ ကျော်ကို အရင်းဆိုင်းငံ့ကာလ ၁၀ နှစ် အပါအဝင် နှစ် ၄၀ ထုတ်ချေးပေးမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူသို့ ထုတ်ချေးပေးနေတဲ့ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားအတိုင်း တစ်နှစ်လျှင် အတိုးနှုန်း ၈ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်တဲ့ စီမံကိန်းဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေကိုသာ ထုတ်ချေးပေးလျက်ရှိပါတယ်။ တစ်ဦးချင်း ချေးငွေအနေနဲ့ ဧက ၅၀ အထိ လုပ်ကိုင်သော တောင်သူတွေ ချေးငွေလျှောက်ထားနိုင်ပြီး အစုအဖွဲ့ အနေနဲ့ တောင်သူ သုံးဦးမှ ၁၀ ဦး အထိပါဝင်သော အစုအဖွဲ့နဲ့ ချေးငွေလျှောက်ထားနိုင်ပါတယ်။ သုံးဦးနှင့်အထက် ဖွဲ့စည်းသော အစုအဖွဲ့တွေမှာ ဧက ၅၀ အထက် လုပ်ကိုင်သူ တောင်သူလယ်သမားတစ်ဦး (သို့မဟုတ်) လယ်ယာ မြေလုပ်ကိုင်ခြင်း မရှိသူတစ်ဦး (သို့မဟုတ်) ၎င်းတို့ နှစ်ဦးစလုံး ပါဝင်၍ ထည့်သွင်းဖွဲ့စည်းနိုင်ပါတယ်။

**အစီအစဉ်မှူး။** ။**တောင်သူဖြစ်တဲ့ ဦးခင်မောင်လွင်တို့အနေနဲ့ လယ်ယာလုပ်ငန်းအတွက် ချေးငွေလိုအပ်ချက်တွေရှိပါသလား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က** JICA **ချေးငွေတွေ ချေးပေးနေပြီဆိုတော့ ချေးငွေတွေ ချေးယူရတာအဆင်ပြေသလားဆိုတာ ရှင်းပြပေးပါ။**

**ဦးခင်မောင်လွင်။** ။ကျွန်တော်တို့ တောင်သူတွေဆိုတာ ဘိုးဘွားလက်ထက်ကတည်းက ကျွဲ၊ နွားနဲ့ ထွန်ယက်ပြီး စိုက်ပျိုးလုပ်ကိုင်လာတာပါ။ ကျွဲ၊ နွားနဲ့ လုပ်တဲ့အခါမှာ လုပ်ငန်းက ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်တဲ့အတွက်ကြောင့် ပိုလျှံတဲ့ငွေဟာ များများစားစား မရရှိခဲ့ပါဘူး။ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ဖို့ဆိုရင် ထွန်စက်တို့ ရိတ်သိမ်းစက်တို့ စတဲ့ လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ဖို့အတွက် ချေးငွေက လိုအပ်ပါတယ်။

မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာက JICA Two Step Loan နဲ့ တောင်သူတွေအတွက် လယ်ယာသုံးစက်ကိရိယာတွေကို နှစ်တို/ နှစ်ရှည် အရစ်ကျချေးပေးသွားမယ်ဆိုတဲ့ အကြောင်း ကြေညာပေးတဲ့အခါ ကျွန်တော်တို့ လိုအပ်တဲ့ ချေးငွေရမှာဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

အဲဒီချေးငွေအတွက် ဘဏ်မန်နေဂျာနဲ့ သွားရောက်တွေ့ဆုံပြီး လိုအပ်တဲ့ အချက်အလက်တွေ မေးမြန်းပါတယ်။ ပြီးတော့ အဓိကလိုအပ်နေတဲ့ ထွန်စက်ကြီး တစ်စီးဝယ်ယူဖို့အတွက် ချေးငွေလျှောက်ထားခဲ့ပါတယ်။ ချေးငွေရတော့ ထွန်စက်တစ်စီး ဝယ်ယူနိုင်ခဲ့ပါတယ်။ ဝယ်ယူဖို့ အခက်အခဲ မရှိခဲ့ပါဘူး။ ကျွန်တော်တို့ဘက်က ပိုင်ဆိုင်မှု အထောက်အထားနဲ့ ပုံစံ (၇) တင်ပြရပါတယ်။ အဲဒါလည်း မရှိတာကို အရှိလုပ်ပြရတာ မဟုတ်ဘဲ အရှိအတိုင်း တင်ပြရတာဖြစ်တဲ့အတွက် ဘာမှ အခက်အခဲမဖြစ်ပါဘူး။

နောက်တစ်ခါ အိမ်ဝိုင်းပိုင်ဆိုင်ကြောင်းကို ကွင်းဆင်းစစ်ဆေးတဲ့အဖွဲ့တွေ ရောက်ရှိလာပြီး ကျွန်တော်တို့ရဲ့ ဝင်ငွေတွေ တွက်ချက်တယ်။ မိသားစုအခြေအနေတွေ မေးမြန်းတယ်။ ပိုင်ဆိုင်ကြောင်း အထောက်အထားတွေ စစ်ဆေးပြီးယူသွားတယ်။ အဲဒါတွေ စစ်ဆေးပြီး အောင်မြင်တယ်ဆိုမှ ကျွန်တော်တို့ကို ထုတ်ချေးပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ကိုယ့်အတိုင်းအတာနဲ့ ကိုယ်လိုချင်တာကိုရတဲ့အတွက် ဘာမှအခက်အခဲမရှိပါဘူး။

**ဦးဝင်းဌေးဦး။** ။ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးချင်တာ ရှိပါတယ်။ ချေးငွေကို တောင်သူသို့ ငွေသားထုတ်မပေးပါဘူး။ သူတို့ဝယ်တဲ့ သက်ဆိုင်ရာ ကုမ္ပဏီသို့ တိုက်ရိုက်ပေးချေတာဖြစ်ပါတယ်။ တောင်သူကို ကုမ္ပဏီကနေ စက်ထုတ်ပေးပြီးမှ ပေးချေတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**ဒီနေရာမှာ တချို့ အပြည့်အစုံမသိတော့ ကုမ္ပဏီနဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့က ညွှန်ပြတဲ့စက်တွေကိုသာ ဝယ်ရတယ်လို့ ဝေဖန်ကြတာရှိပါတယ်။ တချို့ တောင်သူတွေအနေနဲ့ သူတို့လိုချင်တဲ့ စက်ကိုရော ဝယ်ခွင့်ရရဲ့လား။ အဲဒီဟာကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဦးခင်မောင်လွင်။** ။ချေးငွေကို JICA က အရစ်ကျ နှစ်တို၊ နှစ်ရှည် ချေးပေးတယ်ဆိုတာ ကြားလိုက်တာနဲ့ ကျွန်တော်တို့က ကိုယ်ကြိုက်တဲ့ကုမ္ပဏီက စက်ဈေးနှုန်းတွေကို လေ့လာပါတယ်။ ဈေးနှုန်းနဲ့ ပတ်သက်ပြီးတော့ အတည်လားမေးတော့ လောလောဆယ် ရောင်းဈေးကတော့အတည်ပါပဲ။ ဒါပေမယ့် ဈေးနှုန်းက အတက်အကျရှိတယ်။ ကုမ္ပဏီအနေနဲ့ ပေါက်ဈေးကို အခုပြောလိုက်ပေမယ့် တောင်သူတွေ ချေးငွေရတဲ့အချိန်ကျရင် ဈေးနှုန်းက တက်ချင်တက်နေမယ်။ ကျချင် ကျနေမယ်။ အဲဒါကြောင့် ဈေးနှုန်းကိုတော့ အတည်ပြောလို့ မရဘူးဆိုတဲ့ အကြောင်း ကုမ္ပဏီကရှင်းပြတယ်။ ကျွန်တော်တို့ ကြိုက်တဲ့စက်ကို ဝယ်ယူခွင့်ရခဲ့ပါတယ်။

**အစီအစဉ်မှူး။** ။**အဲဒါနဲ့ ပတ်သက်လို့ စက်ရောင်းပေးတဲ့ ကုမ္ပဏီအနေနဲ့ကရော ကျယ်ကျယ်ပြန့်ပြန့် ဘယ်လိုတွေလုပ်ဆောင်ပေးရတယ်ဆိုတာကို ရှင်းပြပေးပါဦး။**

**ဦးနိုင်ဦး။** ။ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့က အိန္ဒိယနိုင်ငံကထုတ်တဲ့ ထွန်စက်ကြီး အမျိုးအစားတွေကို တင်သွင်းရောင်းချပေးနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့က ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပခုက္ကူတို့မှာ အရောင်းဌာနတွေ ဖွင့်လှစ်ပြီးတော့ Service Center တွေလည်း ဖွင့်လှစ်ပေးထားပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့က Sale၊ Service၊ Spare part ဆိုတဲ့ အပိုင်းသုံးပိုင်းကို ဟန်ချက်ညီအောင် အထူးအလေးထားပြီးတော့ ဝန်ဆောင်မှုကို တောင်သူတွေဆီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ကုမ္ပဏီစတည်ထောင်ချိန်ကနေ ယနေ့အချိန်အထိဆိုရင် ထွန်စက်အစီးရေ ၄၅၀၀ ကျော်နဲ့ တွဲဖက်သုံးစက်ကိရိယာ ၈၀၀၀ ကျော်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဖြန့်ဖြူးရောင်းချပေးပြီးလည်းဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့က လက်ငင်းရောင်းချပေးတဲ့စနစ်နဲ့၊ ရိုးမဘဏ်နဲ့ ချိတ်ဆက်ပြီးတော့ နှစ်နှစ်ဆိုင်း၊ သုံးနှစ်ဆိုင်း စနစ်တွေနဲ့ ရောင်းချပေးနေပါတယ်။ ဒီလိုရောင်းချတဲ့နေရာမှာ တောင်သူတွေအနေနဲ့ လက်ငင်းပေးချေဖို့အတွက် ငွေကြေးအခက်အခဲရှိတာတွေ ဖြစ်ပေါ်နေပါတယ်။ ကုမ္ပဏီအနေနဲ့ကလည်း အရစ်ကျရောင်းချပေးတဲ့အတွက် ငွေကြေးဆုံးရှုံးမှုတွေ ကြုံတွေ့နေရပါတယ်။

အခု JICA Two Step Loan မှာတော့ တောင်သူတွေအနေနဲ့က ချေးငွေရဲ့ ၃၀ ရာခိုင်နှုန်းသာ ကနဦး စုဆောင်းရမှာဖြစ်ပါတယ်။ အတိုးနှုန်းကလည်း တစ်နှစ်ကိုမှ ၈ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အခြားဘဏ်တွေထက် သက်သာမှုရှိပါတယ်။ ၅ နှစ်အရစ်ကျ ပေးဆပ်ရမှာဖြစ်တဲ့အတွက် ပြန်လည်ပေးဆပ်ရမယ့်အချိန်လည်း ပိုမိုရရှိလာမှာဖြစ်ပါတယ်။

JICA Two Step Loan Project ဟာ တောင်သူအတွက်သာမက ကုမ္ပဏီအတွက်ကိုပါ စက်တန်ဖိုးငွေ လက်ငင်းရရှိတဲ့အတွက် ဆုံးရှုံးမှုမရှိလို့ တောင်သူနဲ့ ကုမ္ပဏီနှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ စီမံကိန်းဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့လည်း စက်ကိုဘယ်ကုမ္ပဏီကနေဝယ်ရမယ်လို့ သတ်မှတ်ထားခြင်းမရှိဘဲ မိမိကြိုက်တဲ့စက်ကို ရွေးချယ်ခွင့်ရှိတဲ့အတွက် Two Step Loan Project ဟာ တောင်သူရော၊ ကုမ္ပဏီရော၊ နိုင်ငံအတွက်ပါ အကျိုးရှိတဲ့ စီမံကိန်းဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။JICA Two Step Loan **အကောင်အထည်ဖော် ဆောင်ရွက်နေမှုနဲ့ ထုတ်ချေးနေမှုအခြေအနေကိုလည်း ဦးဝင်းဌေးဦးက အားလုံးသိအောင် ဆွေးနွေးပေးပါ။**

**ဦးဝင်းဌေးဦး။** ။တောင်သူကြီး ဦးခင်မောင်လွင် ပြောသလိုပဲ ကိုယ်ကြိုက်နှစ်သက်တဲ့ စက်အမျိုးအစားကို လေ့လာစုံစမ်းပြီးလို့ သိပြီဆိုရင် ကျွန်တော်တို့ရုံးကို ချေးငွေရရှိရေးအတွက် လာပြီးတော့ အဆိုပြုရပါတယ်။ အဲဒီလို အဆိုပြုပြီးရင် တောင်သူရဲ့ဝင်ငွေ၊ သုံးငွေ၊ ပိုင်ဆိုင်မှုအနေအထား၊ သူလုပ်ငန်းလုပ်မယ့် အနေအထားဒါတွေကို ဘဏ်က ကနဦး စုံစမ်းပါတယ်။ စုံစမ်းပြီးရင် ဝင်ငွေ သုံးငွေပေါ်မှာမူတည်ပြီးတော့ Credit Appraisal တွက်တယ်။

တွက်ပြီးတဲ့အခါ လုံလောက်မှုရှိတယ်ဆိုရင် ကျေးရွာအရောက် ကွင်းဆင်းပြီး အာမခံခိုင်လုံမှု ရှိ/မရှိ၊ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ ကွင်းဆင်းပြီး စစ်ဆေးတယ်။ စစ်ဆေးပြီးလို့ မှန်ကန်မှုရှိတယ်ဆိုရင် တောင်သူတို့ဆီက ပုံစံ(၇)နဲ့ ပိုင်ဆိုင်တဲ့ မြေကွက်တွေကို ထပ်စစ်တယ်။ ပြီးပြီဆိုရင် ချေးငွေရဲ့ ၃၀ ရာခိုင်နှုန်းကို ဘဏ်မှာ စုဆောင်းငွေအဖြစ် သွင်းခိုင်းတယ်။ စုဆောင်းငွေအပေါ်မှာ ဘဏ်က အတိုးပြန်ပေးပါတယ်။ စုဆောင်းငွေ စုပြီးပြီဆိုရင် ကျေးရွာအဆင့် ချေးငွေစစ်ဆေးရေးအဖွဲ့မှ လိုအပ်တဲ့ စစ်ဆေးထောက်ခံမှုတွေကို အပြည့်အစုံတောင်း ယူပါတယ်။ ယူပြီးရင် ထောက်ခံချက်၊ ကာယကံရှင် အဆိုပြုထားတဲ့ အဆိုပြုလွှာ၊ အာမခံတင်သွင်းထားတဲ့ အထောက်အထားတွေ အားလုံးစစ်ဆေးပြီး မြို့နယ်ချေးငွေကြီးကြပ်အဖွဲ့ကို တင်ပြရပါတယ်။ မြို့နယ် ချေးငွေကြီးကြပ်အဖွဲ့က ထပ်ဆင့်စစ်ဆေး ပြီးတဲ့အခါ တိုင်းဒေသကြီး ဘဏ်ခွဲကို ဆက်လက်တင်ပြရပါတယ်။

တိုင်းဒေသကြီးဘဏ်ခွဲက ထပ်ဆင့်စစ်ဆေးပြီး တိုင်းဒေသကြီး ချေးငွေကြီးကြပ်အဖွဲ့ကို ဆက်လက်တင်ပြရပါတယ်။ စိစစ်ပြီးလို့ အားလုံးပြည့်စုံပြီဆိုရင် ရုံးချုပ်ကို တိုင်းဒေသကြီးဘဏ်ခွဲက တစ်ဆင့်အမှုတွဲတွေ ဆက်လက်တင်ပြရပါတယ်။ ရုံးချုပ်မှာရှိတဲ့ PMU အဖွဲ့၊ JICA Consultant အဖွဲ့တို့က တစ်ဦးချင်းအထောက်အထား ပြည့်စုံမှန်ကန်မှု ရှိ/ မရှိ၊ Credit Appraisal အောင်/ မအောင် ထပ်ပြီးစစ်ပါတယ်။ ရုံးချုပ် PMU အနေနဲ့လည်း Steering Committee ကို ဆက်လက်တင်ပြရပါတယ်။ Steering Committee က ခွင့်ပြုချက်ရရှိပြီးနောက် တိုင်းဒေသကြီးဘဏ်ခွဲကတစ်ဆင့် ခွင့်ပြုမိန့်ချပေးပြီး ငွေကိုတော့ မြို့နယ်ကို တိုက်ရိုက်လွှဲပို့ပေးပါတယ်။

မြို့နယ်ဘဏ်ခွဲအနေနဲ့ တိုင်းဒေသကြီးဘဏ်ခွဲက ခွင့်ပြုမိန့်နဲ့ ရုံးချုပ်က လွှဲပို့ငွေရပြီးရင် တောင်သူတွေကို ဆက်သွယ်ပြီး ဆိုင်ရာကုမ္ပဏီထံမှ စက်ထုတ်ပေးပါတယ်။ ပြီးရင် မြန်မာ့စီးပွားရေးဘဏ်မှာဖွင့်ထားတဲ့ကုမ္ပဏီရဲ့ Current Account ထဲကို စက်ဖိုး ငွေလွှဲပြောင်းပေးချေပါတယ်။

စက်လွှဲပြောင်းပြီး တောင်သူနဲ့ ဘဏ်ချေးငွေစာချုပ်ချုပ်ဆိုပါတယ်။ စက်နဲ့ တောင်သူတွဲပြီး ဓာတ်ပုံမှတ်တမ်းယူတယ်။ စက်လွှဲပေးတဲ့ အထောက်အထားတွေ ပြည့်ပြည့်စုံစုံဆောင်ရွက်ပြီးရင် တိုင်းဒေသကြီးကို ချေးငွေထုတ်ချေးပြီးတဲ့အကြောင်း ပြန်ပြီးတော့ အစီရင်ခံရပါတယ်။ တိုင်းဒေသကြီးကနေ ရုံးချုပ်ကိုဆက်ပြီး အစီရင်ခံပါတယ်။

*စာမျက်နှာ ၁၁ သို့*

**“ စီမံကိန်းမှာ တစ်ဦးချင်းချေးငွေအတွက် ကျပ်သိန်း ၅၀၀၊ အစုအဖွဲ့နဲ့ဆိုရင် ကျပ်သိန်း ၅၀၀၀ အထိ အများဆုံးထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ တောင်သူတိုင်း၊ အစုအဖွဲ့တိုင်းကို ကျပ်သိန်း ၅၀၀၊ ကျပ်သိန်း ၅၀၀၀ ပေးတာတော့ မဟုတ်ပါဘူး။ ဘယ်လောက်ချေးသင့်သလဲဆိုတာ ဆုံးဖြတ်တဲ့ Criteria တွေရှိပါတယ်။ ငွေချေးလိုသူရဲ့ လုပ်ငန်းပမာဏ၊ ချေးငွေလိုအပ်ချက်၊ သူ့ရဲ့ ပြန်လည်ပေးဆပ်နိုင်စွမ်းတို့အပေါ် မူတည်ပြီးထုတ်ချေးမယ့် ချေးငွေပမာဏကို ဆုံးဖြတ်ပါတယ်”**

# မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ အန္တိမစျာပန အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်

**ဘားအံ အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူ အထူးဒေသ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ အန္တိမစျာပန အခမ်းအနားဖြစ်မြောက်ရေးအတွက် ဘေသဇ္ဇမုနိကြေးသွန်းဘုရားတွင် အောက်တိုဘာ ၁၅ ရက်က ညှိနှိုင်းအစည်းအဝေးတစ်ရပ် ကျင်းပသည်။

အစည်းအဝေးတွင် မြိုင်ကြီးငူ တိုက်အုပ်စာချဆရာတော် ဘဒ္ဒန္တဉာဏိကနှင့် ဇွဲကပင်တောင်ဆရာတော် ဘဒ္ဒန္တကဝိဓဇတို့က အန္တိမစျာပနဖြစ်မြောက်ရေးအတွက် ဩဝါဒကထာ မိန့်ကြားတော်မူပြီး ကမ်းနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစာရက စျာပနကျင်းပပြုလုပ်မည့် ရက်မြတ်သတ်မှတ်ရန်၊ အခမ်းအနားကို စနစ်တကျပြင်ဆင်ရန်နှင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး မိန့်ကြားဆွေးနွေးကာ ပြည်နယ်မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက စျာပနဖြစ်မြောက်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ရွှေသံလွင်ကုမ္ပဏီ ဒါရိုက်တာ ဦးမောင်မောင်က ၎င်းတို့ကုမ္ပဏီအနေဖြင့် ဆရာတော်စျာပနအတွက် ငွေကျပ်သိန်း ၁၀၀၀ နှင့် စတုဒိသာ ထမင်း၊ ဟင်းများ ကျွေးမွေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ် သာသနာရေးမှူး ဦးအောင်ကြည်က ဆရာတော်စျာပနတွင် သီတဂူဆရာတော်ကြီး၏ တရားပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နယ်ခြားစောင့်တပ် ဗိုလ်မှူးကြီး စောချစ်သူက ဆရာတော်သည် မိမိတို့၏ ကျေးဇူးရှင်ဖြစ်၍ စျာပနကို တခမ်းတနားကျင်းပသွားမည်ဖြစ်ကြောင်း အသီးသီးဆွေးနွေးခဲ့ကြကာ ဆရာတော်၏ အန္တိမစျာပနရက်မြတ်အား နိုဝင်ဘာ ၂၇ ရက်ကို သတ်မှတ်ပြီး အန္တိမစျာပနကျင်းပနိုင်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် ပဏာမရွေးချယ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မန္တလေး မစိုးရိမ်တိုက်သစ်မှ သံဃာတော် ၂၈၀၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်းလျာလောင်းလှူပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ရှိ မစိုးရိမ်တိုက်သစ်ကြီးတွင် သီတင်းသုံးကြသည့် သံဃာတော် ၂၈၀၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်းလျာလောင်းလှူခြင်းနှင့် နဝကမ္မဝတ္ထုငွေ ဆက်ကပ်လှူဒါန်းခြင်းကို အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မစိုးရိမ်တိုက်သစ် ဥပတ္ထမ္ဘကအဖွဲ့ အတွင်းရေးမှူး ဦးမြဇော်ထံမှ သိရသည်။

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ရှိ မစိုးရိမ်တိုက်သစ်တွင် သီတင်းသုံးနေထိုင်တော်မူသည့် သံဃာတော်များထဲမှ စာအောင်သံဃာတော်များအား စာအောင်ဆု နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းနိုင်ရန် ငွေကျပ်သိန်းတစ်သောင်း စီမံချက်ချ၍ အလှူငွေများ လက်ခံပြီး အလှူခံရရှိငွေများကို ဘဏ်တွင် အပ်နှံပြီး ရရှိသည့် ဘဏ်တိုးငွေဖြင့် စာအောင်သံဃာတော်များအား နှစ်စဉ် စာအောင်ဆု နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများထံ စံတော်ချိန်နေ့စဉ်သတင်းစာမှ ဝန်ချတောင်းပန် ဩဝါဒခံယူပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ရွှေတိဂုံ၊ ငွေတိဂုံ၊ ဘော်တိဂုံ ဆောင်းပါးနှင့်ပတ်သက်၍ စံတော်ချိန် နေ့စဉ်သတင်းစာတိုက်မှ ဝန်ချတောင်းပန်ခြင်းနှင့် ဩဝါဒခံယူပွဲကို ယနေ့ နံနက် ၉ နာရီခွဲက စေတီတော်ရင်ပြင် ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသောင်းထိုက်က စံတော်ချိန် နေ့စဉ်သတင်းစာမှ ဝန်ချတောင်းပန်ခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြပြီး ဦးအောင်မြင့်ထွန်းက စံတော်ချိန်နေ့စဉ်သတင်းစာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ပါ ဆောင်းပါးရှင် ကောင်းဆက်နိုင် ရေးသားထားသည့်ဆောင်းပါးကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် စံတော်ချိန်သတင်းစာထုတ်ဝေသူ ဦးကိုကိုလေးက စံတော်ချိန် နေ့စဉ်သတင်းစာအနေဖြင့် ဗုဒ္ဓသာသနာတော်အပေါ် ယုံကြည်ကိုးကွယ် ဆည်းကပ်ကြသူများပီပီ နောက်နောင် ယခုကဲ့သို့ကိစ္စရပ်များ မဖြစ်ပေါ်စေရအောင် အထူးပင် ဝါယမစိုက်၍ စိစစ်ဖော်ပြပေးသွားမည်ဟု ဝန်ခံကတိပြုပါကြောင်း၊ ယခုတစ်ကြိမ် ဖြစ်ပေါ်လာခဲ့ရသော ဆောင်းပါးပါ မသင့်လျော်သော အရေးအသားများအပေါ်တွင်လည်း သည်းခံခွင့်လွှတ်ပေးတော်မူကြပါရန် အနူးအညွတ် ဝန်ချတောင်းပန်ကန်တော့အပ်ပါကြောင်း စသဖြင့် ဝန်ချတောင်းပန်လျှောက်ထားတင်ပြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်များရှေ့မှောက်၌ စံတော်ချိန်သတင်းစာထုတ်ဝေသူ ဦးကိုကိုလေးက ဝန်ခံကတိလက်မှတ် ရေးထိုးသည်။

**သတင်း - ကိုကိုဇော်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စကားဝိုင်းဆွေးနွေးပွဲ မွန်လူမျိုးတို့၏ အပျို လူပျိုဓလေ့နှင့် လက်ထပ်ထိမ်းမြားခြင်းဓလေ့ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန၏မျှော်မှန်းချက်များနှင့်အညီ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကိုသိရှိပြီး ဗဟုသုတများတိုးပွားစေရန်နှင့် ချစ်ကြည်ရင်းနှီးမှု ရရှိစေရန် ရည်ရွယ်ကာ အပတ်စဉ်အင်္ဂါနေ့တိုင်း တိုင်းရင်းသားရေးရာ စကားဝိုင်းဆွေးနွေးပွဲများ (Tuesday Talk) အစီအစဉ်ကို ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

စကားဝိုင်းဆွေးနွေးပွဲကို ပထမအကြိမ်အဖြစ် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ "မွန်လူမျိုးတို့၏ အပျို လူပျိုဓလေ့နှင့် လက်ထပ်ထိမ်းမြားခြင်းဓလေ့" ခေါင်းစဉ်ဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က မျှဝေဆွေးနွေးသည့်အခမ်းအနားကို ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က "မွန်လူမျိုးတို့၏ အပျိုလူပျိုဓလေ့နှင့် လက်ထပ်ထိမ်းမြားခြင်းဓလေ့" အကြောင်း ဆွေးနွေးရာတွင် သားသမီးမွေးဖွားမှုမှစ၍ သားမွေးပါကတစ်မျိုး၊ သမီးမွေးပါကတစ်မျိုး ဓလေ့ထုံးတမ်းများအရ ပြုလုပ်ဆောင်ရွက်ကြသည်များ၊ အပျို လူပျို အရွယ်ရောက်ပါက လူပျို အပျိုလှည့်သည့် ဓလေ့ထုံးတမ်းများ၊ အပြန်အလှန် ကဗျာ၊ အလင်္ကာများဖြင့် မေးမြန်းကြသည့် ဓလေ့များ၊ လက်ထပ်ထိမ်းမြားရာတွင် ဆောင်ရွက်ကြသည့် ဓလေ့ထုံးစံများအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများအရေး ဆောင်ရွက်ကြမည့်သူများဖြစ်၍ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးစံများကို ထဲထဲဝင်ဝင် ကျယ်ကျယ်ပြန့်ပြန့် သိရှိထားရမည်ဖြစ်ပါကြောင်း၊ နောင် ဆွေးနွေးမည့်ဆွေးနွေးပွဲများတွင် တစ်ဦးတစ်ယောက်တည်းမှ ဆွေးနွေးသည့်ပုံစံမဟုတ်ဘဲ အဖွဲ့လိုက် ရှင်းလင်းဆွေးနွေးပါက ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်ပြီး ဗဟုသုတများလည်း ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲမှရရှိသည့် ဗဟုသုတများကိုလည်း မိမိတို့ ပတ်ဝန်းကျင်သို့ ပြန်လည်မျှဝေရမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်ကို သိရှိကာ အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း အမှုထမ်းများ တက်ရောက်ကြပြီး ယခုကျင်းပသည့် တိုင်းရင်းသားလူမျိုးများရေးရာ စကားဝိုင်းအစီအစဉ်များကို အပတ်စဉ် အင်္ဂါနေ့တိုင်း (Tuesday Talk)အစီအစဉ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၀ မှ*

ချေးငွေထုတ်ချေးထားတဲ့ တောင်သူတွေရဲ့လုပ်ငန်းအခြေအနေ၊ စက်ဝယ်ယူပြီးမှ တွေ့ကြုံရတဲ့ အခက်အခဲ၊ စက်မောင်းနှင်တဲ့အခါ စက်ရဲ့ ကြံ့ခိုင်မှုအခြေအနေ ဒါလေးတွေကို သိရှိနိုင်ဖို့အတွက် ကျွန်တော်တို့က သုံးလတစ်ကြိမ် ကွင်းဆင်းစစ်ဆေးရပါတယ်။ ကွင်းဆင်းစစ်တဲ့အခါ တောင်သူလိုအပ်ချက် ဘာရှိသလဲ၊ စက်ကြံ့ခိုင်မှု ကောင်းမွန်ရဲ့လား ဆိုတာတွေအပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ရတာရှိပါတယ်။ တောင်သူအနေနဲ့ အဆင်ပြေအောင် ကျွန်တော်တို့ဘက်က ဆောင်ရွက်ထားပါတယ်။

**အစီအစဉ်မှူး။** ။ **တောင်သူက ပိုက်ဆံ လိုတယ်။ ဥပမာ - သီးနှံ၊ မျိုးစေ့ စသဖြင့် လိုမယ်။ စက်တစ်မျိုးတည်းမဟုတ်ဘူး။ ဒီချေးငွေက စက်ဝယ်ဖို့ တစ်မျိုးတည်းလား။ သီးနှံ၊ မျိုးစေ့အတွက်ရော ချေးငွေကိုသုံးလို့ရလား ရှင်းပြပေးပါ။**

**ဒေါ်သက်သက်လွင်။** ။ ဒီစီမံကိန်းမှာ တစ်ဦးချင်း ချေးငွေအတွက် ကျပ်သိန်း ၅၀၀၊ အစုအဖွဲ့နဲ့ဆိုရင် ကျပ်သိန်း ၅၀၀၀ အထိ အများဆုံး ထုတ်ချေးပေးမှာဖြစ်ပါတယ်။ တောင်သူတိုင်း၊ အစုအဖွဲ့တိုင်းကို ကျပ်သိန်း ၅၀၀၊ ကျပ်သိန်း ၅၀၀၀ ပေးတာတော့ မဟုတ်ပါဘူး။ ဘယ်လောက်ချေးသင့်သလဲဆိုတာ ဆုံးဖြတ်တဲ့ Criteria တွေရှိပါတယ်။ ငွေချေးလိုသူရဲ့လုပ်ငန်း ပမာဏ၊ ချေးငွေလိုအပ်ချက်၊ သူ့ရဲ့ ပြန်လည်ပေးဆပ်နိုင်စွမ်းတို့အပေါ်မူတည်ပြီး ထုတ်ချေးမယ့် ချေးငွေပမာဏကို ဆုံးဖြတ်ပါတယ်။

ထုတ်ချေးပေးမယ့် ချေးငွေအမျိုး အစားများကတော့ လယ်ယာသုံး စက်ကိရိယာတွေ၊ ဝယ်ယူဖို့ ချေးငွေနဲ့ စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံတဲ့ ချေးငွေတို့ဖြစ်ပါတယ်။ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူဖို့အတွက် ချေးငွေမှာ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ ထော်လာဂျီ အစရှိသည့် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရန်အတွက် ဖြစ်ပါတယ်။

လယ်ယာသုံးစက်ကိရိယာအတွက် စက်ဖိုးငွေကို တောင်သူလက်ထဲကို မပေးပါဘူး။ ကုမ္ပဏီကို တိုက်ရိုက်ပေးချေပါတယ်။ တောင်သူက ကြိုက်တဲ့ကုမ္ပဏီ၊ ကြိုက်တဲ့စက် ဝယ်ခွင့်ရှိပါတယ်။ စက်ကိုဝယ်ပြီးတဲ့အချိန်မှာ လောလောဆယ် (ဥပမာ-ဆီဖိုး၊ ငှားရမ်းမောင်းနှင်တဲ့သူကို ပေးမယ့် လုပ်အားခတို့ မရှိဘူးဆိုရင် working capital အနေနဲ့ ချေးငွေရဲ့ ၂၀ ရာခိုင်နှုန်းကို ငွေသားအနေနဲ့ လျှောက်ထားမယ်ဆိုရင် Cash ပေးလို့ ရပါတယ်။ တကယ်လို့ ကျပ်သိန်း ၄၀၀ တန်စက်ကို ဝယ်မယ်ဆိုရင် Working Capital အနေနဲ့ တောင်သူလက်ထဲကို ကျပ်သိန်း ၁၀၀ အထိ Cash ပေးလို့ရ တယ်။ တချို့တောင်သူတွေက စက်ပဲဝယ်မယ်၊ Cash မယူဘူးဆိုရင် စက်ပဲထုတ်ပေးပါတယ်။ စက်အပြင်ကို Cash လည်းပဲ ယူချင်တယ်ဆိုရင် Cash က ချေးငွေရဲ့ ၂၀ ရာခိုင်နှုန်းအထိ ပေးပါတယ်။

**ဦးဝင်းဌေးဦး။** ။ ဒီနေရာမှာ ဖြည့်စွက် ဆွေးနွေးပါရစေ။ စက်ဖိုးငွေနဲ့ Working Capital နှစ်ရပ်ပေါင်းဟာ ကျပ်သိန်း ၅၀၀ ထက် ကျော်လို့မရပါဘူး။ ဥပမာ စက်တန်ဖိုးက ကျပ်သိန်း ၄၈၀ ဆိုရင် Cash က ကျပ်သိန်း ၂၀ ပဲရမှာ ဖြစ်ပါတယ်။

**ဒေါ်သက်သက်လွင်။** ။ တကယ်လို့ ကျပ် သိန်း ၃၀၀ တန် စက်ဝယ်မယ်ဆိုရင် working capital က ကျပ်သိန်း ၂၀၀ မရပါဘူး။ အများဆုံး ငွေကျပ် ၇၅ သိန်းအထိသာ ရမှာ ဖြစ်ပါတယ်။ နောက် ချေးငွေတစ်မျိုးက စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံတဲ့ ချေးငွေဖြစ်ပြီး ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်တဲ့ စက်တွေအတွက် ချေးငွေ၊ စက်ရုံ၊ ဂိုဒေါင်၊ သိုလှောင်ရုံတွေ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့ခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံတဲ့ ချေးငွေနဲ့ ကုန်တင်ယာဉ်၊ ထရပ်ကားတွေ ဝယ်ယူဖို့ ချေးငွေတို့ ပါဝင်မှာဖြစ်ပါတယ်။ လောလောဆယ်မှာ ကုန်တင်ယာဉ်များ ဝယ်ယူဖို့ထုတ်ချေး မပေးသေးပါဘူး။ လယ်ယာသုံး စက်ကိရိယာတွေကို အတိုင်းအတာတစ်ခုအထိ ချေးပြီးမှသာ ကုန်တင်ယာဉ်ကို ဆက်ပြီးတော့ ထုတ်ချေးပေးမှာဖြစ်ပါတယ်။ သူကတော့ တတိယဦးစားပေး ဖြစ်ပါတယ်။

**ရှင်မင်း၊ မွှေးကြူ၊ ဓာတ်ပုံ - အေးသန်း**

*(ဆက်လက်ဖော်ပြပါမည်)*

# လုယက်ခံရသည့် မော်တော်ယာဉ်ပြန်ရရေး ကြိုးပမ်းပေးခဲ့သော ရဲတပ်ဖွဲ့ဝင်များနှင့် ကူညီပေးခဲ့သူများအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ပြီးခဲ့သည့် စက်တင်ဘာ ၁၀ ရက် နံနက် ၀၀း၁၅ နာရီတွင် ဒဂုံတောင်မြို့နယ် (၁၇)ရပ်ကွက် ကျန်စစ်သားလမ်း ရာမ ခေါက်ဆွဲစက်ရုံအနီး၌ မသမာသူများက မော်တော်ယာဉ်အမှတ် (AA-7757) Toyota Caldina ကို အကြမ်းဖက် လုယက်ခဲ့သည်။

အဆိုပါ မော်တော်ယာဉ်ကို ပြန်လည်ရရှိရေးအတွက် အင်တိုက်အားတိုက်၊ အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များနှင့် ကူညီပံ့ပိုးဆောင်ရွက်ခဲ့ကြသူများအား ချီးမြှင့်သည့် ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ Strand Square Conference Room (A) ၌ ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ) ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်နှင့် ဌာနမှုတာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့၊ ဒဂုံတောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့၊ ရန်ကုန်ယာဉ်ထိန်းတပ်ဖွဲ့၊ ယာဉ်ပိုင်ရှင်၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ပစ္စည်းဥစ္စာများ လုံခြုံစိတ်ချရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန် အမြဲအသင့်ရှိနေကြောင်း ပြည်သူတစ်ရပ်လုံး သိရှိလာစေရန်၊ ရာဇဝတ်မှု၊ ဒုစရိုက်မှုများ ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်သူနှင့် အဖွဲ့အစည်းများ လက်တွဲညီညီဆောင်ရွက်ပါက အောင်မြင်မှုရှိကြောင်းသိရှိစေရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ "ကူညီပါရစေ" ဆောင်ပုဒ်အတိုင်း တာဝန်ကျေပွန်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ပြည်သူများ အသိအမှတ်ပြုစေရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခဲ့ကြောင်း IKBZ အထွေထွေမန်နေဂျာ ဦးသန်းဇော် (Claims) က ရှင်းလင်းတင်ပြပြီး ဦးညိုမြင့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများကိုယ်စား ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သိန်းအေးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

အာမခံလျော်ကြေး လုပ်ငန်းကို ဆောင်ရွက်ပေးရုံသာမကဘဲ သာလွန်သော ဝန်ဆောင်မှုထပ်ပေးကာ ယာဉ်ကို ဝိုင်းဝန်းရှာဖွေပေးသော IKBZ Survey မှ ဝန်ထမ်းများကို အထူးကျေးဇူးတင်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အားကြိုးမာန်တက် ဆောင်ရွက်ပေးသည့် IKBZ အာမခံမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ငွေတစ်ပြားတစ်ချပ်မှမကုန်ဘဲ အဘက်ဘက်မှ မိသားစုစိတ်ဓာတ်ဖြင့် အားသွန်ခွန်စိုက်ရှာဖွေကူညီပေးသည့် ဒဂုံတောင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မှူး၊ စခန်းမှူးအားလုံးနှင့် ကူညီပေးကြသူအားလုံးတို့ကို အထူးကျေးဇူးတင်ကြောင်း ယာဉ်ပိုင်ရှင်ဖြစ်သူက ပြောကြားသည်။

KBZ Insurance သည် လုံခြုံစုပွားအသက်အာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးနှင့်သဘာဝအန္တရာယ်အာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံ၊ ကုန်စည်ပို့ဆောင်ရေးအာမခံ၊ မြွေအန္တရာယ် အသက်အာမခံ၊ အားကစားသမား ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ တောင်သူလယ်သမား အသက်အာမခံလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# ထိုင်းဘုရင့်ဖလားလူငယ်အလေးမပြိုင်ပွဲတွင် အောင်ပွဲရလူငယ်ကစားသမားများ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် 2nd EGAT King's Cup 2018 လူငယ်အလေးမပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော Junior တန်း မြန်မာလူငယ်အလေးမအားကစားအဖွဲ့သည် ရွှေသုံးခု၊ ငွေငါးခု၊ ကြေးတစ်ခုဆွတ်ခူးရရှိပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ကာ ယနေ့နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်လာရာ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီးများနှင့် သင်တန်းသား သင်တန်းသူများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ချစ်နှင့် အမှုဆောင်များ၊ မိဘဆွေမျိုးများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီး ၄၈ ကီလိုတန်းတွင် ဇင်မေဦးက ရွှေတံဆိပ်သုံးခု၊ ၅၃ ကီလိုတန်းတွင် ပြည့်ပြည့်ဖြိုးက ငွေနှစ်ခု၊ ၆၂ ကီလိုတန်းတွင် ကောင်းဆက်နိုင်က ငွေတစ်ခု၊ ၁၀၅ အထက် ကီလိုတန်း အထက်တွင် ရန်မျိုးကျော်က ငွေနှစ်ခုနှင့် ကြေးတစ်ခု၊ ဆွတ်ခူးရရှိခဲ့ကြသည်။

"ကျွန်တော်တို့ ပထမအကြိမ်က အားကစားသမား အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်တာ ၅၆ ကီလိုတန်းက သီဟအောင်ပဲ ကြေးနှစ်ခု ရရှိခဲ့တယ်။ အခုပြိုင်ပွဲမှာ အိမ်ရှင် ထိုင်းက အသင်းလည်းများတယ်။ ကျွန်တော်တို့ ကစားသမားတွေ ကြိုးစားကြလို့ ရွှေသုံးခု၊ ငွေငါးခု၊ ကြေးတစ်ခု ဆုရတာ တိုးတက်လာတာ ပြောရမှာပါ။ လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာလည်း လေ့ကျင့်မှုတွေ ပြင်ဆင်ထားဖို့ ရည်ရွယ်ထားပါတယ်" ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်အမှုဆောင်၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး(၁)ဦးမျိုးမင်းက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ မွန်ဂိုလီးယားနိုင်ငံ အပါအဝင် အသင်း ၃၇ သင်း၊ အားကစားသမား ၃၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အေးကေလင်း**

❍ *ကျောဖုံးမှ*

ထိမှန်မှုကြောင့် မိန်းကလေးတစ်ဦး သေဆုံးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီ မိနစ် ၂၀ တွင် မကွေးလေတပ်စခန်းဌာနချုပ်မှ အက်ဖ် - ၇ လေယာဉ်လေးစင်းသည် အုပ်စုဖွဲ့လေ့ကျင့်ပျံသန်းမှုများ စတင်ဆောင်ရွက်ခဲ့ပြီး လေတပ်စခန်းဌာနချုပ်သို့ ပြန်လာစဉ် ရာသီဥတုဆိုးရွားမှုနှင့် ရုတ်တရက်ကြုံတွေ့ခဲ့သဖြင့် လေယာဉ်များအား ကြိုးစားထိန်းချုပ် ဆင်းသက်ခဲ့ရကြောင်း၊ ထိုသို့ဆင်းသက်စဉ် အုပ်စုဖွဲ့လေ့ကျင့်ပျံသန်းနေသော လေယာဉ်လေးစင်းအနက် နှစ်စင်းမှာ လေယာဉ်ကွင်းသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီး ကျန်လေယာဉ်နှစ်စင်းမှာ ရာသီဥတုဆိုးရွားမှုကို ဆက်လက်ကြိုးစားထိန်းသိမ်းမောင်းနှင်ခဲ့သော်လည်း မင်းဘူးမြို့၏ တောင်ဘက် ဆားဗွက်ချောင်းတံတားအနီးတွင် တစ်စင်း၊ မင်းဘူးမြို့ သနပ်ပင်စုကျေးရွာ၏ အနောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာရှိ လယ်ကွင်းအနီးတွင် တစ်စင်း ပျက်ကျသွားခဲ့ကြောင်း၊ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးများဖြစ်သော ဗိုလ်ကြီး ဟိန်းသူအောင်နှင့် ဗိုလ်ကြီး ဖြိုးမောင်မောင်တို့ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဆားဗွက်ချောင်းတံတားအနီးပျက်ကျခဲ့သော ဖြစ်စဉ်တွင် မင်းဘူးမြို့ အမှတ် (၄) ရပ်ကွက် အေးသာယာလမ်းနေ ဦးဖိုးဖြူ၏ သမီးဖြစ်သော ပဋ္ဌမတန်းကျောင်းသူ မသွယ်ဇင်ငြိမ်းသည် အဆိုပါပျက်ကျလေယာဉ်၏ အစိတ်အပိုင်းများ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ မသွယ်ဇင်ငြိမ်းအား မင်းဘူးပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေခဲ့သော်လည်း နံနက် ၈ နာရီမိနစ် ၄၀ ခန့်တွင် သေဆုံးသွားခဲ့သဖြင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများက ကျန်ရစ်သူမိသားစုများအား သွားရောက်တွေ့ဆုံ၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေယာဉ်ပျက်ကျမှုဖြစ်ပွားရာနေရာများသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ သွားရောက်၍ အသေးစိတ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**



ပျက်ကျခဲ့သည့် လေယာဉ်၏ အစိတ်အပိုင်းတစ်ခုကို တွေ့ရစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# တိုက်လေယာဉ်ပျက်ကျ၍ သေဆုံးခဲ့သည့် မသွယ်ဇင်ငြိမ်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်

**မင်းဘူး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ယနေ့ နံနက် ၇ နာရီခွဲခန့်က မကွေးလေတပ်စခန်းဌာနချုပ်မှ အစမ်းလေ့ကျင့် ပျံသန်းမောင်းနှင်စဉ် ပျက်ကျခဲ့ပြီး ပျက်ကျလေယာဉ်အစိတ်အပိုင်းထိမှန်၍ ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည့် ပဋ္ဌမတန်းကျောင်းသူ မသွယ်ဇင်ငြိမ်းအတွက် ယနေ့ညနေ ၄ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ စုပေါင်း၍ ၁၃၁၅၀၀၀ အား မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် တာဝန်ရှိသူများက သေဆုံးသူ၏ ဖခင်ဖြစ်သူထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တိုက်လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သည့် မကွေးလေတပ်စခန်းဌာနချုပ်မှ လေယာဉ်မှူး ဗိုလ်ကြီး ဟိန်းသူအောင်နှင့် ဗိုလ်ကြီး ဖြိုးမောင်မောင်တို့နှစ်ဦးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီ ကျန်ရစ်သူမိသားစုအား ထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ပေါက်မြို့၌ ဆင်ဇာချောင်းရေကျ၍ ချောင်းကမ်းပါးပြိုကျမှုများဖြစ်

**ပေါက် အောက်တိုဘာ ၁၆**

ပေါက်မြို့နယ်၌ အောက်တိုဘာလဆန်းပိုင်းက မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ဆင်ဇာချောင်းရေများ တဟုန်ထိုးစီးဆင်းကာ ချောင်းကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့သည်။

ချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျခြင်းများကြောင့် ၁၉၈၉ ခုနှစ် အောက်တိုဘာလ၌ နေအိမ်အချို့မျောပါ၍ လူသေဆုံးမှုများ ဖြစ်ပွားခဲ့ဖူးပြီး ပေါက်မြို့ အောင်ချမ်းသာရပ်ကွက်နှင့် အောင်တံခွန်ရပ်ကွက် တောင်ပိုင်း ဆင်ဇာချောင်းဘေးတစ်လျှောက်ရှိ နေအိမ်အချို့ ချောင်းရေတိုက်စားမျောပါမည်ကို စိုးရိမ်နေကြသည်။

အဆိုပါချောင်းရေတိုက်စားခြင်းကြောင့် ချောင်းကမ်းပါးပြိုကျမှုများကို ဆက်လက်မဖြစ်ပွားစေရန်အတွက် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံများစုပေါင်း၍ လူအင်အား၊ စက်အင်အားများ အသုံးပြု၍ ချောင်းရေကြောင်းလမ်းလွှဲပြောင်းမှုများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

◆ *ကျောဖုံးမှ*

အတွက် ကစားသမား ၂၆ ဦး ခေါ်ဆောင်သွားပြီး ကာတာခြေစမ်းခရီးစဉ်တွင် အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် စက်တင်ဘာ ၂၈ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ ၁၀ ရက်တွင် အင်ဒိုနီးရှားကို သုံးဂိုး-ဂိုးမရှိ၊ အောက်တိုဘာ ၁၃ ရက်တွင် ဘိုလစ်ဗီးယားလက်ရွေးစင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အောက်တိုဘာ ၁၆ ရက် ညပိုင်းတွင် ဘာရိန်းလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခြေစမ်းခရီးစဉ်အပြီးတွင် ဆူဇူကီးဖလားပြိုင်ပွဲအတွက် အပြီးသတ်လူရွေးချယ်မည်ဖြစ်ပြီး ၂၃ ဦး ရွေးချယ်ရမည်ဖြစ်သောကြောင့် သုံးဦးလျှော့ချရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



မြန်မာ့လက်ရွေးစင်အသင်းအား ဘိုလစ်ဗီးယားနှင့် ခြေစမ်းပွဲမတိုင်မီ တွေ့ရစဉ်။

ဓာတ်ပုံ-စိုးညွန့်

## မောင်တော၌ အမျိုးသားသုံးဦးကို လက်ခတ်လှေတစ်စင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀၀ နှင့်အတူဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ယနေ့နံနက် ၃ နာရီ ၄၅ မိနစ်က လှည့်ကင်းဆောင်ရွက်စဉ် မြန်မာနိုင်ငံဘက်ခြမ်း ဦးစောလှကျွန်းမြောက်ဘက်အနီး၌ မသင်္ကာဖွယ်သစ်သားလက်ခတ်လှေတစ်စင်း(အလျား ၁၅ ပေ၊ အနံ ၃ ပေ၊ ရေစူး ၀ ဒသမ ၅ ပေခန့်)အား တွေ့ရှိရသဖြင့် လိုက်လံဖမ်းဆီးရာ မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာနေ ဇော်ရီးတာမောက် (ဗ)အိုလီယာမောက် ပါအမျိုးသားသုံးဦးအား WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀၀ (တစ်ပြားလျှင်ကျပ် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၂၃၄၀၀၀၀၀၀)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ငါးခူရနယ်မြေရဲစခန်းက မူးယစ်(ပ) ၁၃/၂၀၁၈၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/ ၂၀(ခ)/၂၁ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ ၎င်းတို့သည် မူးယစ်ဆေးဝါးများကို တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။ **ရဲပြန်ကြား**



## မြန်မာ့ရုပ်မြင်သံကြား

၁၇-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၃၅ - စီးပွားရေးစကားဝိုင်း "လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိသော JICA နှစ်ဆင့်ချေးငွေ" (အပိုင်း- ၂)
၉း၁၀ - အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ပရိယတ္တိမင်းကျောင်းတိုက်၊ မအူပင်မြို့ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၁၁း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "သမ္မတကြီးထံပေးစာ"
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါချောင်အန်း" (အပိုင်း- ၁၃)
၁၅း၀၅ - "ကျီးသဲလေးထပ် ဆရာတော်ကြီး၏ အစိန္တေယျဘုရားရှိခိုးကြီး"

**ညပိုင်း**

၁၇း၀၅ - အနုပညာခန်းရိပ်သာ "သဘင်အနုပညာရှင် ဦးနန်းဝင်းနှင့်တွေ့ဆုံခြင်း"
၁၇း၂၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "တစ္ဆေပါလာပြီ"
၁၇း၃၅ - MRTV Travelogue
၁၈း၂၅ - "ရဟန္တာမြတ်တစ်ပါး ပေါ်ထွန်းခဲ့ရာ ညောင်လွန့်တောရ သာသနာ့မြေမဟာ"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်" (မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ)
- "စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း" (အပိုင်း- ၁၃) "ဆွမ်းစားကြွတော်မူကြပါ"
- ဂီတသမား၊ ဂီတစကား "မဟာဂီတမိတ်ဆက်(၂) တေး(၃)ပုဒ်"

## မိုးကုတ်မြို့နယ်၌ ဘိန်းဖြူ ၁၀၁၀၈ ဒသမ ၅ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် လယ်ကြီးတံတား လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၃ နာရီ ၁၅ မိနစ်က မိုင်းလုံဘက်မှ မိုးကုတ်ဘက်သို့မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးကို မသင်္ကာ၍စစ်ဆေးရန် တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ညောင်ကုန်းရွာအနီး၌ ကျော်စိုး(ခ) အိုက်စိုင်း (ဖမ်းမိ)အား ၎င်းမောင်းနှင်သော RJ Star ဆိုင်ကယ်တစ်စီး၊ ဆပ်ပြာခွက် ၄၂၈ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူအလေးချိန် ၄၉၂၂ ဂရမ်ခန့်အား လည်းကောင်း၊ လမ်းဘေးတောအတွင်း ချောင်းစပ်၌ အာရုံ(ထွက်ပြေးတိမ်းရှောင်) မောင်းနှင်သော ဆိုင်ကယ်မှ ဆပ်ပြာခွက် ၄၅၁ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ အလေးချိန် ၅၁၈၆ ဒသမ ၅ ဂရမ်ခန့်အား လည်းကောင်း၊ စုစုပေါင်း ဘိန်းဖြူအလေးချိန် ၁၀၁၀၈ ဒသမ ၅ ဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၈ ဒသမ ၅ သိန်း)အား ဖမ်းဆီးရမိခဲ့သဖြင့် မိုးကုတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



## လားရှိုးမြို့၌ အမိန့်ချပြီးတရားခံထွက်ပြေးရာ ပစ်ခတ်ဖမ်းဆီးခဲ့ရသဖြင့် တစ်ဦးသေဆုံး

**လားရှိုး အောက်တိုဘာ ၁၆**

လားရှိုး၌ ယမန်နေ့က လားရှိုး ခရိုင်တရားရုံးအချုပ်မှ အမိန့်ချပြီးတရားခံ ထွက်ပြေးသဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ လားရှိုးမြို့ရပ်ကွက်(၁) နယ်မြေ(၆)ရှိ လားရှိုးမြို့နယ်တရားရုံး အချုပ်၌ ချုပ်နှောင်ထားရှိသော တရားရုံးစစ်ဆေးဆဲအချုပ်တရားခံ စုစုပေါင်း ၇၆ ဦး ချုပ်နှောင်ထားရှိရာ အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က အချုပ်ခန်း(၃)၌ ချုပ်နှောင်ထားရှိသော အမျိုးသား ၁၉ ဦးအနက်မှ လားရှိုးခရိုင်တရားရုံး၏ ရာဇဝတ်အမှုတ် (၂၆၀/၁၈)မူး/စိတ်ပုဒ်မ-၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်နှင့် ရာဇဝတ်အမှုတ် (၄၁၀/၁၈)ပို့/သွင်း-၈ အရ အလုပ်နှင့်ထောင်ဒဏ်သုံးလ သီးခြားပြစ်ဒဏ် စီရင်ခြင်းခံရသူ စိုင်းလူ (၁၉ နှစ်) မိုင်းရယ်မြို့နယ်နေသူနှင့် လားရှိုးခရိုင်တရားရုံး၏ တရားရုံးစီရင်စစ်ဆေးလျက်ရှိသူ ရာဇဝတ်အမှုတ် (၃၅၅/၁၈)မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ အမှုဖြင့် အိုက်ဟန် (ခ)ရှမ်းလေး(ခ) အိုက်မောင် (၃၃ နှစ်) လားရှိုးမြို့ခိုင်ရွှေဝါလမ်း ရပ်ကွက်(၅)နေသူတို့မှာ အချုပ်ခန်း အမိုးသွပ်ပြားများအား ခြေဖြင့်ကန်၍ ဖောက်ထွက်ပြေးခဲ့သဖြင့် တာဝန်ကျရဲတပ်သား ကျော်မင်းဦးက BA-63 မောင်းပြန်ရိုင်ဖယ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာမှ စိုင်းလူတွင် ယာတင်ပါး ကျည်ဖောက်ရာ၊ ယာချိုစောင်းပေါက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ အိုက်ဟန်(ခ) ရှမ်းလေး(ခ)အိုက်မောင် ကို တရားရုံးအချုပ်ခန်းအနီး ကိုက် ၁၅၀ အကွာတွင် ပြန်လည်ဖမ်းဆီးရမိခဲ့ပြီး ဒဏ်ရာရရှိသူ စိုင်းလူမှာ လားရှိုးပြည်သူ့ဆေးရုံကြီးသို့ပို့ခဲ့ရာ ညနေ ၄ နာရီ ၁၀ မိနစ်တွင် သေဆုံးသွားကြောင်း သိရသည်။

ထို့အတူ ထွက်ပြေးရန်အတွက် ပူးပေါင်းပါဝင်သူကျန်တရားခံ ဆမ်ပေါင်(ခ)အိုက်ပေါင်းနှင့်စိုင်းအွမ်တို့အား အမှုဖြင့် ဆက်လက်ဖမ်းဆီးရန် ဆောင်ရွက်လျက်ရှိပြီး သေဆုံးသွားသူ စိုင်းလူအား သေမှုသေခင်း အမှုတ်စဉ်(၄၂/ ၂၀၁၈) ဖြင့် လားရှိုးမြို့မစခန်းမှူး ဒုရဲမှူးကျော်နိုင်က စစ်ဆေးလျက်ရှိနေကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

## လင်မယားချင်းစကားများကြရာမှ ဓားခုတ်မှုဖြစ်ရာ မိန်းမဖြစ်သူသေဆုံး

**တကောင်း အောက်တိုဘာ ၁၆**

လင်မယားချင်းစကားများ ရန်ဖြစ်ကြရာမှ ယောကျ်ားဖြစ်သူက ဓားဖြင့်ခုတ်သဖြင့် မိန်းမဖြစ်သူမှာ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သော ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း တကောင်းနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီက တကောင်းမြို့နယ်ခွဲ မိုင်းဒိုင်းကျေးရွာအုပ်စု မိုင်းဒိုင်းကျေးရွာ ဆားကျင်းကွင်း အခင်းတောတွင် ဆန်းတင့်ဦး (၂၀နှစ်)နှင့် မစန်းစန်းထွေး (၁၉ နှစ်)တို့ ဇနီးမောင်နှံ နှစ်ဦးသည် ၎င်းတို့၏ နှမ်းခင်းအတွင်း ပေါင်းမြက်များရှင်းနေစဉ် စကားများ ရန်ဖြစ်ခဲ့ကြပြီး ဆန်းတင့်ဦးက အရိုးအသွား နှစ်ပေ ငါးလက်မခန့် ပေါင်းရှင်းဓားဖြင့် ဇနီးဖြစ်သူ၏ ကုပ်ပိုးကိုခုတ်ရာ မစန်းစန်းထွေးမှာ နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ မစန်းစန်းထွေး၏ ဖခင်ဖြစ်သူက သမီးဖြစ်သူအား ဓားဖြင့်ခုတ်သူ ဆန်းတင့်ဦးကို ဥပဒေအရ အရေးယူပေးပါရန် တကောင်းရဲစခန်းသို့ တရားလိုပြုလုပ်၍ တိုင်တန်းခဲ့သဖြင့် ဆန်းတင့်ဦးကို တကောင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုကိုအောင်(တကောင်း)**

## သရက်ချောင်း၌ မိုးကြိုးပစ်မှုကြောင့် စာသင်ကျောင်းမှ ဆရာမတစ်ဦးနှင့် ကျောင်းသား ကျောင်းသူတချို့ ဆေးရုံပို့ရ

**သရက်ချောင်း အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် တီတွတ်ပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အနီးဝန်းကျင်တွင် အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီဝန်းကျင်ခန့်က မိုးကြိုးပစ်မှုကြောင့် အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းဆရာမတစ်ဦး၊ ကျောင်းသားတစ်ဦး၊ ကျောင်းသူခုနစ်ဦးနှင့် ကျောင်းပတ်ဝန်းကျင်ရှိ နေအိမ်များမှ ခြောက်ဦးတို့ကို သရက်ချောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ကျေးရွာမှ တာဝန်ရှိသူများက ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါ ဝေဒနာရှင်များကို မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ခြေလက်များထုံကျင်ကိုက်ခဲခြင်း၊ နားအူခြင်း၊ ရင်တုန်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူမဝခြင်း၊ စိုးရိမ်ထိတ်လန့်ခြင်း စသော ဝေဒနာများသာဖြစ်ပြီး သာမန်(မစိုးရိမ်ရ) ဖြစ်ကြောင်းနှင့် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းထိ မြို့နယ်ပြည်သူ့ဆေးရုံတွင် မိုးကြိုးပစ်ဖြစ်စဉ်နှင့်ပတ်သက်၍ ဝေဒနာရှင်ငါးဦးကို ဆက်လက်ကုသပေးလျက်ရှိကြောင်း မြို့နယ်ကုသရေးဦးစီးဌာနထံမှ သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**

## ရေပူစစ်ဆေးရေးအဖွဲ့ ကျောက်စိမ်းဖြတ်စများ တွေ့ရှိဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၁၆**

တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၃ စီး၊ သွင်းကုန် ၂၈၆ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၁၅၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၁၃၆ သန်းခန့် စုစုပေါင်းတားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ ဒသမ ၂၈၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် စံလောင်းကျေးရွာအနီး ၁၉၇ မိုင် ၅ ဖာလုံခန့်တွင် ရပ်တန့်ထားသော တိုယိုတာအယ်လ်ဖတ်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ၄၈၃ ကီလိုဂရမ်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘားအံမြို့တွင် မီးရှူးမီးပန်း၊ ဗြောက်အိုး ရောင်းချသူများကို အမှုဖွင့်အရေးယူထား

**ဘားအံ အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် အောက်တိုဘာ ၁၅ ရက် ညနေပိုင်းက မီးရှူးမီးပန်း၊ ဗြောက်အိုးများ သိမ်းဆည်းရမိခဲ့ပြီး လက်ဝယ်တွေ့ရှိသူများကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောက်တိုဘာ ၁၅ ရက် ညနေပိုင်းက ဘားအံမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မျိုးကျော် ဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ် ပုလဲမြ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဘားအံမြို့ပေါ်ရပ်ကွက်များအတွင်း မီးရှူးမီးပန်း၊ ဗြောက်အိုးများ ရောင်းချနေကြောင်း သတင်းအရစစ်ဆေးခဲ့ရာ ဘားအံမြို့အမှတ် (၉)ရပ်ကွက်နေ မရီရီသန့် (၃၄နှစ်)ထံမှ မီးရှူးမီးပန်း၊ ဗြောက်အိုးခုနစ်မျိုး၊ ဦးသန်းထွန်း(၄၇ နှစ်)ထံမှ မီးရှူးမီးပန်း၊ ဗြောက်အိုးငါးမျိုး၊ အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းနေ မသဲအိအိလှိုင် (၃၀နှစ်)ထံမှ မီးရှူးမီးပန်း၊ ဗြောက်အိုးခြောက်မျိုးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

## ကသာမြို့နယ်အတွင်း တရားမဝင် ကျွဲ၊ နွားများ ဖမ်းမိ

**ကသာ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး တောအတွင်းမှ တရားမဝင် နွားခုနစ်ကောင်နှင့် ကျွဲသုံးကောင်ကို သယ်ဆောင်လာသူငါးဦးနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အောက်တိုဘာ ၁၅ ရက် ည ၁၀ နာရီက ကသာမြို့မရဲစခန်းမှူး ဒုရဲမှူး ညဏ်ထွန်း ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် ကျွဲ၊ နွားမှောင်ခို သယ်ဆောင်သူများ ရောက်ရှိနေကြောင်း သတင်းအရ ပင်းမလွတ်ကျေးရွာအနီး နောင်လိုင်ချောင်းဘေး တောလမ်းတွင်စောင့်ဆိုင်းနေစဉ် ဟိန်းသူမိုး၊ ထိန်လင်း(ခ)ဖိုးရှည်၊ ညွန့်ဝင်း၊ မြင့်မော်ဦးနှင့် ဖိုးကျောက်တို့ကို နွားခုနစ်ကောင်၊ ကျွဲသုံးကောင်နှင့်အတူ တွေ့ရှိ၍စစ်မေးရာ အဆိုပါ ကျွဲ၊ နွားများနှင့်ပတ်သက်၍ မြို့နယ်ကျော် သယ်ဆောင်ခွင့် အထောက်အထားတစ်စုံတစ်ရာမပါရှိဘဲ အင်းတော်မြို့နယ် နားခါကျေးရွာမှ သယ်ဆောင်ခဲ့ကြောင်း၊ ကသာ၊ ရွှေကူမြို့နယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ပို့ဆောင်ရန် မောင်းနှင်လာသော တရားမဝင် ကျွဲ၊ နွားများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့ငါးဦးကို ကသာမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း ဒုရဲအုပ် ဇော်မင်းထွန်းထံမှ သိရသည်။ **လှအောင်(ကသာ)**

# ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၁၁ ဦးထက်မနည်း သေဆုံး

**ပါရီ အောက်တိုဘာ ၁၆**

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း၌ မိုးသက်မုန်တိုင်းကျကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေများတစ်ဟုန်ထိုးစီးဆင်းလျက်ရှိရာ ၁၁ ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။ ပြင်သစ်နိုင်ငံတွင် မိုးရွာသွန်းမှုနှင့် ပတ်သက်သည့် ယခုဖြစ်စဉ်သည် နှစ်ပေါင်းများစွာအတွင်း လူသေဆုံးမှု အများဆုံး ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

Carcassonne ၌ နာရီ အနည်းငယ်အတွင်း ရွာသွန်းခဲ့သည့် မိုးရေချိန်သည် သုံးလတာ မိုးရွာသွန်းမှုနှင့် ညီမျှကြောင်း၊ အဆိုပါ မိုးရွာသွန်းမှုကြောင့် Aude မြစ်အပါအဝင် မြစ်ချောင်း အင်းအိုင်အတော်များများ ရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း ၁၀၀ အတွင်း မမြင်ဖူးသော ရေမျက်နှာပြင်အမြင့်အထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ကနဦး ထုတ်ပြန်သော စာရင်းအရ သေဆုံးသူ ၁၃ ဦးရှိကြောင်း သိရသော်လည်း နောက်ပိုင်းတွင် သေဆုံးသူ ၁၁ ဦးရှိကြောင်း Aude ဒေသဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။



ယခုအချိန်အထိ နှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ပြီး အခြားရှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဖြည့်စွက်ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ရုံးက မကြာမီအချိန်အတွင်း အဆိုပါနေရာသို့ သမ္မတ သွားရောက်မည်ဖြစ်ကြောင်းနှင့် Aude ရေကြီးမှုတွင် သေဆုံးခဲ့သည့် မိသားစုများနှင့် ထပ်တူစိတ်မကောင်းဖြစ်ရပါကြောင်း၊ ဒုက္ခသည်များအတွက် ပြင်သစ်နိုင်ငံတစ်ဝန်း စည်းလုံးကြရန် လိုအပ်ကြောင်း သတင်းထုတ်ပြန်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများမှာ အစိုးရနေရာအပြောင်းအလဲ ကြေညာနိုင်ခြေရှိသောကြောင့် အနည်းငယ်နှောင့်နှေးမှု ဖြစ်ပေါ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်က ပြည်ထဲရေးဝန်ကြီး ဂျရယ်ကိုလောင်ဘ် ရုတ်တရက် နုတ်ထွက်သွားသည့်အတွက်ဖြစ်ကြောင်း သိရသည်။

ကြားဖြတ်ဝန်ကြီးချုပ် အက်ဒွက်ဖီးလစ်က သဘာဝဘေးဆိုင်ရာ ကိစ္စရပ်များတွင် ဒုက္ခရောက်နေသူများကို အမြန်ဆုံး အာမခံကြေးပေးရန် အာမခံလုပ်ငန်းများကို တိုက်တွန်းခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## မိုက်ခရိုဆော့ ပူးတွဲတည်ထောင်သူ ကမ္ဘာ့စတုတ္ထမြောက် အချမ်းသာဆုံးပုဂ္ဂိုလ် အသက် ၆၅ နှစ်တွင် ကွယ်လွန်

**ဝါရှင်တန် အောက်တိုဘာ ၁၆**

ကိုယ်ပိုင်ကွန်ပျူတာများသည် အနာဂတ်တွင် မရှိမဖြစ် ပစ္စည်းတစ်ခုဖြစ်လာမည်ဟု လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်ကတည်းက ဟောကိန်းထုတ်ခဲ့သည့် မိုက်ခရိုဆော့ကုမ္ပဏီ ပူးတွဲတည်ထောင်သူ ပေါလ်အလန်သည် အသက် ၆၅ နှစ်တွင် ကွယ်လွန်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

၎င်းသည် ပုံမှန်ထက် သွေးဖြူဥပိုများသည့် ကင်ဆာရောဂါတစ်မျိုးကို ၂၀၀၉ ခုနှစ်ကတည်းက ခံစားခဲ့ရပြီး နောက် ယခု ဆီယက်တယ်လ်၌ ကွယ်လွန်ခဲ့ကြောင်း မိသားစုဝင်များက ပြောခဲ့သည်။

၎င်းသည် အထက်တန်းကျောင်းကတည်းက ခင်မင်ခဲ့သည့် သူငယ်ချင်း ဘီလ်ဂိတ်၏ တိုက်တွန်းမှုကြောင့် ၁၉၇၅ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ထွက်ခဲ့ပြီး ကွန်ပျူတာများအတွက် အခြေခံဆော့ဝဲများ တီထွင်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ၎င်းတို့နှစ်ဦးသည် မိုက်ခရိုဆော့ကုမ္ပဏီကို ပူးတွဲတည်ထောင်ခဲ့ပြီး ကမ္ဘာကြီးကို အပြောင်းအလဲဖြစ်စေခဲ့သည့် ဆော့ဝဲများကို တီထွင်ခဲ့ကြသည်။




၎င်းသေဆုံးခဲ့သည့်အတွက် ၎င်း၏ အချစ်ဆုံးသူငယ်ချင်း ဘီလ်ဂိတ်က ကြေကွဲဝမ်းနည်းကြောင်း မကြာသေးမီက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ၁၉၈၃ ခုနှစ်တွင် လမ်းခွဲခဲ့ကြသော်လည်း အလန်က မိုက်ခရိုဆော့ကုမ္ပဏီတွင် အစုရှယ်ယာ ဆက်ထားခဲ့သည့်အတွက် သန်းကြွယ်သူဌေးတစ်ဦးဖြစ်လာခဲ့သည်။

အလန်သည် အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံ ကြွယ်ဝချမ်းသာပြီး ကမ္ဘာ့စတုတ္ထမြောက် အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ဖော့ဘ်စ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ**

## မာလီ၌ လှေနှစ်စင်းတိမ်းမှောက်မှုဖြစ်ပွား ၂၆ ဦးသေဆုံး

**ဘာမာကို အောက်တိုဘာ ၁၆**

မာလီအနောက်မြောက်ဘက်ရှိ မြစ်တစ်ခု၌ လှေနှစ်စင်းတိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ၂၆ ဦး ရေနစ်သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

တင်ဘက်တူဒေသ ဘိုရမ်အင်နာလီပြည်နယ်ရှိ အာနာဆေးအရပ်၌ လူ ၄၈ ဦး သယ်ဆောင်လာသော လှေနှစ်စင်း မှောက်ခဲ့ကြောင်း ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဆိုမနာမော်ရီကော်လီဘာလီက မကြာသေးမီက ပြောခဲ့သည်။

အဆိုပါ လှေတိမ်းမှောက်မှုကြောင့် ၂၆ ဦး သေဆုံးခဲ့ပြီး ယခုအချိန်ထိ သေဆုံးသူ ရုပ်အလောင်း ၂၂ ဦး ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူများသည် လယ်သမားများဖြစ်ကာ လှေစီးပြီး လယ်ကွင်းသို့အသွားတွင် မိုးရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်လာသဖြင့် ရေစီးကြောင်းအတိုင်း မျောပါတိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်ဟု ဒေသခံများက ပြောကြားခဲ့သည်။

၎င်းတို့ လယ်ကွင်းသို့ မရောက်မီ လှေနှစ်စင်း တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု အိမ်နီးချင်းပြည်နယ်မှ ဒေသကောင်စီဝင် ဒိုင်ယာက ပြောကြားခဲ့သည်။

ယင်းလှေတိမ်းမှောက်မှု၌ ၎င်းတို့၏ ပစ္စည်းများကြောင့် နစ်မြုပ်ခြင်းမရှိသော လူတချို့ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း မိန်ဂါက ပြောကြားခဲ့သည်။

မာလီ၌ ဖြစ်ပွားသော ယင်းလှေတိမ်းမှောက်မှုသည် ဘေးကင်းလုံခြုံမှုအဆင့်မမီသောကြောင့် ယခုကဲ့သို့ အသက်အန္တရာယ်နှင့် ကြုံတွေ့ကာ သေဆုံးမှုများ ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောလကလည်း လူ ၂၀ သယ်ဆောင်လာသော ကုန်တင်ကားတစ်စီးသည် နိုင်ငံအလယ်ပိုင်းတွင်ရှိသော မြစ်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သေးကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ကောင်စစ်ဝန်ရုံးအတွင်း သတင်းထောက်ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး ဆော်ဒီဝန်ခံဖွယ်ရှိကြောင်း သိရ



**ရီယာ့ဒ် အောက်တိုဘာ ၁၆**

သတင်းထောက် ခါရှော့ဂီပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး ဆော်ဒီသို့ စေလွှတ်ခြင်းခံရသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ယင်းကိစ္စနှင့် ပတ်သက်ပြီး ဖြစ်နိုင်သမျှ အရာအားလုံးကို စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောခဲ့သည်။

တစ်ချိန်တည်းမှာပင် တူရကီစုံစမ်းစစ်ဆေးရေး တပ်ဖွဲ့ဝင်များသည် ကားခြောက်စီးဖြင့် ဆော်ဒီကောင်စစ်ရုံးကို စတင်ရှာဖွေစစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။

တူရကီအာဏာပိုင်များက သတင်းထောက် ခါရှော့ဂီ အသတ်ခံရခြင်းဖြစ်နိုင်သည်ဟု ယုံကြည်ကြောင်း ပြောခဲ့သော်လည်း အဆိုပါ အငြင်းပွားဖွယ်ကောင်းသည့် စွပ်စွဲမှုနှင့် ပတ်သက်ပြီး ဆော်ဒီနိုင်ငံ၏ ပုံရိပ်ကို ထိခိုက်စေနိုင်သလို ဆော်ဒီအိမ်ရှေ့မင်းသား၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ရိုက်ခတ်နိုင်သည်ဟုဆိုကာ ဆော်ဒီက ငြင်းဆိုခဲ့သည်။

သို့သော်လည်း လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က တူရကီနိုင်ငံ ဆော်ဒီကောင်စစ်ရုံးထဲသို့ ဝင်ရောက်ခဲ့ပြီးနောက် ပျောက်ခြင်းမလှပျောက်နေသည့် အမေရိကန်တွင် ခိုလှုံနေသူ ဆော်ဒီသတင်းထောက် ခါရှော့ဂီ အသတ်ခံရနိုင်ခြေရှိသည့်အတွက် ဆော်ဒီအာရေဗျက ဝန်ခံဖို့ ပြင်ဆင်နေပြီဖြစ်ကြောင်း အမေရိကန်သတင်းဌာနများတွင် ထုတ်ဖော်ရေးသားခဲ့သည်။

သတင်းထောက် ခါရှော့ဂီသည် စစ်ဆေးမေးမြန်းနေစဉ် သေဆုံးခဲ့ခြင်း ဖြစ်နိုင်ကြောင်း၊ အမှန်မှာ ဆော်ဒီ ထောက်လှမ်းရေးများက ခါရှော့ဂီကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရန် အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ရုံးမှ ဆော်ဒီ အာရေဗျနိုင်ငံသို့ ခိုးထုတ်သွားရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက စီအင်န်အင်န်သို့ ပြောကြားခဲ့သည်။

အမေရိကန် သမ္မတထရမ့်နှင့် ဆော်ဒီဘုရင် ဆယ်မန်တို့ မိနစ် ၂၀ ခန့်ကြာ ဖုန်းဆက်သွယ်ပြောဆိုစဉ် ခါရှော့ဂီနှင့် ပတ်သက်ပြီး ၎င်းအနေဖြင့် ဘာမျှမသိကြောင်း ဆော်ဒီဘုရင်က ပြောကြားခဲ့သည်။

ခါရှော့ဂီသည် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်အား ဝေဖန်သည့်စာများ ရေးသားနေသူဖြစ်သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားခေါင်းဆောင် လာရောက်လည်ပတ်ရန် မွန်ဂိုလီးယားသမ္မတ ဖိတ်ခေါ်

**အူလန်ဘာတော အောက်တိုဘာ ၁၆**
မွန်ဂိုလီးယားသမ္မတ Khalmaa Battulga သည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း မွန်ဂိုလီးယားသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည်။ မွန်ဂိုလီးယားသမ္မတသည် ၎င်း၏ဖိတ်ခေါ်မှုကို ကြေးနန်းစာဖြင့် ပေးပို့ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံ ပိုင်မီဒီယာတွင် တနင်္ဂနွေနေ့က ဖော်ပြထားသည်။ မြောက်ကိုရီးယားနှင့် သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့်အတွက်လည်း ဂုဏ်ယူကြောင်း မွန်ဂိုလီးယားသမ္မတက ပြောခဲ့သည်။

နှစ်နိုင်ငံ ဆက်ဆံရေးအတွက် မြောက်ကိုရီးယားနှင့် မွန်ဂိုလီးယား ယခင်ခေါင်းဆောင်များသည် ခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ခဲ့ကြကြောင်း မွန်ဂိုလီးယားသမ္မတ ဘတ်တူဂါ ရေးသားသည့်ကြေးနန်းစာတွင် ဖော်ပြထားသည်ဟု နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။ မြောက်ကိုရီးယား ခေါင်းဆောင်ဟောင်း ကင်အီဆွန်းသည်လည်း မွန်ဂိုလီးယားသို့ သွားရောက်ဖူးရာ လက်ရှိမြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းလည်း မွန်ဂိုလီးယားသို့ လာရောက်လည်ပတ်မည်ဟု ဘတ်တူဂါက မျှော်လင့်ထားကြောင်း မီဒီယာများက ဖော်ပြထားသည်။ ယခုနှစ်နှောင်းပိုင်းတွင်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်သည် ရုရှားသို့ ပထမဦးဆုံးအကြိမ် သွားရောက်ဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**

### မော်ရိုကိုမြောက်ပိုင်းတွင် ရထားတစ်စင်းလမ်းချော်မှုဖြစ်ပွား ခြောက်ဦးသေဆုံး

**ရာဘတ် အောက်တိုဘာ ၁၆**
မော်ရိုကိုနိုင်ငံ မြောက်ပိုင်းတွင် အောက်တိုဘာ ၁၆ ရက်က ရထားတစ်စင်းလမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ခရီးသည် ခြောက်ဦးသေဆုံးခဲ့ပြီး ၈၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ သတင်းရင်းမြစ်များတွင် ဖော်ပြခဲ့သည်။ မတော်တဆဖြစ်ပွားခဲ့သည့် နေရာ၌ မော်ရိုကို အမျိုးသားမီးရထားလိုင်း အိုအင်န်စီအက်စ်မှ ညွှန်ကြားရေးမှူး မိုဟာမက် ရာဘီးခါလီက ခုနစ်ဦးမှာ ဒဏ်ရာအပြင်းအထန် ခံစားနေရကြောင်း သတင်းထောက်များကို ပြောကြားသည်။ ပြည်ထဲရေးနှင့် ပို့ဆောင်ရေးဝန်ကြီးတို့နှင့်အတူ ခါလီသည် ရထားလမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် အဆိုပါနေရာသို့ နာရီအနည်းငယ်အတွင်း ရောက်ရှိလာခဲ့ကြောင်း သိရသည်။

မြောက်ပိုင်းမြို့များဖြစ်သည့် ကက်ဆာဘလန်ကာနှင့် တန်ဂျီယာတို့ကို ပြေးဆွဲနေသော အဆိုပါရထားသည် အောက်တိုဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က ဘောက်နာဒယ်မြို့ငယ်လေးတွင် လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရထားလမ်းချော်မှုဖြစ်ပွားခဲ့သည့် အကြောင်းရင်းကို ယခုချိန်အထိမသိရသေးကြောင်းနှင့် တိကျသောအကြောင်းရင်းကို သိရှိရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ခါလီက ပြောကြားသည်။

**ဆင်ဟွာ**

# နိုင်ဂျီးရီးယားမှ ကျန်းမာရေးလုပ်သားများ၏ စိုးရိမ်ဖွယ် အခြေအနေ

**ဖြူးစန္ဒီနွေး**




နိုင်ဂျီးရီးယားမှာ ဘိုကိုဟာရမ်သောင်းကျန်းသူတွေနဲ့ အစိုးရတပ်ဖွဲ့ဝင်တွေကြား တိုက်ပွဲတွေကြောင့် အရပ်သားတွေ ထိခိုက်နစ်နာရတာ အားလုံးအသိပါပဲ။

### ခဏခဏ ပြန်ပေးဆွဲမှုများ

ဘိုကိုဟာရမ်အုပ်စုဟာ ပြန်ပေးဆွဲမှုတွေ ခဏခဏ ပြုလုပ်လေ့ရှိတာလည်း ကမ္ဘာ့မီဒီယာတွေမှာ မကြာခဏဆိုသလို မြင်တွေ့နေရပါတယ်။ နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းမှာရှိတဲ့ ဘိုကိုဟာရမ် သောင်းကျန်းသူတွေကြောင့် ထောင်ပေါင်းများစွာသော လူတွေဟာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပါတယ်။ စစ်ပွဲကြောင့် ဒုက္ခရောက်ရသူတွေကို ကူညီကယ်တင်ပေးဖို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအပါအဝင် အခြားသော အကူအညီပေးရေးအုပ်စုတွေဟာလည်း နိုင်ဂျီးရီးယားမှာ လုပ်ကိုင်နေကြပါတယ်။ အခုအခါမှာတော့ ဘိုကိုဟာရမ်တွေရဲ့ ပြန်ပေးဆွဲမှုဟာ ကျန်းမာရေးဝန်ထမ်းတွေအထိ ရောက်လာပါတော့တယ်။ ပြန်ပေးဆွဲခံထားရတဲ့ ကျန်းမာရေးလုပ်သားနှစ်ဦးဟာ သူတို့ကို သတ်ပစ်တော့မယ်လို့ ဘိုကိုဟာရမ်ဘက်က ရက်ချိန်းပေးထားတဲ့နေ့ဟာလည်း နီးကပ်လို့လာပါပြီ။ တနင်္ဂနွေနေ့ကပဲ ကြက်ခြေနီအဖွဲ့ဟာ ကျန်းမာရေးလုပ်သားနှစ်ဦး အသက်အန္တရာယ်စိုးရိမ်စရာမရှိဘဲ ပြန်လွတ်မြောက်လာဖို့ နိုင်ဂျီးရီးယားအစိုးရထံ တောင်းဆိုခဲ့ပါတယ်။

### အလွန်စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်လာ

လွန်ခဲ့တဲ့တစ်လလောက်က ဘိုကိုဟာရမ်တွေရဲ့ ပြန်ပေးဆွဲခံထားရသူ အသတ်ခံရပြီးတဲ့နောက်မှာတော့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ဟာ အခုလို တောင်းဆိုလိုက်တာပဲ ဖြစ်ပါတယ်။ လာမယ့် ၂၄ နာရီအတွင်းမှာ ကျန်ရှိနေတဲ့ ကျန်းမာရေးလုပ်သားဟာ အသတ်ခံရတော့မှာပါလို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ အခုအချိန်မှာ လျင်လျင်မြန်မြန်နဲ့ အမြန်လုပ်ဆောင်ရမယ့်အချိန်ကို ရောက်နေပါပြီလို့လည်း ထုတ်ပြန်ချက်မှာ ထည့်သွင်းဖော်ပြထားပါတယ်။ မတ်လ ၁ ရက်နေ့ကစပြီး အမျိုးသမီး ကျန်းမာရေးလုပ်သား သုံးဦး ပြန်ပေးဆွဲခံရတာပါ။ ဝေးလံခေါင်သီတဲ့ အရှေ့မြောက်ပိုင်းမြို့ဖြစ်တဲ့ ရန်မြို့မှာ ပြန်ပေးဆွဲခံခဲ့ရပါတယ်။ သူတို့ ပြန်ပေးဆွဲခံရစဉ်က ကျန်းမာရေးလုပ်သားသုံးဦး အသတ်ခံရပြီး နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်ရှစ်ဦး အသတ်ခံခဲ့ရပါတယ်။

ပြန်ပေးဆွဲခံရသူသုံးဦးအနက်မှ နှစ်ဦးဖြစ်တဲ့ ဟာဝါလီမန်းနဲ့ ဆေ့ဖြူရာခရိုဆာတို့ဟာ ဂျီနီဗာအခြေစိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့မှာ အလုပ်လုပ်ကိုင်နေသူဖြစ်ပြီး ကျန်တစ်ဦးကတော့ အဲလစ်လေ့ရှာဖြစ်ပြီး ယူနီဆက်ဖ်အဖွဲ့အတွက် အလုပ်လုပ်ကိုင်နေသူ ဖြစ်ပါတယ်။ ဟာဝါလီမန်းဟာ အစိုးရကျန်းမာရေးစင်တာမှာ သားဖွားဆရာမအဖြစ် လုပ်ကိုင်ပြီး အဲလစ်လေ့ရှာကတော့ သူနာပြုတစ်ဦးပါ။ သူတို့သုံးဦးရဲ့ သတင်းနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့လကထိ ဘာသတင်းမှမကြားရသေးပါဘူး။ ဒါပေမယ့်လည်း ခရိုဆာကို ဘိုကိုဟာရမ်တွေက သတ်ဖြတ်လိုက်တဲ့ ဗီဒီယိုဖိုင်ကို ကြက်ခြေနီအဖွဲ့က လက်ခံရရှိခဲ့တယ်လို့ ပြောကြားခဲ့တဲ့အခါမှာတော့ နောက်ထပ်နှစ်ဦးအတွက် အခြေအနေဟာ စိုးရိမ်စရာအကောင်းဆုံးအချိန်ကို ရောက်ရှိလို့သွားပါပြီ။

### ဓားစာခံအဖြစ် ဆက်လက်ကျန်ရှိ

စက်တင်ဘာ ၁၆ ရက်မှာ ခိုဆာကို သတ်ဖြတ်ခဲ့ပြီး လီမန်းနဲ့ အဲလစ်လေ့ရှာတို့ကတော့ ဓားစာခံအဖြစ် ဆက်လက်ကျန်ရှိနေခဲ့ပါတယ်။ ဘိုကိုဟာရမ်တို့ကတော့ သူတို့ရဲ့ တောင်းဆိုချက်ကိုသာ လိုက်နာမှုမပြုခဲ့ရင် အချိန်တစ်လပြည့်တာနဲ့ ကျန်နှစ်ဦးကိုလည်း သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားခဲ့ပါတယ်။ ဆိုးရွားလှတဲ့ရလဒ်တွေ ထပ်ပြီးဖြစ်မလာတော့ဖို့ မျှော်လင့်တယ်လို့ Lake Chad ဒေသ ကြက်ခြေနီအဖွဲ့ခေါင်းဆောင် မာမာဒူဆောက ပြောခဲ့ပါတယ်။ မေတ္တာတရားကိုပြသတဲ့အနေနဲ့ ကျန်နှစ်ဦးကို မသတ်ဘဲထားဖို့ ကြက်ခြေနီအဖွဲ့က တောင်းဆိုခဲ့ပြီး နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းရှိ လူမှုအဖွဲ့အစည်းကို ကူညီရာရောက်ပါတယ်လို့ ပြောခဲ့ပါတယ်။

### နေရပ်စွန့်ခွာ ထွက်ပြေးမှုများ

ဟာဝါနဲ့ အဲလစ်တို့ဟာ ဆေးလုပ်သားတွေဖြစ်ပြီး ရန်ဒေသမှာရှိတဲ့ ထိခိုက်ခံစားနေရတဲ့ လူတွေကို ကူညီဖို့ ဒီအလုပ်ကို ရွေးချယ်ခဲ့ကြသူတွေပဲ ဖြစ်ပါတယ်လို့ မာမာဒူဆောက ပြောပါတယ်။ ဘိုကိုဟာရမ်တွေဟာ ပြန်ပေးဆွဲရာမှာ တွေ့ရာလူကို ခေါ်ဆောင်သွားပြီး နိုင်ဂျီးရီးယားအစိုးရက ဖမ်းဆီးထားတဲ့ သူတို့ရဲ့အဓိကတပ်မှူးတွေ၊ အကျဉ်းသားတွေနဲ့ အလဲအလှယ်ပြန်လုပ်လေ့ရှိပါတယ်။ ကင်မရွန်းနယ်စပ်က ရန်မြို့ဟာ ဝေးလံခေါင်ဖျားတဲ့မြို့ဖြစ်ပြီး ဘိုကိုဟာရမ်တွေ သောင်းကျန်းမှုကြောင့် လူပေါင်း ခြောက်သိန်းကျော်ဟာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပါတယ်။ ဘိုကိုဟာရမ်အုပ်စုဟာ အရေးပေါ် အစားအစာ၊ ဆေးဝါးတွေရရှိဖို့အတွက် အဆိုပါမြို့ကို အသုံးပြုပါတယ်။

### ကျောင်းသူတွေပါ ပြန်ပေးဆွဲ

ဘိုကိုဟာရမ်တွေဟာ ကျန်းမာရေးလုပ်သားတွေတင် ပြန်ပေးဆွဲတာ မဟုတ်ပါဘူး။ ကျောင်းသူလေးတွေကိုလည်း ပြန်ပေးဆွဲပါတယ်။ ဖေဖော်ဝါရီလအတွင်းကလည်း ဒတ်ပ်ချီမှာရှိတဲ့ ကျောင်းက ကျောင်းသူ ၁၀၀ ကျော်ကို ပြန်ပေးဆွဲခဲ့ပါတယ်။ အဲဒီအထဲက အသက် ၁၅ နှစ်အရွယ် လာ့ရှ်ရှာရီဘူးဆိုတဲ့ မိန်းကလေး ပြန်လည်လွတ်မြောက်ရေးအတွက်လည်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က တောင်းဆိုထားပါသေးတယ်။ ရှာရီဘူးဟာ သူ့ရဲ့ အပေါင်းအဖော်တွေ လွတ်မြောက်သွားပေမယ့် ရှာရီဘူးတစ်ယောက်ကတော့ ကျန်နေခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ သူက အားလုံးထဲမှာ တစ်ဦးတည်းသော ဘာသာခြားဖြစ်နေလို့ပါပဲ။ ဘာသာပြောင်းလဲဖို့အတွက် လက်မခံတဲ့ ရှာရီဘူးကို လွှတ်မပေးဘဲ ဆက်လက်ဖမ်းဆီးထားခဲ့ပါတယ်။

### သမ္မတ၏ ကတိ

လာ့ရှ်ရှာရီဘူးဟာ တူညီတဲ့ အဖွဲ့တစ်ခုတည်းကပဲ ဖမ်းဆီးခြင်းကို ခံရတာပါ။ သူ ထိခိုက်နာကျင်မှုမရှိဘဲ ပြန်လည်လွတ်မြောက်လာရေးအတွက်လည်း လုပ်ဆောင်လို့ရသမျှတွေ ပြုလုပ်သင့်တယ်လို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ အာဖရိကဆိုင်ရာ ညွှန်ကြားရေးမှူး ပက်ထရစ်ရှာဒန်ဇီက ပြောပါတယ်။ အခြားသော ပြန်လွှတ်ပေးခဲ့တဲ့ ပြန်ပေးဆွဲခံမိန်းကလေးတွေလိုပဲ သူ့ကိုလည်း ပြန်လွှတ်ပေးသင့်ပါတယ်လို့ သူက ဆက်ပြောပါတယ်။ သမ္မတ မိုဟာမက်ဘူဟာရီကတော့ ပြန်ပေးဆွဲခံရသူတွေအားလုံးကို ပြန်လည်လွတ်မြောက်လာနိုင်ရေး ဆောင်ရွက်ပေးမယ်လို့ ကတိပေးခဲ့ပါတယ်။

### ဝန်ထမ်းအင်အား လျှော့ချ

ပြီးခဲ့တဲ့ သောကြာနေ့ကလည်း ရှာရီဘူးရဲ့ မိဘတွေဆီ အစိုးရကိုယ်စားလှယ်တွေ သွားရောက်ပြီး သူတို့သမီး လွတ်မြောက်ရေးအတွက် အစိုးရက ဘယ်လိုကြိုးပမ်းပေးနေတယ်ဆိုတာကို ရှင်းပြခဲ့ပါတယ်။ မတ်လအတွင်းမှာ ကျန်းမာရေးလုပ်သား သုံးဦး ပြန်ပေးဆွဲခံရတဲ့အခါမှာတော့ အကူအညီပေးရေးအဖွဲ့အစည်းတွေအတွက် လုံခြုံရေးဟာ စိုးရိမ်စရာ အကောင်းဆုံးအနေအထားကို ရောက်ရှိလို့လာခဲ့ပါတယ်။ စိုးရိမ်စရာကောင်းတဲ့ အနေအထားကြောင့် ဝန်ထမ်းအင်အားကို လျှော့ချတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဲလစ်ခ် ဆန်ဒရာကတော့ ဒီဒေသမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကတော့ ဆက်လက်လိုအပ်နေဆဲဖြစ်တယ်လို့ ပြောပါတယ်။

### ကျန်းမာရေးလုပ်သားများ၏ အခက်အခဲ

တကယ်လို့များ အဲဒီဒေသမှာ ကျန်းမာရေးဝန်ထမ်းတွေအတွက် စိုးရိမ်စရာ အကောင်းဆုံး အခြေအနေဖြစ်လာခဲ့ရင် အဲဒီဒေသက လူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ဘယ်သူတွေက လုပ်ဆောင်ပေးတော့မှာလဲ။ အဲဒီဒေသက လူတွေက ကျန်းမာရေးအထောက်အပံ့ မရတော့မှာကို စိတ်ပူမိပါတယ်လို့ သူက ဆက်ပြောပါတယ်။ ဒီလိုမျိုး စိုးရိမ်ဖွယ်အခြေအနေတွေရှိပေမယ့် သမ္မတ ဘူဟာရီ ဦးဆောင်တဲ့ အစိုးရကတော့ ဒေသတွင်း တဖြည်းဖြည်း တည်ငြိမ်လာပြီဖြစ်တဲ့အတွက် ရွေးကောက်ပွဲကို ၂၀၁၉ ဖေဖော်ဝါရီမှာ ကျင်းပဖို့ စီစဉ်ထားတယ်လို့ ပြောပါတယ်။ နိုင်ဂျီးရီးယားက ကျန်းမာရေးလုပ်သားတွေရဲ့ အခြေအနေကတော့ စိုးရိမ်ဖွယ်ကောင်းနေဆဲပါပဲ။ ။

**ကိုးကား- အေအက်ဖ်ပီ၊ နယူးယောက်တိုင်းမ်**

> “စစ်ပွဲကြောင့် ဒုက္ခရောက်ရသူတွေကို ကူညီကယ်တင်ပေးဖို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအပါအဝင် အခြားသော အကူအညီပေးရေးအုပ်စုတွေဟာလည်း နိုင်ဂျီးရီးယားမှာ လုပ်ကိုင်နေကြပါတယ်။ အခုအခါမှာတော့ ဘိုကိုဟာရမ်တွေရဲ့ ပြန်ပေးဆွဲမှုဟာ ကျန်းမာရေးဝန်ထမ်းတွေအထိ ရောက်လာပါတော့တယ်”

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ပုသိမ်ကြီးမြို့နယ်၌ ပြန်လည်စွန့်လွှတ်မြေများအား မူလတောင်သူသို့ပေးအပ်ပွဲ တက်ရောက်

**မန္တလေး အောက်တိုဘာ ၁၆**

ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ စွန့်လွှတ်မြေများ မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းနှင့် သိမ်းဆည်းမြေကို မြေယာလျော်ကြေးပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာလ ဒုတိယပတ်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့က ပြန်လည်စွန့်လွှတ်သော မြေဧရိယာ ၂ ဒသမ ၁၈ ဧကအတွက် မူလတောင်သူထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃) လွှဲပြောင်းခြင်းနှင့် မြို့နယ်ဆေးရုံတည်ဆောက်ရန် သိမ်းဆည်းထားသော မြေဧရိယာ ၈ ဒသမ ၅၀ အတွက် တောင်သူနှစ်ဦးအား မြေယာလျော်ကြေးများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က မူလတောင်သူ ဦးအောင်ဝင်းထံသို့ မြို့နယ်ရဲတပ်ဖွဲ့မှ ပြန်လည်စွန့်လွှတ်မြေအတွက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃) ကို လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက မူလတောင်သူ ဦးကောင်းကြွယ်(ကွယ်လွန်)၏သား ဦးမျိုးချစ်အား မြို့နယ်ဆေးရုံတည်ဆောက်ရန် သိမ်းဆည်းမြေအတွက် မြေယာလျော်ကြေးငွေကျပ် ၅၀၆၀၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မူလတောင်သူ (ဦးသာသြ+ ဒေါ်ကြီး) တို့၏သား ဦးမြတ်စိုးအား အဆိုပါဆေးရုံ တည်ဆောက်ရန် သိမ်းဆည်းမြေအတွက် မြေယာလျော်ကြေးငွေကျပ် ၁၄၄၀၀၀၀၀ ကိုလည်းကောင်း ပေးအပ်ခဲ့သည်။



တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စွန့်လွှတ်အပ်နှံသည့် မြေဧရိယာ ၁၀၉ ဒသမ ၆၇၆ ဧကအနက် မြေဧရိယာ ၈၀၁၀၀ ဒသမ ၀၀ မှာ ဌာနအချင်းချင်း လွှဲပြောင်းပေးအပ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ တောင်သူများလက်ဝယ်သို့ ပေးအပ်ရန် မြေဧရိယာ ၉ ဒသမ ၆၇၆ ဧကရှိသည့်အနက် မြေဧရိယာ ၁ ဒသမ ၂၀၆ ဧကကို ပေးအပ်ပြီးစီးခဲ့ပြီး ယခု ထပ်မံ၍ ၂ ဒသမ ၁၈ ဧကကို မူလတောင်သူများထံသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကာ မြေဧရိယာ ၆ ဒသမ ၂၉ ဧက ထပ်မံလွှဲအပ်ရန် ကျန်ရှိနေကြောင်း သိရသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေများအားလုံးအပေါ် ဒီဇင်ဘာလကုန်အပြီး မူလတောင်သူများလက်ဝယ်သို့ ပြန်လည်အပ်နှံနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မတ် ၁၅ ရက်နှင့် စက်တင်ဘာ ၁၂ ရက်က ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအုပ်စုရှိ တီဘီရောဂါကုဆေးရုံကြီး တည်ဆောက်ရန် သိမ်းဆည်းခဲ့သည့် လယ်ယာမြေဧရိယာအတွင်းပါရှိသည့် မူလတောင်သူ ကိုးဦး၊ ဦးပိုင်ပေါင်း ၁၂ ခု၊ ဧရိယာ ၂၄ ဒသမ ၀၀ ဧကအတွက် မြေယာလျော်ကြေးငွေကျပ်သန်း ၃၆၀ ကိုလည်း ပေးအပ်ခဲ့ပြီးဖြစ်သည်။

**တင်မောင် (မန်းကိုယ်ပွား)**




# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မြို့နယ်အဆင့် ဒီမိုကရေစီနည်းကျ ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းစဉ် စီမံချက်အတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

**ပဲခူး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် UNDP တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် မြို့နယ်အဆင့် ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် စီမံချက်အတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေတို့က အမှာစကားပြောကြားခဲ့ကြပြီး UNDP ၏ Country Director, Mr. Peter Bat Chlor က ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ သဘောတူညီချက် အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ကြသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် UNDP တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့နယ်အဆင့် ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းစဉ် စီမံချက်သည် ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် မိုးညိုမြို့နယ်ငါးမြို့နယ်အတွက် ပြည်သူလူထုပူးပေါင်းပါဝင်သော ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန် ငွေကျပ် ၁၁၈၇ ဒသမ ၆၂၉ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ UNDP မှ Country Director, Mr. Peter Bat Chlor နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဟိန်းထက် (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ခရီးသွားရာသီစတင်ခြင်း အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**ကော့သောင်း အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ၂၀၁၈-၂၀၁၉ ခရီးသွားရာသီစတင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒေသခံခရီးသွားလုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် ယခုနှစ် ခရီးသွားရာသီကို စတင်ပြီဖြစ်ကြောင်း၊ နိုင်ငံတကာသို့ အသိပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကော့သောင်းဒေသသည် အလွန်သာယာလှပသည့် ပင်လယ်၊ သဘာဝကျွန်းများရှိသဖြင့် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ အလားအလာအကောင်းဆုံး ဒေသဖြစ်၍ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာသို့ ပျံ့နှံ့နိုင်သည့် ကြော်ငြာအားကောင်းကောင်းဖြင့် ဝိုင်းဝန်းလုပ်ဆောင်ပေးကြခြင်းဖြင့် နိုင်ငံတကာခရီးသွားများ နှစ်စဉ် ပိုမိုတိုးတက်ဝင်ရောက်လာစေခြင်းဖြင့် နိုင်ငံတော်ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါ အခမ်းအနားဖွင့်ပွဲတွင် ပြောကြားသည်။

အဆိုပါခရီးသွားရာသီစတင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လုပ်ဆောင်ခြင်းမရှိသေးဘဲ ယခု တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်မှ ပထမဆုံး စတင်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းသို့ လွန်ခဲ့သည့်နှစ် ခရီးသွားရာသီက ပြည်ပခရီးသွား သုံးသိန်း လေးသောင်းကျော်ခန့် ဝင်ရောက်လည်ပတ်ခဲ့ကြောင်း၊ ကော့သောင်းခရိုင်သည် တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၏ ၈၀ ရာခိုင်နှုန်းခန့်ဖြစ်၍ ယခုနှစ်တွင် ကော့သောင်းဒေသတစ်ခုတည်းအတွင်းသို့ ပြည်ပခရီးသွားဦးရေ သုံးသိန်းခန့်မျှ ဝင်ရောက်လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးညိုအေးက ခရီးသွားလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ယင်းနောက် ဒေသခံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမျိုးဝင်းသန်း (Grand Andaman Hotel Group) က ကော့သောင်းဒေသ ခရီးသွားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က နိဂုံးချုပ်ပြောကြားကာ တက်ရောက်လာသည့် ဧည့်သည်တော်များက ခန်းမအတွင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ ဟိုတယ်လုပ်ငန်းကုမ္ပဏီများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ဟိုတယ်ဆိုင်ရာ မှတ်တမ်းများ၊ ပင်လယ်သဘာဝကျွန်းခရီးစဉ် မှတ်တမ်းဓာတ်ပုံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## အသိပေးနှိုးဆော်ချက်

မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော် ကာလသို့ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရ ဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့်ဆောင်ရွက်လိုသူများမှလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

# မူဆယ်မြို့၌ အသက် ၈၀ နှင့်အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

**မူဆယ် အောက်တိုဘာ ၁၆**

မူဆယ်ဟွာယင်းကရုဏာဖောင်ဒေးရှင်းက မူဆယ်မြို့အတွင်းရှိ အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား လှူဒါန်းပစ္စည်းများဖြင့် ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်က မူဆယ်မြို့ ကောင်းနောင်ရပ်ကွက် တရုတ်ဘုံကျောင်း၌ ပြုလုပ်သည်။



အဆိုပါ ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားတွင် ကွမ်ယင်စီကျောင်းဆရာတော် အရှင်ဓမ္မရက္ခိတက ဘိုးဘွားများအား ဆုတောင်းစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဟွာယင်းကရုဏာဖောင်ဒေးရှင်းဉက္ကဋ္ဌ၊ တရုတ်ယဉ်ကျေးမှုဉက္ကဋ္ဌတို့နှင့် တာဝန်ရှိများက တရုတ်ဆရာတော်သုံးပါးအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ တရုတ်ယဉ်ကျေးမှုဉက္ကဋ္ဌ၊ မူဆယ်ဟွာယင်း ကရုဏာဖောင်ဒေးရှင်းအသင်းဉက္ကဋ္ဌတို့က မုဒိတာစကားများ ပြောကြားကြသည်။

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများက တရုတ်အဘိုးအဘွား ၁၀၀ ကျော်နှင့် မူဆယ်မြို့ရှိ တိုင်းရင်းသားပေါင်းစုံအဘိုးအဘွား ၁၀၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှင့် စောင်တစ်ထည်စီ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မြင်းခြံမြို့နယ်၌ မဲဆန္ဒရှင် ၂၂၀၀၀၀ ကျော်နှင့် မဲရုံ ၂၆၈ ရုံရှိ

**မြင်းခြံ အောက်တိုဘာ ၁၆**

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်တစ်နေရာနှင့် ရှမ်းတိုင်းရင်းသားများအတွက် ကိုယ်စားလှယ်တစ်နေရာတို့ကို မဲဆန္ဒရှင်များက ရွေးချယ်ပေးသွားမည်ဖြစ်ကာ မြို့နယ်အတွင်း မဲဆန္ဒရှင်အရေအတွက်မှာ ၂၂၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ၊ ပြည်သူ့အလုပ်သမားပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ကြားဖြတ်ရွေးကောက်ပွဲအတွက် မြင်းခြံမြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာအုပ်စုပေါင်း ၈၅ အုပ်စု ၊ ကျေးရွာပေါင်း ၁၈၅ ရွာ၌ ရှမ်းတိုင်းရင်းသားအနည်းငယ် အပါအဝင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း ၂၂၀၀၀၀ ကျော်ရှိကြောင်း၊ မဲဆန္ဒပေးရန်အတွက် မဲရုံပေါင်း ၂၆၈ ရုံ ရှိမည်ဖြစ်ကြောင်း၊ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်အတွက် မဲရုံခြောက်ရုံရှိကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဒွေးဝင်း၏ ပြောကြားချက်အရ သိရသည်။

မြင်းခြံခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကလည်း ငါန်းဇွန်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တွင် ရှမ်းတိုင်းရင်းသားများအတွက် ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ငါန်းဇွန်မြို့နယ်တွင် ရှမ်းတိုင်းရင်းသား လေးဦးရှိပြီး မဲရုံနှစ်ရုံနှင့် နွားထိုးကြီးမြို့နယ်တွင် ရှမ်းတိုင်းရင်းသား ၂၄ ဦးရှိပြီး မဲရုံ ၁၂ ရုံရှိကြောင်း ပြောသည်။

မြင်းခြံမြို့နယ်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များစာရင်းကို ကြေညာပေးခြင်း၊ မဲဆန္ဒပေးမည့် ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် မဲပေးရွေးချယ်နိုင်အောင် ပြင်ဆင်ခြင်း၊ မဲရုံမှူးများအတွက် သင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း စသည့်လုပ်ငန်းများဖြင့် စံငါးချက်နှင့်ညီသော ရွေးကောက်ပွဲဖြစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်နေ့ကို အောက်တိုဘာ ၁၅ ရက်က မကွေးမြို့၌ ကျင်းပရာ မသန်စွမ်းအဖွဲ့များ၊ အမြင်အာရုံချို့တဲ့သူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် ဝန်းရံသူများ ၁၅၀ ခန့် စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲကြစဉ်။

သန်းနိုင်ဦး(ငဖဲ)




# မော်လမြိုင်ကျွန်းမြို့နယ်၌ ပထမဆုံး အမှိုက်ကင်းစင်သော ကျေးရွာပေါ်ထွက်လာ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာသန့်ရှင်းရေး စီမံချက်အကောင်အထည်ဖော်သောအားဖြင့် မြို့နယ်အတွင်း ပထမဆုံး ကျေးရွာလုံးကျွတ်သန့်ရှင်းရေးကျေးရွာအဖြစ် မရဲ့အုန်းပင်စု စံပြကျေးရွာကို ရွေးချယ်ပြီး စက်တင်ဘာလမှစ၍ မြို့နယ်နှင့် ကျေးရွာပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်ဟု သိရသည်။

အဆိုပါ ကျေးရွာတွင် ကော်မတီဝင် ၁၁ ဦး ဖွဲ့စည်း၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ကျေးရွာပြည်သူများက စည်းကမ်းညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသဖြင့် ကျေးရွာလုံးကျွတ်သန့်ရှင်းရေး စံပြကျေးရွာအဖြစ် အောင်မြင်ခဲ့ပြီး ကျေးရွာလမ်းမကြီး တစ်လျှောက်နှင့် နေအိမ်ခြံဝင်းတို့တွင် အမှိုက်ကင်းစင်သော ကျေးရွာအပြင် ပလတ်စတစ်ကင်းစင်သော ကျေးရွာအဖြစ် အသိအမှတ်ပြုနိုင်ခဲ့ကာ အောက်တိုဘာ ၁၅ ရက်က မရဲ့အုန်းပင်စု စံပြကျေးရွာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နှင့် ဦးဝေယံထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာအတွင်း လှည့်လည်လေ့လာခဲ့ကြသည်။ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် ကျေးရွာသန့်ရှင်းရေး နာယက ဦးတင်အောင်သန်းတို့ကလည်း သန့်ရှင်းရေးစံပြကျေးရွာဖြစ်စေရန် ကြိုးပမ်းမှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုစံပြကျေးရွာတွင် လူနေအိမ်ခြေ ၈၅ အိမ်မှ သောကြာနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည့်အပြင် အောက်တိုဘာ ၁ ရက် ည ၆ နာရီမှစပြီး နေအိမ်တိုင်း ကိုယ့်အားကိုယ်ကိုး လမ်းမီးတိုင်များ ထွန်းညှိကြသဖြင့် တစ်ရွာလုံးမီးထိန်ထိန်လင်းပြီဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**



# မူးယစ်ဆေးအန္တရာယ် စာဖတ်ဝိုင်းကျင်းပ

**မော်လိုက် အောက်တိုဘာ ၁၆**

မော်လိုက်မြို့ စာပေချစ်မြတ်နိုးသူအသင်းအဖွဲ့မှ ဦးဆောင်၍ ကျောင်းသားလူငယ်များ Youth Club အဖွဲ့နှင့် မူးယစ်ဆေးအန္တရာယ်ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က မော်လိုက်ခရိုင်ပြန်/ဆက် ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်တို့က တက်ရောက်ခဲ့ကြပြီး လူငယ်များက မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် အပြန်အလှန်ဆွေးနွေးမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းလှိုင်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၆-၁၀-၂၀၁၈**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၃၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၅/၁၀၆၅ ကျပ် | ၁၁၂၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၉၅/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၈ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၂၀ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၂ · ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၅ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၁ · ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၈၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ · ၆၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၉၉၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဆိုင်းမိုင်အဖြစ် ပရိသတ်သိလာသည့် ပိုးကြာဖြူနှင့် တွေ့ဆုံမေးမြန်းခြင်း

**MRTV- 4 မှ ထုတ်လွှင့်ပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများစွာတွင် နေရာယူလာသည့် သရုပ်ဆောင်ပိုးကြာဖြူသည် လတ်တလောတွင် မိုးကောင်းကင်အိပ်မက် ဇာတ်လမ်းတွဲထဲမှ ပန်းသည်မလေး ဆိုင်းမိုင်အဖြစ် ပရိသတ်များကြား ရေပန်းစားနေလျက်ရှိရာ သူ၏ အနုပညာအပေါ်ခံယူချက်များနှင့် အနုပညာလှုပ်ရှားမှုများအကြောင်းကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**



**မေး - ဆိုင်းမိုင် ကာရိုက်တာကို လက်ခံဖြစ်ခဲ့တာက။**

ဖြေ - ဟုတ်၊ ညီမ ဒီအနုပညာအလုပ်ကို စလုပ်ဖြစ်ခဲ့တာက ၂၀၁၄ ခုနှစ်မှာ ဆရာဂျွန်လွင်ဆီမှာ မော်ဒယ်သင်တန်းတက်ဖြစ်တယ်၊ ပြီးတော့ အလှမယ်ပြိုင်ပွဲတွေဝင်ပြိုင်ဖြစ်ခဲ့တယ်၊ အဲဒီနောက်ပိုင်း ၂၀၁၅ ခုနှစ်မှာ MRTV-4 ကနေ ရုပ်သံဇာတ်လမ်းတွဲတွေရိုက်ဖို့ သရုပ်ဆောင်အသစ်တွေခေါ်တာနဲ့ ညီမသွားလျှောက်ခဲ့ရာကနေ သရုပ်ဆောင်အဖြစ် ရွေးချယ်ခံခဲ့ရတာပါ၊ အဲဒီကနေစပြီး အခု မိုးကောင်းကင်အိပ်မက်ဇာတ်လမ်းတွဲအထိပါပဲ၊ ဒီဇာတ်လမ်းတွဲလေးထဲက ကာရိုက်တာတွေကတော့ ညီမဒီကားလေးမရိုက်ခင် ဘားအံဘက်မှာ ဆရာမဇာတ်ရုပ်လေး သရုပ်ဆောင်နေရတာပေါ့နော်၊ ဥယျာဉ်မှူးဖြစ်ဖူးချင်သည် ဇာတ်လမ်းတွဲရိုက်နေတုန်း မိုးကောင်းကင်အိပ်မက် ကားရိုက်မယ်၊ အဲဒီမှာ ဒီကာရိုက်တာလုပ်ရမယ်၊ တစ်နေရာပဲကျန်တော့တယ်ဆိုပြီး ပြောတာနဲ့ ရိုက်ဖြစ်ခဲ့တာပါ၊ ကျန်တဲ့ဇာတ်ကောင်တွေက လူတွေရွေးပြီးထားပြီ၊ ပြီးတော့ ဒီဇာတ်ရုပ်ကလည်း ညီမနဲ့လိုက်တယ်ဆိုတာကြောင့် ရိုက်ဖြစ်ခဲ့တာပါ၊

**မေး - ရိုက်သမျှဇာတ်တွေက အနေအေးတဲ့သူအဖြစ်နဲ့ပဲ တွေ့ရတယ်နော်၊ တကယ်လို့ ကာရိုက်တာချိန်းခိုင်းရင်ရော။**

ဖြေ - ဟုတ်၊ ဆိုင်းမိုင်ဇာတ်ကောင်မှာ အဆိုးရော အကောင်းရော နှစ်မျိုးလုံးကို တွေ့နိုင်ပါတယ်၊ အခုနောက်ထပ်ရိုက်မယ့် ကြယ်ကလေးရဲ့ကောင်းကင်ဇာတ်မှာတော့ ကာရိုက်တာချိန်းထားတာကို ပရိသတ်တွေ့ရဦးမှာပါ၊ ကလေးဆန်တဲ့သူတစ်ယောက်အဖြစ် တွေ့ရမှာပါ၊ ညီမ ထပ်ပြီးရိုက်ချင်တဲ့ဇာတ်ဆိုရင် စုံထောက်ပုံစံလေးတွေ၊ လူကြီး သိပ်ဆန်တဲ့ပုံလေးတွေရှိမယ်၊ ဗီလိန်ကာရိုက်တာတော့ လုံးဝမရိုက်ချင်ဘူးရှင့်၊ ကာရိုက်တာချိန်းသွားဖို့ဆို ညီမက စကားပြောတဲ့ပုံစံ၊ ကိုယ်ဟန်အမူအရာတွေကို နည်းနည်းချင်းစီ ပြောင်းလိုက်တယ်၊ ဆရာမကာရိုက်တာမှာဆို ဆရာမပုံ၊ ဆိုင်းမိုင်ကာရိုက်တာဆိုလည်း ပရိသတ်မြင်တဲ့အတိုင်းပေါ့နော်၊ အခု နောင်ရိုက်မယ့် ချစ်ပန်းအိမ်မှာဆို ပရိသတ်ကြည့်ရင် ညီမက အလွန်အေးတဲ့သူလို့ အပြင်မှာမြင်ကြမယ်၊ ဒါပေမယ့် ညီမက စကားသိပ်သွက်တယ်၊ အပြင်မှာ တက်ကြွတဲ့သူ၊ အဲဒီကာရိုက်တာနဲ့ တခြားစီဖြစ်နေတယ်။ အနေအေးတဲ့သူ၊ စကားနည်းတဲ့မိန်းကလေးအဖြစ်နဲ့ဆိုတော့ အခက်အခဲတွေရှိခဲ့ပါတယ်။ ချစ်ပန်းအိမ် ကာရိုက်တာက အလွန်မိန်းကလေးဆန်တဲ့သူဖြစ်နေတော့ ခက်တယ်။

**မေး - ကိုယ်က ဇာတ်လမ်းတွဲကနေ ရုပ်ရှင်ဘက်ကူးတဲ့အခါ ကိုယ့်အတွက် အခက်အခဲဖြစ်စေနိုင်လား။**

ဖြေ - ဇာတ်လမ်းတွဲရိုက်နေသူတစ်ဦးအတွက်ကတော့ ကျွန်တာ အဆင်ပြေမယ်ထင်တယ်။ ဇာတ်လမ်းတွဲရိုက်တာက စနစ်ကျပြီး သူ့ပုံစံနဲ့သူ ဝင်အောင်လုပ်ရတာလေ၊ ခက်တယ်၊ ရုပ်ရှင်ကျတော့ တစ်ခန်းချင်းစီသွားတယ်၊ မကြိုက်ရင်ပြန်လုပ်ရတော့ လွယ်မယ်ထင်တယ်။

**မေး - ဇာတ်ကားကြီးတွေရိုက်ရင်ရော ရွေးချယ်တာမျိုးရှိနိုင်လား။**

ဖြေ - ဇာတ်လမ်းတွဲက ပရိသတ်နဲ့ထိတွေ့ခွင့်ရတာ ပိုများမယ်ထင်တယ်။ အဲဒီတော့ ဇာတ်လမ်းတွဲရိုက်ရတာ ပိုကြိုက်တယ်။ တကယ်လို့ ဇာတ်ကားအပြင်မှာရိုက်ဖို့ကမ်းလှမ်းလာရင်တော့ ကိုယ်ကြိုက်တဲ့ကာရိုက်တာကို ရွေးသွားမှာပါ။ လုပ်ကွက်လည်းကျန်တဲ့ဇာတ်မျိုးဆို လက်ခံသွားမှာပါ။

**မေး - အပြင်မှာ မာနကြီးတယ်လို့ပြောကြတယ်။**

ဖြေ - အဲလိုလည်းမဟုတ်ပါဘူး၊ ညီမက နေတတ်သလိုနေတာပါ၊ အပြင်မှာတော့ ပရိသတ်အတွေ့နည်းတဲ့သူပါ၊ ဇာတ်လမ်းထဲမှာတော့ ဆိုင်းမိုင်က ဆိုးတဲ့အခန်းတွေပါလာတော့ ပရိသတ်အမြင်ကပ်သွားတာမျိုးလည်း ရှိမှာပါ၊ ညီမစိတ်အခန့်မသင့်တဲ့အချိန်နဲ့ တွေ့မိတဲ့အခါ အဆင်မပြေမှုဖြစ်ခဲ့ရင် တောင်းပန်ပါတယ်။

**မေး - သရုပ်ဆောင်တွေထဲမှာ ကြိုက်တဲ့သူက။**

ဖြေ - မခိုင်နှင်းဝေပါ၊ သူနဲ့ လက်တွဲခဲ့တာမျိုးရှိတယ်၊ သူ့ရဲ့သရုပ်ဆောင်တာကို ကြိုက်တယ်၊ သူ့အိုက်တင်က ငြိမ်ပြီးတော့ ပညာပါတယ်၊ နောက်တစ်ဦးက မအေးမြတ်သူ၊ သူတို့နှစ်ဦးရဲ့ ကာရိုက်တာကို ကြိုက်ပါတယ်။ **ကိုလင်း**

## GODS Music Festival(EDM)ပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပမည်

ပြည်တွင်းပြည်ပထိပ်တန်း DJ ပညာရှင်များဖြင့် EDM အရသာကို အကောင်းဆုံးရရှိမည့် GODS(Gathering Of Dance Societies)Music Festival ပွဲကြီးကို ယခုလ ၂၄ ရက် ညနေ ၄ နာရီခွဲမှ ည ၁၂ နာရီအထိ ရန်ကုန်မြို့ သာကေတ ရှုခင်းသာပန်းခြံ Waterboom တွင် ကျင်းပမည်ဟု သိရသည်။

"လူကြီးလူငယ်မရွေး ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲကြရမယ့် GODS Music Festival ဂီတပွဲတော်ကြီးကို Milky way Entertainment က ဦးဆောင်ပြီး တင်ဆက်သွားမှာဖြစ်ပါတယ်၊ ပွဲမှာ ပြည်တွင်းမှ နာမည်ကြီး DJ ပညာရှင်များဖြစ်ကြတဲ့ Double U, The Kendrick, A John , Biggy Wyne, Kandi K, Neonz တို့နဲ့အတူ ပြည်ပက နာမည်ကျော် DJ ပညာရှင်များဖြစ်ကြတဲ့ Narvis & Lion Grunenberg တို့က ဦးဆောင်ဖျော်ဖြေသွားမှာပါ"ဟု Milky Way မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲကြီးတွင် Host အဖြစ် သရုပ်ဆောင် အဆိုတော် Mikis Weber က တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကာ လက်မှတ်များကို ကျပ်တစ်သောင်းခွဲနှင့် ကျပ်သုံးသောင်းခွဲ သတ်မှတ်ထားကြောင်း သိရသည်။ **ကိုလင်း**

## တွေးကြခေါ်ကြပြောင်းလဲကြ ရုပ်သံနှင့်ရေဒီယိုအစီအစဉ် ယခုလမှစတင်ပြီး ထုတ်လွှင့်

Paung Sie Facility မှ အဓိကပံ့ပိုးထားပြီး Search For Common Ground (SFCG)နှင့် MRTV တို့ ပူးပေါင်းရိုက်ကူးတင်ဆက်ထားသော "တွေးကြခေါ်ကြပြောင်းလဲကြ" ရုပ်သံနှင့်ရေဒီယိုအစီအစဉ်ကို ယခုလမှစပြီး မိတ်ဆက်ထုတ်လွှင့်ကာ အစီအစဉ်တွင် ရုပ်သံဇာတ်လမ်းတွဲ၊ ရေဒီယိုအစီအစဉ် စီးရီးစ်နှင့် အခြားအနုပညာအစီအစဉ်များ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့တွေးကြခေါ်ကြပြောင်းလဲကြ အစီအစဉ်မှာ အပ်ဖျားတစ်ထောက် ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၄ ရက်ကနေစပြီး ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်၊ တနင်္လာနေ့ ညနေ ၅ နာရီ ၅ မိနစ် အချိန်၊ စနေနေ့ ၆ နာရီ မိနစ် ၂၀ အချိန်နဲ့ တနင်္ဂနွေနေ့မှာတော့ ၆နာရီ မိနစ် ၂၀ နဲ့ ညနေ ၅ နာရီ ၅ မိနစ် နှစ်ချိန် ထုတ်လွှင့်ပြသသွားမှာပါ။ ရေဒီယိုအစီအစဉ်ကတော့ အောက်တိုဘာ ၁၃ ရက်ကစပြီး အသံလွှင့်ပါတယ်။ အချိန်တွေကတော့ တနင်္လာနေ့မှာ နေ့လယ် ၁ နာရီ ၁၅ မိနစ်၊ သောကြာနေ့မှာ နံနက် ၁၀ နာရီ မိနစ် ၅၀၊ စနေနေ့ညနေမှာ ၅ နာရီ မိနစ် ၄၀ နဲ့ တနင်္ဂနွေနေ့မှာ နေ့လယ် ၂ နာရီ ၁၅ မိနစ်အချိန်တွေမှာ အသံလွှင့်သွားမှာဖြစ်ပါတယ်"ဟု အစီအစဉ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေဒီယိုပညာပေးအစီအစဉ် အပိုင်း(၁၂)ပိုင်းတွင် အောင်မြင်ကျော်ကြားသည့် အနုပညာရှင်များ၊ လူမှုရေးလုပ်ငန်းများတွင် ဦးစီးဦးဆောင်လုပ်နေသူများ၊ ဥပဒေဆိုင်ရာပညာရှင်များနှင့်အတူ တေးသံရှင် Lဆိုင်းဇီက အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်မည်ဖြစ်ကြောင်း၊ လူမှုသဟဇာတဆိုင်ရာ ပညာပေးအစီအစဉ်(Public Service Announcement)တွင် တေးရေးမြင့်မိုးအောင်၊ ဦးအောင်မျိုးမင်း(Equility Myanmar)၊ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူ၊ စာရေးဆရာမ မသီတာ(စမ်းချောင်း)၊ တေးသံရှင် ချမ်းချမ်း၊ သရုပ်ဆောင်ကျော်ကျော်ဗိုလ်၊ ဖြူဖြူကျော်သိန်း၊ ကေကေမိုး၊ Leo၊ အစီအစဉ်တင်ဆက်သူ ကောင်းထက်ဇော်တို့နှင့်အတူ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## ဟာသသရုပ်ဆောင် ကစ်ကစ်၏ ကျန်းမာရေးချို့ယွင်းမှု အကူအညီလိုအပ်နေ

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကစ်ကစ်၏ ကျန်းမာရေးချို့ယွင်းမှုကြောင့် အကူအညီများလိုအပ်နေကြောင်း အနုပညာရှင်များ၏ လိုအပ်ချက်များအတွက် အနုပညာသစ်ပြတိုက် တည်ထောင်ထားသူ တေးရေး/တေးဆို ကိုမင်းကိုက ပြောကြားသည်။

"ဟာသသရုပ်ဆောင် မကစ်ကစ်အတွက် အနီးကပ်ပြုစုပေးနိုင်မယ့် အိမ်အကူတစ်ဦး အလိုရှိနေပါတယ်၊ ကျွန်တော်လည်း ပရဟိတခရီးတွေထွက်နေရတော့ အစ်မလိုခင်ရတဲ့ မကစ်ဆီ မရောက်ဖြစ်ဘူး။ ဒီနေ့အားတာနဲ့ သွားကြည့်ဖြစ်တော့ ခြေတွေလက်တွေ ဖောရောင်နေပြန်တာ တွေ့ရတယ်။ သမီးလေးကလည်း သွေးတိုးနဲ့နှလုံးရောဂါရှိနေတော့ ခဏခဏနေမကောင်းဖြစ်နေတယ်။ ကျွန်တော်လာခါနီးလေးကတောင် ရေချိုးခန်းမှာမူးလဲနေလို့ စာသင်ပေးတဲ့ဆရာမလေးကကြားပြီး တွဲခေါ်လာရတယ်တဲ့။ သားအမိနှစ်ယောက်ရဲ့အဖြစ်က ဖိုးသူတော်နဲ့ တောင်ဝှေးလိုဖြစ်နေကြတယ်။ သမီးမူးလဲတာတောင် အမေဖြစ်သူက ခုတင်ပေါ်က ချက်ချင်းမထနိုင်တဲ့ဘဝ ဖြစ်နေရတယ်။ အမေဖြစ်သူအတွက်လည်း သမီးဖြစ်သူက မနိုင်မနင်း လုပ်ပေးနေရတယ်။ ဆယ်တန်းကျောင်းသူက ကျောင်းစာတစ်ဖက်၊ အမေကိုပြုစုရတာတစ်ဖက်မှာ နှလုံးရောဂါနဲ့သွေးတိုးကရှိနေတော့ပိုဆိုးတာပေါ့"ဟု သရုပ်ဆောင်ကစ်ကစ်၏ လက်ရှိအခက်အခဲကို ကိုမင်းကိုက ပြောပြသည်။

"မကစ်ကစ်တို့သားအမိကိုဒီရက်ထဲတော့ ဆရာဝန်ပင့်ပြီး နှစ်ယောက်လုံးကို ရောဂါသေချာစမ်းသပ်ပြီး ကုပေးဖို့ စီစဉ်ထားပါတယ်။ မကစ်ကစ်အတွက် တကယ်လိုအပ်နေတာက အိမ်မှာ သေချာကြည့်ရှုစောင့်ရှောက်ပေးနိုင်မယ့်သူ လိုအပ်နေတာပါ။ ကူညီပေးနိုင်သူများရှိရင် ဆက်သွယ်ပေးစေလိုပါတယ်"ဟုလည်း ၄င်းကဆိုသည်။

"ကျွန်တော် စဉ်းစားမိပါတယ်၊ ဆရာမကြီးသန်းမြင့်အောင် တည်ထောင်ထားတဲ့ ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာလိုမျိုး အခုလို အနုပညာရှင်တွေ နာမကျန်းဖြစ်ရင်ကုဖို့၊ ဆင်းရဲနွမ်းပါးပြီး ဒုက္ခတွေ့နေတဲ့ အနုပညာရှင်တွေကိုကူညီဖို့ ဂေဟာကြီးတစ်ခုကို သိန်းရာချီရနေတဲ့ ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတ အနုပညာရှင်ကြီးတွေ နည်းနည်းစီစုပြီး အကောင်ထည်ဖော်နိုင်ကြရင်ကောင်းမယ်လို့ စဉ်းစားနေမိပါတယ်။ အချို့အနုပညာရှင်ကြီးတွေလည်း စဉ်းစားမိကြမယ်ထင်ပါတယ်။ မြန်မြန်အကောင်ထည်မဖော်နိုင်သေးတာဖြစ်မယ်။ အနုပညာရှင်ဆိုတာ အကျပိုင်းရောက်ရင် တော်တော်ဒုက္ခတွေ့ကြရပါတယ်။ အနုပညာဆည်းဆာရိပ်တော့ ရှိနေပါပြီ။ ဒါပေမယ့် အနုပညာရှင် ဘိုးဘွားတွေအတွက် သီးသန့်ဖြစ်နေတာပါ"ဟုလည်း ကိုမင်းကိုက ဆက်ပြောသည်။ သရုပ်ဆောင် ကစ်ကစ်သာမက အသက်အရွယ်ရလာပြီး အိုမင်းမစွမ်းသော သက်ကြီးသရုပ်ဆောင် အနုပညာရှင်များကိုလည်း ၄င်းအနေဖြင့် ကူညီပံ့ပိုးမှုများ ဆက်လက်လုပ်ဆောင်ရန် စီစဉ်ထားကြောင်း ကိုမင်းကို၏ ပြောကြားချက်အရ သိရသည်။ **ကိုလင်း**



## မိုရီဆာကီဝင်း ပါဝင်သည့် Win Shooow Time! ဖျော်ဖြေရေးအစီအစဉ်များ MNTV မှ ထုတ်လွှင့်မည်

ဂျပန်နိုင်ငံရောက် မြန်မာပြည်ဖွား လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်သူ မိုရီဆာကီဝင်း အနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဓလေ့ထုံးစံများကို ဖော်ကျူးရိုက်ကူးထားသည့် Win Shooow Time! အစီအစဉ်များတွင် ပါဝင်မည်ဖြစ်ပြီး အဆိုပါ အစီအစဉ်များကို နိုဝင်ဘာ ၁၇ ရက်မှစ၍ MNTV မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ MNTV နဲ့တွဲပြီးလုပ်ထားတဲ့ အစီအစဉ်သစ်လေးတစ်ခုဖြစ်ပါတယ်။ မြန်မာနဲ့ဂျပန် ချစ်ကြည်မှုအနေနဲ့လည်း ပါပါတယ်။ ပျော်စရာတွေ၊ စိတ်လှုပ်ရှားစရာတွေ၊ ဟာသတွေ အများကြီးပါဝင်တာကြောင့် Win Shooow Time! လို့ပေးထားတာဖြစ်ပါတယ်။ သီချင်းဆိုတာတွေ၊ Challenge တွေ အများကြီးပါမယ်၊ Special Talk တွေပါမယ်၊ ရေဗက္ကာဝင်း၊ အရိုင်းပါမယ်၊ အနုပညာရှင်တွေရဲ့ Life Style တွေ၊ သီချင်းအကြောင်းတွေပါမယ်။ ဒီဟာလေးက လူကြီးလူငယ်မရွေးပျော်ရွှင်စေနိုင်မယ့် မြန်မာပြည်မှာပထမဆုံး စစ်မှန်တဲ့ Variety Show ဖြစ်မယ်၊ မိုရီဆာကီဝင်း ကိုယ်တိုင်ကလည်း အထူးတင်ဆက်ထားတဲ့Win Shooow Time! အစီအစဉ်လေးပါ။ Prizmax အဖွဲ့ရဲ့ music live show တွေ၊ Special Guest တွေနဲ့ စကားဝိုင်းနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပါဝင်မယ်။ ဟာသသရုပ်ဆောင် အရိုင်းရဲ့ဂျပန်နိုင်ငံမှာရှိတဲ့ ထင်ရှားကျော်ကြားတဲ့နေရာဒေသတွေကို သွားလည်ပတ်ရင်းနဲ့ ဟာသဖျော်ဖြေတဲ့အစီအစဉ်တွေ ပါဝင်မှာပါ"ဟု မိုရီဆာကီဝင်းက ပြောသည်။

"ကျွန်တော်က အဲဒီအစီအစဉ်မှာကစားတာဟန်ပြမဟုတ်ပါဘူး၊ တကယ်ဖိုက်၊ တကယ်ချတာပါ။ ကျွန်တော်ရဲ့ ပထမဆုံးအတွေ့အကြုံပါ။ အစီအစဉ်မှာလည်း မြန်မာပြည်က အနုပညာရှင်တွေကို အဓိကထားပြီး လုပ်တာပါ။ ကျွန်တော်တို့ အစီအစဉ် ၁၊ ၂ အထိ လုပ်ထားပါတယ်။ အမြင်သစ်တွေ မြင်စေချင်တယ်၊ ဗဟုသုတလေးတွေလည်း ပေးချင်ပါတယ်။ အစီအစဉ် ၁ က ရိုက်ပြီးသွားပြီ။ ၁၃ ပိုင်းရှိပါတယ်။ နိုဝင်ဘာ ၁၇ ရက်ကစပြီး အပတ်စဉ် စနေနေ့ည ၈ နာရီကနေ ၉ နာရီအထိ ထုတ်လွှင့်ပြသသွားမှာဖြစ်လို့ ကြည့်ရှုအားပေးပါ"ဟုလည်း မိုရီဆာကီဝင်းက ပြောသည်။ အဆိုပါ အစီအစဉ်များကို MNTV နှင့် Dream Vision တို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# ကလေးအဝတ်အစား ဝယ်ယူမိလို့ ကိုယ်ဝန်ရှိနေပြီလို့ မိုင်လေဆိုင်းရပ်စ် ထင်ကြေးပေးခံနေရ

ရှိုးပွဲတွေမှာ အမြဲတမ်းပွဲဆူအောင်လုပ်လေ့ရှိတဲ့ မိုင်လေဆိုင်းရပ်စ် တစ်ယောက် လော့အိန်ဂျလိစ်မြို့မှာ ကလေးဝတ် အဝတ်အစားတွေဝယ်နေတဲ့အတွက် သူမှာကိုယ်ဝန်များရှိနေပြီလားဆိုတဲ့ သတင်းတွေ ထွက်လာခဲ့ပါတယ်။ အသက် ၂၅ နှစ် အရွယ်ရှိပြီဖြစ်တဲ့ မိုင်လေဆိုင်းရပ်စ်ဟာ အောက်တိုဘာ ၁၄ ရက်က လော့အိန်ဂျလိစ်မြို့က ကလေးပစ္စည်းဆိုင်ကို သွားရောက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်လခန့်ကလည်း မိုင်လေဆိုင်းရပ်စ်နဲ့ သူ့ခင်ပွန်းလောင်း လီယန်ဟမ်စ်ဝေါ့တို့ဟာ သူတို့အနေနဲ့ကလေးယူဖို့ အဆင်သင့်ပဲလို့ ပြောခဲ့ဖူးပါတယ်။ ဒါ့ကြောင့်မို့လည်း မိုင်လေကို ကလေးပစ္စည်းဆိုင်မှာ တွေ့ရတာဖြစ်နိုင်တယ်လို့ ထင်ကြေးပေးနေကြပါတယ်။

ကလေးပစ္စည်းဝယ်ယူရုံနဲ့ မိုင်လေဆိုင်းရပ်စ်မှာ ကိုယ်ဝန်ရှိနေပြီလို့ ယူဆလို့မရပါဘူးလို့ မိုင်လေနဲ့ နီးစပ်သူတစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ကိုပြောပါတယ်။ "မိခင်ဘဝကိုခံယူဖို့ မိုင်လေဆိုင်းရပ်စ်အနေနဲ့ အဆင်သင့်ဖြစ်နေပြီး မိခင်တစ်ယောက်ဖြစ်ရတာ ဘယ်လောက်ကြီးမြတ်တယ်ဆိုတာကို သူကောင်းကောင်းသိပါတယ်။ ဒါ့အပြင် မိုင်လေဟာ ကလေးချစ်တတ်သူတစ်ဦးဖြစ်ပြီး စိတ်ထားကောင်းသူတစ်ဦးပါ။ ဒါပေမယ့် လော့အိန်ဂျလိစ်မြို့မှာ ကလေးပစ္စည်းတွေဝယ်ယူတာကတော့ သူ့အတွက်မဟုတ်သေးပါဘူး"လို့ မိုင်လေနဲ့ရင်းနှီးသူက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

အခုအခါမှာတော့ မိုင်လေနဲ့ သူ့ခင်ပွန်းလောင်းဖြစ်သူ လီယန်တို့ဟာ မိုင်လေလွန်ခဲ့တဲ့နှစ်ကဝယ်ယူခဲ့တဲ့ တင်နက်ဆီပြည်နယ်က နေအိမ်မှာပဲအချိန်ဖြုန်းနေကြပါတယ်။ မြို့နဲ့ ငါးမိုင်လောက်ဝေးပြီး ၃၃ ဒသမ ၅ ဧက ကျယ်ဝန်းတဲ့မြေပေါ်မှာ ဆောက်ထားတဲ့ အဲဒီအိမ်ကြီးဟာ ဒေါ်လာ ၅ ဒသမ ၈ သန်းတန်တယ်လို့လည်း သိရပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



# ပရီယန်ကာနဲ့ နစ်ခ်တို့ရဲ့ လက်ထပ်ပွဲအကြောင်း ဖွင့်ဟလာတဲ့ ပရီနီတီချိုပရာ

ဘောလိဝုဒ် မင်းသမီးချော ပရီယန်ကာချိုပရာဟာ အဆိုတော်တစ်ဦးဖြစ်တဲ့ နစ်ခ်ဂျိုနာ့စ်နဲ့စေ့စပ်ထားတာ အားလုံးအသိပါပဲ။ သူတို့နှစ်ဦးဟာ ဒေ့ါဂ်ျပူမှာမိသားစုဝင်များနဲ့ ရင်းနှီးတဲ့သူငယ်ချင်းတွေရှေ့မှာပဲ လက်ထပ်ပွဲကျင်းပမယ်လို့ ကောလာဟလတွေ တသီကြီး ထွက်လာခဲ့ပါတယ်။ အခုအခါမှာလည်း ပရီယန်ကာချိုပရာနဲ့ ညီမဝမ်းကွဲလည်းဖြစ်၊ သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ ပရီနီတီချိုပရာက အစ်မဖြစ်သူ လက်ထပ်ပွဲအကြောင်းကို ပြောပြခဲ့ပါတယ်။

"ကျွန်မကတော့ သူတို့နှစ်ဦးစပြီး စေ့စပ်တဲ့အချိန်ကစလို့ လက်ထပ်ပွဲကျရင် ဘာဝတ်ရမလဲလို့ စဉ်းစားနေတာပဲ။ မင်္ဂလာပွဲဟာ တကယ့်ကို ခမ်းခမ်းနားနားကျင်းပဖြစ်လိမ့်မယ်။ နှစ်ဦးစလုံးဟာ မိသားစုဝင်တွေကို အလေးထားတဲ့အတွက် ရင်းနှီးသူတွေနဲ့ပဲ မင်္ဂလာပွဲကို ကျင်းပဖြစ်လိမ့်မယ်"လို့ ပြောခဲ့ပါတယ်။

"မင်္ဂလာပွဲဟာ မကြာမီကျင်းပတော့မှာပါ။ နှစ်ဖက်စလုံးက ရိုးရာအတိုင်း မင်္ဂလာပွဲကို ပြုလုပ်ချင်ကြပါတယ်။ မင်္ဂလာပွဲမှာ အမေရိကန်စတိုင်ရော၊ အိန္ဒိယယဉ်ကျေးမှုပါ ရောထွေးနေမှာဖြစ်လို့ ပရီယန်ကာအနေနဲ့ ပြင်ဆင်ဖို့ အချိန်ကောင်းကောင်း ယူရတယ်"လို့ ပရီယန်ကာနဲ့ ရင်းနှီးသူက ယူအက်စ်ဝိခ်ကလီးကို ပြောပါတယ်။

နစ်ခ်ရော ပရီယန်ကာပါ မင်္ဂလာပွဲကျင်းပဖို့မစောင့်နိုင်ကြတော့ဘူး။ သူတို့နှစ်ဦးဟာ တကယ်ကို နက်နက်နဲနဲချစ်ကြတာပါပဲလို့ သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့ သတင်းအရင်းအမြစ်တစ်ခုက ပြောပါတယ်။

**ဘောလိဝုဒ်လိုက်ဖ် ဒေ့ါကွန်း**

**ခြူး**



## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၄၃)

# ဥပဒေအတွေး ပေးခဲ့ကြသည်



**ဦးဟန်ညွန့် (ဥပဒေ)**

**သင်ကြားသူနှင့် သင်ယူသူ**

"သင်ကြားသူ" နှင့် "သင်ယူသူ" ဟု နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ ဆရာများက သင်ကြားသည်။ တပည့်များက သင်ယူသည်။ သဘာဝကျလှသည်။ ဆရာမပြနည်းမကျ။ အာစရိယ သင်ပြဆရာ။ ကြီးမားပါသော ကျေးဇူးဂုဏ်အင်အနန္တ။ မြင့်မြတ်လှပါသည်။

**ရှေ့နေချုပ်များ သင်ကြားခဲ့သည်**

"ရှေ့နေချုပ်များ သင်ကြားခဲ့သည်" ဆောင်းပါး ရေးသားတင်ဆက်ခဲ့ပြီးပါပြီ။ များစွာသော ဆရာကြီးများ၊ ဥပဒေပညာရှင်ကြီးများ ကျန်ပါသေးသည်။ စာမျက်နှာအတိုင်းအတာအရ အခန်းဆက်ရေးပါမည်။

**(၁) ဒေါက်တာမောင်မောင်**

၁၉၇၁ တွင် BA(Law) ဘွဲ့ရ၊ ၁၉၇၂ တွင် LLB ဘွဲ့ရ၊ ၁၉၇၃ တွင် ဥပဒေဝန်ထမ်းအဆင့်(၄)(အစမ်းခန့်) ရွေးချယ်ခံရသည်။ ထိုကာလက ကျွန်တော့်အား တရားရေးဝန်ကြီး ဒေါက်တာမောင်မောင်က လက်မှတ်ရေးထိုး၍ တာဝန်ပေးသည်။ ဥပဒေဝန်ထမ်း အဆင့်(၄)ဖြစ်ပြီ။ ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းကျောင်းသို့ တက်ခွင့်ရပြီ။ ဥပဒေလောကအစ ခြေချခွင့်ရပြီ။

တရားရေးဝန်ကြီး ဒေါက်တာ မောင်မောင်က ဥပဒေပါရဂူ။ ဥပဒေကျမ်းပေါင်းများစွာ ပြုစုခဲ့သူ။ သွေးနီ (၁၉၄၆)တို့ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ (၁၉၅၈)၊ သက်ရှိရာဇဝင်(၁၉၅၆)၊ နိုင်ငံတော်လုပ်ကြံမှု၊ ပြည်ထောင်စုနှင့် ဦးစော(၁၉၆၃)၊ မြန်မာ့နိုင်ငံရေး ခရီးနှင့် ဗိုလ်ချုပ်ကြီး နေဝင်း (၁၉၆၉)၊ သားမောင် စစ်သည်သို့ (၁၉၇၃)၊ တရားဥပဒေအထွေထွေ ဗဟုသုတ(၁၉၇၄)၊ ပြည်သူ့ဝန်ထမ်းသားသမီးများသို့ (၁၉၈၇) စသည့် စာအုပ်များ ပြုစုရေးသားသော ဥပဒေပညာရှင်။

**အင်္ဂလိပ်ဘာသာဖြင့်**

The Forgotten Army (1946), Burma's Teething Time (1949), London Diary(1952), Grim War against the KMT (1953), Burma in the Family of Nations (1956), Burma's constitution (1959), A Trial in Burma (1961), Aung San of Burma (1962), Law and Custom in Burma and the Burmese Family (1963), Burma and General Ne Win (1969), To a Solidier Son (1974), The 1988 up rising in Burma (1999) တို့ ရေးသားခဲ့သော ကမ္ဘာကျော်စာရေးဆရာ၊ ဥပဒေပညာရှင်။

ဤသို့သော ဥပဒေပညာရှင်(နောင်တွင် နိုင်ငံတော်သမ္မတ)က ကျွန်တော်အပါအဝင် လူငယ်ဥပဒေဝန်ထမ်းများအား ကျကျနန သင်ပြပေးခဲ့သည်။ စနစ်တကျ ပျိုးထောင်ပေးခဲ့သည်။ စနစ်သစ် တရားစီရင်ရေး၏ လုပ်ငန်းစဉ်များ စမ်းသပ်ပေးခဲ့သည်။ ပြည်သူ့ဘဝ ထိုးထွင်းပြခဲ့သည်။

စာကလေး ပေကလေး ရေးတတ်သော ကျွန်တော့်အား "ဥပဒေမှတ်စုတွေထုတ်၊ နယ်ပယ်အတွေ့အကြုံတွေစု၊ ပြည်သူကို ဂရုပြု" ဟု တဖွဖွ စေတနာအမှာစကားကို ယနေ့တိုင် ပြန်လည်ကြားယောင်ဆဲ...။ ကျွန်တော်အပါအဝင် အောင်ဆန်း(၆) ဥပဒေဝန်ထမ်း အပေါင်းကလည်း ဥပဒေပညာရှင် ဒေါက်တာမောင်မောင်၏ အသင်အပြ၊ အလေ့အကျင့်၊ အတွေးအခေါ်များ၏ ကျေးဇူးတရားကို ထာဝစဉ်ပွားများနေကြမည်မှာ အမှန်ပါ။

**ပိုလျှင်ရှုပ်တတ်သည်**

ဝန်ကြီးဒေါက်တာမောင်မောင် ညွှန်ပြချက်များ အနက်-

ဥပဒေကို လိုအပ်သည်ထက်ပို၍ မပြုနှင့်။ ပိုလျှင် ရှုပ်တတ်သည်။ လူအများမသိ။ နားမလည်ရှိတတ်သည်။

**ဥပဒေအမျိုးမျိုး**

ကိစ္စတစ်ရပ်အတွက် ဥပဒေအမျိုးမျိုး အထပ်ထပ် မလုပ်နှင့်။ တစ်စုတစ်စည်းတည်း ပြည့်စုံ၊ ရှင်းလင်းစွာ ပြုစုပြဋ္ဌာန်းခြင်းက ပို၍သင့်မြတ်သည်။

**ရှင်းလင်းလွယ်ကူစေ**

ဥပဒေရေးဆွဲရာတွင် ရှင်းလင်းလွယ်ကူပါစေ။ ဥပဒေပညာရှင်များသာ နားလည်ပြီး လိုက်နာကျင့်သုံးရမည့် ပြည်သူအများ နားမလည်လျှင် အချည်းနှီး




ဖြစ်တတ်သည်။ နားလည်သူလူတစ်စု ပြောသမျှနှင့် ပြီးနေရတတ်သည်။

**ဖတ်မည့်သူ သဘောပေါက်ဖို့**

ဥပဒေရေးဆွဲလျှင် ပြည့်စုံပါစေ။

စာရေးသူက သူ့ဝမ်းဗိုက်ထဲတွင် သူသိနေရုံနှင့် မပြီး။ ဖတ်မည့်သူ သဘောပေါက်ဖို့ အရေးကြီးသည်။

**မသမာသူတို့အတွက် စားပေါက်**

ဥပဒေများများ ပြုလုပ်၍ မည်သည့်ကိစ္စတွင် မည်သူ့ခွင့်ပြုချက်ယူရမည်။

မည်သည့်အဖွဲ့က စိစစ်၍ မည်သည့်အဖွဲ့ထံ တင်ရမည်။ မည်သည့်ပုံစံမျိုးဖြင့် မည်သို့လျှောက်ထားရမည် စသည့်စည်းကမ်း၊ လုပ်ထုံး၊ အဆင့်များလေလေ၊ တကယ့်လက်တွေ့တွင် ခက်ခဲကြန့်ကြာလေလေ၊ မသမာသူတို့အတွက် စားပေါက်ဖြစ်လေလေ ဖြစ်တတ်သည်။

**မျှော့ကြိုး**

ရှင်းလင်းထင်ရှားသော ဥပဒေကို တိတိကျကျ လိုက်နာပါ။ လိုတစ်မျိုး၊ မလိုတစ်မျိုး မျှော့ကြိုးလို ဆွဲ၍ အဓိပ္ပာယ်မကောက်နှင့်။ ကိုယ့်မှာ အာဏာရှိသည်ဟု ကိုယ်ကြိုက်သလို အဓိပ္ပာယ်မကောက်နှင့်။ လုပ်ကိုင်လို့မရ၊ လက်တွေ့အခက်အခဲကြီးမားနေလျှင် လိုအပ်သလို (ဥပဒေကို ပြင်ဆင်ရန်) ဥပဒေပြုအာဏာပိုင်ထံ လုပ်ထုံးနှင့်အညီ ပွင့်လင်းစွာတင်ပြ အဆုံးအဖြတ်ယူပါ... စသည်ဖြင့် ကျွန်တော်ဖတ်ရှု မှတ်သားထားသမျှ ပြန်လည်ရေးသားတင်ပြအပ်ပါသည်။

**(၂) ရှေ့နေချုပ် ပါမောက္ခဦးလှအောင်**

၂၅-၉-၁၉၇၁ မှ ၄-၃-၁၉၇၄ အထိ နိုင်ငံတော် ရှေ့နေချုပ်တာဝန်ထမ်းခဲ့သောဆရာကြီး ဥပဒေပါမောက္ခ ဦးလှအောင် ဖြစ်ပါသည်။ ၁၀-၇-၁၉၇၃ နေ့တွင် ဥပဒေဝန်ထမ်းအဆင့်(၄)(အစမ်းခန့်)ဖြစ်ကြသော ကျွန်တော်တို့သည် ဆရာကြီး ဦးလှအောင်နှင့် ဝန်ထမ်းဘဝမှာ ပြန်လည်ဆုံတွေ့ကြပြန်ပါပြီ။ ဥပဒေကျောင်းသားဘဝကလည်း ပါမောက္ခဆရာကြီးဖြစ်ခဲ့သူမို့ ဥပဒေဝန်ထမ်းဖြစ်သည့်အခါ ရှေ့နေချုပ်အဖြစ် ပိုမိုလေးစားမိပါသည်။

သို့သော်ငြား "တို့ဆရာကြီးပါကွာ။ တပည့်တွေမို့ ညှာညှာတာတာ အုပ်ချုပ်မှာပါ" ဟု ကျွန်တော်တို့ (လျှော့)တွက်မိကြပါသည်။ (ဆရာကြီး) ဥပဒေပါမောက္ခရှေ့နေချုပ် ဦးလှအောင်သည် ဥပဒေပညာရှင်ပီပီ နေ့စဉ် ကျွန်တော်တို့အား ဆုံးမစကားမှာ "မင်းတို့ မငယ်တော့ဘူး။ ကျောင်းသားစိတ်တွေ ဖျောက်ကြ။ ဥပဒေဝန်ထမ်းဖြစ်ပြီမို့ ပို၍ ပို၍ ဥပဒေကို စောင့်သိရိုသေကြ" ဟု သွန်သင်ညွှန်ပြလေ့ရှိပေသည်။ ကျောင်းဆရာဘဝမှလာသော ရှေ့နေချုပ် ဆရာကြီး ဦးလှအောင်ကို (တပည့်ကျောင်းသား) ကျွန်တော်တို့ ဥပဒေဝန်ထမ်း အများစုကတော့ ဖခင်ကြီးပမာ ဂါရဝတရား ထားခဲ့ကြပါသည်။ ဥပဒေပညာရေးအခန်းကဏ္ဍနှင့် မြန်မာနိုင်ငံ၏ အခြေအနေ၊ ဥပဒေဝန်ထမ်းများ ထားရှိရမည့် ဥပဒေအတွေးအခေါ်တို့ကို ရှေ့နေချုပ်ဆရာကြီး ဦးလှအောင်က သင်ပြခဲ့ပုံများ တမ်းတသတိရလျက် ရှိပါသည်။

**အပြည်ပြည်ဆိုင်ရာအမြင်**

ရှေ့နေချုပ် ပါမောက္ခ ဦးလှအောင်၏ သွန်သင်ချက်များအနက် ဥပဒေရေးရာကို သုံးသပ်ရာတွင် အပြည်ပြည်ဆိုင်ရာ တရားဥပဒေ (International Law) အမြင်ဖြင့် သုံးသပ်ဖို့ (ပြည်တွင်းအမြင် တစ်ခုတည်းနှင့် မလုံလောက်သည့်အကြောင်း) အမြဲ ထောက်ပြသွန်သင်ခြင်းပင် ဖြစ်ပါသည်။ ဤတစ်ချက်ကို ကျွန်တော်အထူး မှတ်မိနေပါသည်။

တက္ကသိုလ်ဥပဒေ ပညာရေးအကြောင်းကို (ဥပမာအားဖြင့် ၁၈၇၈ ကိုလိုနီခေတ်တက္ကသိုလ် ဥပဒေပညာသင်ကြားရေး၊ ၁၉၂၀ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန တည်ရှိလာပုံ၊ အချိန်ပိုင်းပို့ချမှု၊ B-L(Bachelor of Law)(ဥပဒေဝိဇ္ဇာဘွဲ့အပ်နှင်းပုံ) တော်လှန်ရေးကောင်စီ ခေတ်ပညာရေးမူဝါဒ၊ ၁၉၆၄ တက္ကသိုလ်ပညာရေး၊ ၁၉၆၅ အချိန်ပြည့်ဘွဲ့ကြိုဥပဒေသင်တန်းများ၊ ရန်ကုန်-ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သီးခြားဥပဒေပညာဌာန ပေါ်ပေါက်ပုံ၊ B.A (Law) ; LL.B အပ်နှင်းမှုများအား ဥပဒေပါမောက္ခ (ရှေ့နေချုပ်)ဆရာကြီး ဦးလှအောင်က ပြောပြရင်း ဥပဒေဝန်ထမ်းဘဝအပြောင်းအလဲသို့ အတွေးအခေါ်များအား စီးဆင်းဖြတ်သန်းခဲ့ပုံများ စနစ်ကျနစွာဖြင့် သင်ကြားပြသပေးသည်။

**စေတနာ**

**ဥပဒေအတွေးသည် ဥပဒေအတွေးသာ**ဖြစ်ခြင်းကြောင့် အခြားအတွေးများနှင့်တူချင်မှ တူပေလိမ့်မည်။ ဤမူသဘောကို ကြံကြံဖန်ဖန် တွေးခေါ်စဉ်းစားမိသော ကျေးဇူးရှင်ဆရာကြီးများအား ဂါရဝပြုသည့် ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ။ ။

**"ကျောင်းဆရာဘဝမှလာသော ရှေ့နေချုပ် ဆရာကြီး ဦးလှအောင်ကို (တပည့်ကျောင်းသား) ကျွန်တော်တို့ ဥပဒေဝန်ထမ်းအများစုကတော့ ဖခင်ကြီးပမာ ဂါရဝတရား ထားခဲ့ကြပါသည်။ ဥပဒေပညာရေး အခန်းကဏ္ဍနှင့် မြန်မာနိုင်ငံ၏ အခြေအနေ၊ ဥပဒေဝန်ထမ်းများ ထားရှိရမည့် ဥပဒေအတွေးအခေါ်တို့ကို ရှေ့နေချုပ်ဆရာကြီး ဦးလှအောင်က သင်ပြခဲ့ပုံများ တမ်းတသတိရလျက်ရှိ"**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(၁) တရားရုံးသည် ကုမ္ပဏီနှင့်ပတ်သက်သည့် စာရင်းရှင်းလင်း ဖျက်သိမ်းရန် အမိန့်ကိုပလပ်နိုင်သည် သို့မဟုတ် ဆိုင်းငံ့နိုင်သည်၊

(၂) တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ပြန်လည်ထူထောင်ရေး မန်နေဂျာအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်၊

(၃) တရားရုံးက ထိုအမိန့်ကို ချမှတ်သည့်အခါ ဤအပိုင်းပါပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်၊

(၄) တရားရုံးသည် နည်းဥပဒေတွင် ဖော်ပြထားသည့် အခြားသော ကိစ္စရပ်များအတွက် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

**တရားရုံး၏အာဏာများ**

၄၆။ (က) တရားရုံးသည်အောက်ပါကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ ကျေနပ်မှုရှိလျှင် ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၁) အရ အမိန့်ချမှတ်နိုင်သည်-

(၁) ကုမ္ပဏီသည် ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည်မပေးဆပ်နိုင်ခြင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိခြင်း၊ နှင့်

(၂) အပိုင်း (၂) ပါ ရည်ရွယ်ချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သော အလားအလာများရှိခြင်း။

(ခ) ပြန်လည်ထူထောင်ရေးလျှောက်ထားချက်ကို ကြားနာပြီးနောက် တရားရုံးသည် -

(၁) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ကြောင်း အမိန့်ချမှတ်နိုင်သည်၊

(၂) လျှောက်ထားမှုကို ပလပ်နိုင်သည်၊

(၃) စည်းကမ်းချက်နှင့်ဖြစ်စေ၊ စည်းကမ်းချက်မပါဘဲဖြစ်စေ ကြားနာခြင်းကို ရွှေ့ဆိုင်းနိုင်သည်၊

(၄) လျှောက်ထားချက်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားခြင်းဖြစ်သည်ဟု မှတ်ယူလျက် ပုဒ်မ ၁၆၄ နှင့်အညီ အမိန့်ချမှတ်နိုင်သည်၊

(၅) အပြီးသတ်အမိန့်မချမှတ်မီ ပုဒ်မခွဲ (ဂ) ပါ ကြားဖြတ်မိန့်အပါအဝင် မည်သည့်ကြားဖြတ်အမိန့်ကိုမဆို ချမှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၅) အရ ချမှတ်သောကြားဖြတ်အမိန့်သည်-

(၁) ကုမ္ပဏီဒါရိုက်တာများအတွက် သီးခြားဖော်ပြထားသည့် လုပ်ပိုင်ခွင့်များကျင့်သုံးခြင်းကို ကန့်သတ်နိုင်သည်။ သို့မဟုတ်

(၂) ပုဒ်မ ၁၇၂ ပုဒ်မခွဲငယ် (ဃ)၊ (စ) နှင့် (ဆ) တွင်ပြဋ္ဌာန်းထားသော ကန့်သတ်ချက်များကို သတ်မှတ်နိုင်သည်။

**ခန့်အပ်မှုအကျိုးသက်ရောက်သည့်အခြေအနေ**

၄၇။ အောက်ပါကိစ္စရပ်ဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးမန်နေဂျာအားခန့်ထားမှုသည် စတင်သက်ရောက်မှုရှိစေရမည်-

(က) တရားရုံးမှခန့်အပ်ခြင်းဖြစ်လျှင် ထိုပြန်လည်ထူထောင်ရေး အမိန့်တွင် ဖော်ပြပါရှိသည့် အချိန် သို့မဟုတ် အချိန်ဖော်ပြပါရှိခြင်းမရှိလျှင် ထိုအမိန့်ကို ချမှတ်သည့်အချိန်၊ နှင့်

(ခ) ကုမ္ပဏီ သို့မဟုတ် အာမခံအကျိုးခံစားခွင့်ရ မြီရှင်မှ ခန့်အပ်ခြင်းဖြစ်လျှင် ထိုသို့ခန့်အပ်ကြောင်း စာဖြင့်ရေးသားခန့်အပ်လွှာကို လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သို့ ပေးပို့သည့်အချိန်။

**အထူးကိစ္စရပ်များတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာကို ရွေးချယ်ခြင်း**

၄၈။ (က) ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ဆဲ သို့မဟုတ် ပုဒ်မ ၅၅ ပုဒ်မခွဲ (က)အရ ဆောင်ရွက်ဆဲအခြေအနေတွင် တရားရုံးက ပြန်လည်ထူထောင်ရေး မန်နေဂျာခန့်အပ်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ထို့ပြင် ပြန်လည်ထူထောင်ရေးမန်နေဂျာခန့်အပ်ရန် သို့မဟုတ် တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် တရားရုံးသို့ လျှောက်ထားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ကုမ္ပဏီမှ ဆောင်ရွက်နေလျှင် တရားရုံးသည်သင့်သည်ထင်ပါက ပြန်လည်ကယ်ဆယ်ခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်တွင် ကုမ္ပဏီမှခန့်အပ်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအစား တရားရုံးသို့ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန်သဘောတူကြောင်း စာဖြင့်ရေးသားပေးပို့သည့် အခြားလူမွဲခံယူခြင်း ကျွမ်းကျင်သူနှင့် အစားထိုးနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ကုမ္ပဏီက ခန့်အပ်ထားခြင်းဖြစ်ပြီး ကုမ္ပဏီပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်ရှိသည့် အခြေအနေတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအားခန့်အပ်ကြောင်း အကြောင်း ကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အာမခံအကျိုးခံစားခွင့်ရ မြီရှင်သို့ ပေးပို့ရမည်ဖြစ်သည်။ ထို့ပြင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် အကြောင်းကြားစာရပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ၎င်းခန့်ထားလိုသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် အစားထိုး ခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေးမန်နေဂျာက ထိုသို့ခန့်အပ်ခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်။

(ဂ) ပြန်လည်ထူထောင်ရေးမန်နေဂျာကို အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ခန့်အပ်ခြင်းဖြစ်လျှင် ဦးစားပေးအဆင့်မြင့်ပြီး ကုမ္ပဏီပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့် အခြားသောအာမခံအကျိုးခံစားခွင့်ရ မြီရှင်(ရှိလျှင်)ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအားခန့်အပ်ကြောင်း အကြောင်းကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း ထိုအခြားသော အာမခံအကျိုးခံစားခွင့်ရ မြီရှင်ထံပေးပို့ရမည်ဖြစ်သည်။ ထို့ပြင် ထိုမြီရှင်သည် အကြောင်းကြားစာရရှိပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ၎င်းခန့်ထားလိုသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် အစားထိုး ခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေးမန်နေဂျာက ထိုသို့ခန့်အပ်ခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း**

၄၉။ (က) ခန့်အပ်ခြင်းခံရသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ၎င်းအားခန့်အပ်ပြီးကြောင်းကို ကုမ္ပဏီသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေပါနည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်။

(၂) ၎င်းအားခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်းရေးသွင်းရမည်။

(၃) ၎င်းအားခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ခန့်အပ်မှုတရားမဝင်ခြင်း**

၅၀။ အကြောင်းတစ်စုံတစ်ရာကြောင့် ပြန်လည်ထူထောင်ရေးမန်နေဂျာအား ခန့်ထားမှုသည် တရားမဝင်ကြောင်းတွေ့ရှိပါက တရားရုံးသည် တရားမဝင်ခန့်ထားမှုကြောင့် ခန့်ထားခြင်းခံရသူတွင် ဖြစ်ပေါ်လာသည့် နစ်နာမှုတစ်စုံတစ်ရာအတွက် ၎င်းအား ခန့်ထားသူမှ ပေးလျော်ရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း(၃)
## ကယ်ဆယ်ခြင်းအဆင့်

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏လုပ်ငန်းဆောင်တာများ၊ တာဝန်များနှင့်လုပ်ပိုင်ခွင့်များ**

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏လုပ်ငန်းဆောင်တာများ**

၅၁။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အဓိကလုပ်ငန်းဆောင်တာများမှာ ပုဒ်မ ၄၁ တွင် ဖော်ပြထားသည့်ရည်ရွယ်ချက်များ အောင်မြင်စေရန် နည်းလမ်းများကို ရှာဖွေကာ ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို စီမံရန်ဖြစ်သည်၊

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည်ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်ရန် အလားအလာရှိသည့် ပစ္စည်းများအားလုံးကို ထိန်းသိမ်းရမည် သို့မဟုတ် စီမံခန့်ခွဲရမည်၊

(ဂ) အဆိုပြုအစီအစဉ်ကို မြီရှင်များထံပေးပို့လျှင် ပြည်လည်ထူထောင်ရေး မန်နေဂျာသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(၁) အစီအစဉ်၏ဖြစ်နိုင်ခြေနှင့် ပုဒ်မ ၄၁ ပါ ရည်ရွယ်ချက်များ ပြည့်မီနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြရန်၊

(၂) အဆိုပြုထားသည့်အစီအစဉ်သည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သူ သို့မဟုတ် အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးဖြစ်ထွန်းနိုင်ခြင်းရှိ မရှိ စုံစမ်းတင်ပြရန်၊

(၃) အစီအစဉ်ကို အတည်ပြုခဲ့လျှင် မြီရှင်များက ပြန်လည်ရရှိနိုင်သည့်အနေအထားကို စုံစမ်းတင်ပြရန်၊

(၄) အစီအစဉ်ကို အတည်မပြုခြင်းနှင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းဆိုင်ရာ စီမံဆောင်ရွက်မှု ပြုလုပ်ခြင်းတို့ကြောင့် မြီရှင်များ ပြန်လည်ရရှိနိုင်မှုတို့ကို နှိုင်းယှဉ်တင်ပြရန်၊

(၅) အထက်ဖော်ပြပါကိစ္စရပ်တစ်ခုချင်းစီအပေါ် ၎င်း၏အမြင်နှင့် ထင်မြင်ချက်များ၊ ထိုသို့ ထင်မြင်ယူဆရသည့်အကြောင်းအရင်းများ၊ မြီရှင်များက ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် သိရှိသမျှ အရေးကြီးအချက်အလက်များနှင့် ထိုအစီအစဉ်အတွက် မဲခွဲဆုံးဖြတ်ရာတွင်ထောက်ခံ သင့် မသင့် စသည့်အချက်များ ဖော်ပြပါရှိသည့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ရန်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏တာဝန်များ**

၅၂။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) မြီရှင်များအားလုံး၏အကျိုး ရှေးရှုဆောင်ရွက်ရန်၊ နှင့်

(ခ) တတ်နိုင်သမျှ လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရန်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီအေးဂျင့်အဖြစ်ဆောင်ရွက်ခြင်း**

၅၃။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ရန် ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခြင်းမှာ ကုမ္ပဏီ အေးဂျင့်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏လုပ်ပိုင်ခွင့်များ**

၅၄။ (က) ဤအပိုင်းပါပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေး မန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည်-

(၁) ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီပိုင်ပစ္စည်းများနှင့် ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို ကြီးကြပ်ပြီး ကုမ္ပဏီကို ဆက်လက်လည်ပတ်စေခြင်း၊

(၂) လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၃) ကုမ္ပဏီဒါရိုက်တာများကို ထုတ်ပယ်ခြင်း သို့မဟုတ် ခန့်အပ်ခြင်း၊ထို့အပြင်

(၄) အကယ်၍ ကုမ္ပဏီသည် မည်သူ၏ စီမံခန့်ခွဲမှုအောက်တွင်မှ မရှိတော့သည့်အခါ ကုမ္ပဏီဒါရိုက်တာများ ဆောင်ရွက်နိုင်သည့် သို့မဟုတ် ကျင့်သုံးနိုင်သည့် မည်သည့်လုပ်ပိုင်ခွင့်ကိုမဆို ကျင့်သုံးခြင်း သို့မဟုတ် မည်သည့်လုပ်ငန်းဆောင်တာကိုမဆို ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မ ၅၉၊ ၆၀ နှင့် ၆၁ ပါ ပြဋ္ဌာန်းချက်များတွင် ခွင့်ပြုထားသည်မှအပ ပုဒ်မခွဲ(က) အရ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအပေါင်အနှံရှိသော ပိုင်ဆိုင်မှုများကို စီမံခွင့် မရှိစေရ။

(ဂ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီမြီရှင်များအစည်းအဝေးကိုကျင်းပနိုင်သည်။

**ကယ်ဆယ်ခြင်းအဆင့်အတွင်း ကုမ္ပဏီအား အကာအကွယ်ပေးထားမှုများ**

**ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီအတွက်အကျိုးဆက်များ**

၅၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မ၁၇၂၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အရ ကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ခြင်းအဆင့်တွင်လည်း အသုံးပြုနိုင်သည်။ ထိုပုဒ်မခွဲများအရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို ပြန်လည်ထူထောင်ရေး မန်နေဂျာအနေဖြင့် ကယ်ဆယ်ခြင်းအဆင့်တွင် ကျင့်သုံးနိုင်သည်။

(ခ) ကုမ္ပဏီကသုံးစွဲနေသော သို့မဟုတ် ကုမ္ပဏီ၏လက်ဝယ်တွင်ရှိသော ပစ္စည်းကို တစ်ဦးဦးက ပိုင်ဆိုင်လျှင် သို့မဟုတ် တစ်ဦးဦးထံမှ ငှားရမ်းထားလျှင် ကယ်ဆယ်ခြင်းအဆင့်တွင် တရားရုံး၏အမိန့်အရ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ စာဖြင့်ရေးသားသဘောတူညီချက်အရ မဟုတ်လျှင် ထိုသူထံ လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

(ဂ) ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်အားလုံးသည် ရပ်စဲသွားသည်။

**ကုမ္ပဏီ၏ အာမခံအကျိုးခံစားခွင့်ရ မြီရှင်များကို ကာကွယ်ခြင်း**

၅၆။ ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီ၌အာမခံထားရှိသော ပိုင်ဆိုင်မှုများအား အတည်ပြုခြင်း၊ အတည်ပြုနေမှုကို ဆက်လက်ဆောင်ရွက်ခြင်းတို့ကို ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ စာဖြင့်ရေးသားသဘောတူညီချက် သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်မှတစ်ပါး ဆောင်ရွက်ခြင်း မပြုရ။

**အာမခံသူများအား အကာအကွယ်ပေးခြင်း**

၅၇။ ကုမ္ပဏီ၏ကြွေးမြီများ သို့မဟုတ် တာဝန်များနှင့် စပ်လျဉ်း၍ အာမခံသူများကို ကယ်ဆယ်ခြင်းအဆင့်တွင် တရားရုံး၏ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဥပဒေကြောင်းအရ အရေးယူခြင်း သို့မဟုတ် အရေးယူထားသည်ကို ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

**တရားရုံးကခွင့်ပြုချက်ပေးခြင်း**

၅၈။ ဤအခန်းအရ တရားရုံးက ခွင့်ပြုချက်များပေးရာတွင် တရားရုံးက သင့်တော်သည်ထင်မြင်သည့်အတိုင်း စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်များမထားဘဲ ဖြစ်စေ ခွင့်ပြုနိုင်သည်။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၅၉။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်းကို အောက်ပါနည်းလမ်းများဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်း စီမံခန့်ခွဲနိုင်သည် -

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

(၁) ကုမ္ပဏီ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုအရဖြစ်စေ၊ သို့မဟုတ်

(၂) အာမခံပစ္စည်းရရှိထားသူ၏ စာဖြင့်ရေးသား သဘောတူညီချက်ဖြင့်ဖြစ်စေ၊ သို့မဟုတ်

(၃) တရားရုံး၏ခွင့်ပြုချက်ဖြင့်ဖြစ်စေ။

(ခ) ထိုသို့ဆောင်ရွက်ရာတွင် အာမခံပစ္စည်းရရှိထားသူ၏ အကျိုးစီးပွားကို လုံလောက်စွာကာကွယ်မှုရှိသည်ဟု တရားရုံးကယုံကြည်မှသာလျှင် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃) အရ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ် (၁) ပါရည်ရွယ်ချက်များအလို့ငှာ အကြောင်းကြားစာ သို့မဟုတ် တောင်းခံစာထုတ်နိုင်သည့်အချက် သို့မဟုတ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်မှ ပုံသေကြွေးမြီတာဝန်အဖြစ် ပြောင်းလဲသည့်အချက်ဖြစ်သည်ဆိုရုံမျှဖြင့် ကုမ္ပဏီ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်ရာတွင် ရောင်းချခြင်းကို တားဆီးခြင်း မပြုနိုင်။

(ဃ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအကျိုးခံစားခွင့်အတွက် ကုမ္ပဏီပစ္စည်းကို ရောင်းချရာတွင် စီမံခန့်ခွဲသူတစ်ယောက်မှ ၎င်း၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် ကျိုးကြောင်းဆီလျော်စွာ အသုံးပြုရမည်။

**ပုံသေကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၆၀။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပုံသေကြွေးမြီတာဝန်ရှိသည့် ပစ္စည်းကို အောက်ပါနည်းလမ်းများဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်းစီမံခန့်ခွဲနိုင်သည်-

(၁) အာမခံပစ္စည်းရရှိထားသူ၏ စာဖြင့်ရေးသား သဘောတူညီချက်ဖြင့်ဖြစ်စေ၊ သို့မဟုတ်

(၂) တရားရုံး၏ခွင့်ပြုချက်ဖြင့်ဖြစ်စေ။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာ ခွင့်ပြုနိုင်သည် -

(၁) အာမခံပစ္စည်းရရှိသူ၏အကျိုးကို လုံလောက်စွာ ကာကွယ်သောအစီအစဉ်များ ရှိ မရှိ ၊ နှင့်

(၂) အမိန့်ကိုချမှတ်ခြင်းဖြင့် ပုဒ်မ ၄၁ ပါ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အထောက်အကူပြုနိုင်ခြင်း ရှိ မရှိ။

**အခြားကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များကို အကာအကွယ်ပေးခြင်း**

၆၁။ ပုဒ်မ ၅၉ နှင့်ပုဒ်မ ၆၀ တွင် ခွင့်ပြုထားသည်မှအပ ပြန်လည်ထူထောင်ရေး မန်နေဂျာသည် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ ပစ္စည်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်ကို ထိခိုက်စေနိုင်ပါက တစ်စုံတစ်ရာစီမံခန့်ခွဲခြင်း မပြုရ။

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏တာဝန်ရှိမှု**

၆၂။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီ၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ပုဒ်မခွဲ (ခ) သို့မဟုတ် (ဂ) ပါအခြေအနေများ၌ ပုဂ္ဂိုလ်ရေးအရ တာဝန်များရှိစေရမည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီမှချေးယူခဲ့သောငွေများ၊ အသုံးပြုခဲ့သော ဝန်ဆောင်မှုများ၊ ဝယ်ယူခဲ့သောကုန်စည်များ သို့မဟုတ် ငှားရမ်းခဲ့သော ပစ္စည်းများ၊ လက်ဝယ်ရယူထားသော သို့မဟုတ် သုံးစွဲနေသော သို့မဟုတ် အငှားယူထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ ငှားရမ်းထားသည့် ပစ္စည်းများအတွက် ကျခံပေးချေခဲ့သော ကြွေးမြီများနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိသည်။

(ဂ) အကယ်၍ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်း အဆင့်တွင်ပစ္စည်းအား ကုမ္ပဏီမှ ဆက်လက်အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းအတွက် စာချုပ်အရပေးရန်ရှိသော ငှားရမ်းခ သို့မဟုတ် အခြားပေးဆောင်ရန်ရှိသော အခကြေးငွေတို့အတွက် အောက်ပါကိစ္စများ၌ တာဝန်ရှိစေရမည်-

(၁) ပြန်လည်ထူထောင်ရေးမန်နေဂျာတစ်ဦးအဖြစ် ခန့်အပ်ခြင်း မပြုမီအခြားသူတစ်စုံတစ်ဦးက ပိုင်ဆိုင်သော သို့မဟုတ် အငှားယူထားသောပစ္စည်းတစ်ရပ်ကို ထိုသူနှင့် ချုပ်ဆိုသော ပဋိညာဉ်တစ်ရပ်အရကုမ္ပဏီကသုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်းပြုလုပ်ထားသည့် ကိစ္စ၊ ထို့ပြင်

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးနောက် ကုမ္ပဏီသည်ထိုပစ္စည်းကို ဆက်လက်သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်း ပြုသည့်ကိစ္စ။

(ဃ) ၎င်းအားခန့်ထားပြီးနောက် အလုပ်လုပ်ကိုင်ရက် ခုနစ်ရက်အတွင်း ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပစ္စည်းနှင့်စပ်လျဉ်း၍ ယင်း၏ အခွင့်အရေးများကို ကျင့်သုံးတော့မည် မဟုတ်ကြောင်း၊ ထိုပစ္စည်း၏ ပိုင်ရှင်ဖြစ်သူ သို့မဟုတ် အငှားချထားသူထံသို့ အကြောင်းကြားစာကို ပေးပို့ခဲ့သည့်အပြင် ထိုသို့အကြောင်းကြားစာ ပေးပို့ပြီးနောက်တွင်လည်း ကုမ္ပဏီသည် အမှန်တကယ်ပင်ထိုပစ္စည်းနှင့် ပတ်သက်၍ အခွင့်အရေးများကို ကျင့်သုံးခြင်းမပြုလျှင် အထက်ပါ ပုဒ်မခွဲ (ဂ) အရ တင်ရှိသောတာဝန်မှ ကင်းလွတ်ခွင့်ရစေရမည်။

**ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း**

၆၃။ (က) ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီသည် အောက်ပါတို့၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းလုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီ၊ကုမ္ပဏီကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေး မန်နေဂျာတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) ကုမ္ပဏီ၏ဝက်ဘ်ဆိုက်များအားလုံး။

(ခ) ပုဒ်မခွဲ(က) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာ များဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့် ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကိုဆိုလိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့်ကုမ္ပဏီ အရာရှိနှင့် ပြန်လည်ထူထောင်ရေးမန်နေဂျာအား မှတ်ပုံတင်အရာရှိ သည် ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာမှခွဲဝေပေးခြင်း**

၆၄။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် -

(က) အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အာမခံပစ္စည်းအား ထုခွဲရောင်းချရသော ငွေကို ၎င်းမြီရှင်ထံသို့ ပုဒ်မ ၂၀၅ နှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ခွဲဝေပေးနိုင် သည်၊ ထို့အပြင်

(ခ) ပုဒ်မ၁၉၆ ပါ ဦးစားပေးအစဉ်အတိုင်း ခွဲဝေပေးနိုင်သည်။

**ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်**

၆၅။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးနောက် ကုမ္ပဏီကိစ္စများနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန် အကြောင်းကြားစာရေးသား ပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်ပတ်သက်၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြု ဖော်ပြစေရမည်-

(၁) စာဖြင့်ရေးသားသောအကြောင်းကြားစာ၏ ပုံစံ၊

(၂) ဆက်နွှယ်သည့် ပုဂ္ဂိုလ်များနှင့်

(၃) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက် ပုံစံနှင့် ယင်းပုံစံတွင်ပါရှိရမည့် အချက်များ။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် ပတ်သက်သည့် ထုတ်ဖော်ကြေညာ ချက်ကို ပြန်လည်ထူထောင်ရေးမန်နေဂျာထံသို့ တင်ပြရန်တာဝန်ရှိသူသည် စာဖြင့် ရေးသားပေးပို့သည့် အကြောင်းကြားစာကို ရရှိပြီးနောက် ၇ ရက် အတွင်း ထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) တစ်စုံတစ်ဦးသည် ဤပုဒ်မအရတင်ရှိသော တာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိ သည် ၎င်းအား ကျပ်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**မြီရှင်များကော်မတီအား ဖွဲ့စည်းခြင်း**

၆၆။ (က) မြီရှင်များက သင့်သည်ထင်မြင်လျှင် မည်သည့်မြီရှင်များအစည်းအဝေး တွင်မဆို ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် တိုင်ပင်ရန်အတွက် မြီရှင်များကော်မတီကို ဖွဲ့စည်းနိုင်သည်။

(ခ) နည်းဥပဒေတွင် ကော်မတီအတွက်ဖြစ်စေ၊ ကော်မတီနှင့် ဆက်စပ် လျက်ဖြစ်စေ မြီရှင်များကော်မတီဖွဲ့စည်းမှု၊ ကော်မတီအစည်းအဝေး၏ ကျင်းပခြင်း၊ လုပ်ထုံးလုပ်နည်း၊ မဲပေးပုံတို့နှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက် များ ထည့်သွင်းနိုင်သည့်အပြင် ကော်မတီ၏ နောက်ထပ်လုပ်ငန်းတာဝန် များကိုလည်း ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

**မြီရှင်များက စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း**

၆၇။ (က) ကယ်ဆယ်ခြင်းအဆင့် ဆောင်ရွက်နေစဉ်အတွင်း မည်သည့်အချိန်တွင် မဆို မြီရှင်နှင့် ကြွေးမြီဆပ်ရန် တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည်ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ် စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ။

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ သို့မဟုတ်

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

**တရားရုံးသို့လျှောက်ထားခြင်း**

၆၈။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစုရှယ်ယာဝင်တစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကယ်ဆယ်ခြင်းအဆင့်မှပေါ်ထွက်လာသည့် မေးခွန်း တစ်ခုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်၊ တရားရုံးက ထိုမေးခွန်းအပေါ် လမ်းညွှန်ချက်ပေးလျှင် သို့မဟုတ် မေးခွန်းကို ဆုံးဖြတ်ပေးလျှင် တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့်စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့်အမိန့်ချမှတ် နိုင်သည်။

**မြီရှင်များအစည်းအဝေး**

၆၉။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အောက်ပါကိစ္စရပ်များတွင် မြီရှင် များအစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည် -

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေကို မြီရှင်များသို့ အစီရင်ခံတင်ပြရန်အတွက် ၎င်းအားခန့်အပ်ပြီး ရက်ပေါင်း ၃၀ အတွင်း အစည်းအဝေးခေါ်ယူရန်နှင့် ယင်းအစီ အစဉ်အား ရေးဆွဲအတည်ပြုရန် ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်စေ၊

(၂) ပုဒ်မခွဲ (က) ပါ အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို မဲခွဲအတည်ပြုနိုင်ခဲ့ခြင်းမရှိပါက ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားသည့်အချိန်ကာလအတွင်း ပြန်လည် ထူထောင်ရေးအစီအစဉ်တစ်ခုကို အတည်ပြုလိုခြင်းရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်စေ၊

(၃) စုစုပေါင်းမြီရှင်အရေအတွက်၏ ၁၀% ထက်ကျော်သော မြီရှင် များမှ တောင်းဆိုလျှင်ဖြစ်စေ၊ စုစုပေါင်းကြွေးမြီ၏ ၁၀% ကို ပိုင်ဆိုင်သည့် မြီရှင်များက တောင်းဆိုလျှင်ဖြစ်စေ။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပြန်လည်ထူထောင်ရေးလုပ်ငန်း စဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်များနှင့် ဆွေးနွေးတိုင်ပင် သင့်သည်ဟုထင်မြင်လျှင် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပ နိုင်သည်။

(ဂ) အစည်းအဝေးကျင်းပခြင်းကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ကျင်းပရမည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာအား ပြောင်းလဲခန့်အပ်ခြင်း**

၇၀။ (က) ပုဒ်မ ၁၈၁၊ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ(ခ) နှင့် (ဂ) နှင့် ပုဒ်မ၁၈၃၊ပုဒ်မခွဲ(ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက် သိမ်းရေး အရာရှိအား ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်း နှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့်စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်း ချက်များသည် ကယ်ဆယ်ခြင်းအဆင့်တွင်လည်း အသုံးပြုနိုင်သည်။ သို့ရာတွင် မြီရှင်များအစည်းအဝေးတွင် ပြန်လည်ထူထောင်ရေး မန်နေဂျာကို အစားထိုးခန့်ထားခဲ့ခြင်းဖြစ်လျှင် ၎င်းအားခန့်အပ်ခဲ့သည့် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ သဘောတူညီချက်ရရှိရန် လိုသည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးမန်နေဂျာကိုခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ခန့်အပ်ပြီးကြောင်း မှတ်ပုံတင်အရာရှိထံ အလုပ်လုပ် ကိုင်ရက် ၂ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

**အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို တင်သွင်းရန်အချိန်**

၇၁။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအားခန့်အပ်ပြီးသည့်နေ့မှ ၃ လအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရေးဆွဲအတည်ပြုရန် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ခ) အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ဆုံးဖြတ် နိုင်ရန်အတွက်ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ကျင်းပ သည့် မြီရှင်များအစည်းအဝေးတွင် တင်ပြနိုင်သည်။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ဆုံးဖြတ်နိုင်ရန် အတွက် မည်သည့်မြီရှင်များ အစည်းအဝေးမဆို ရွှေ့ဆိုင်းနိုင်သည်၊ သို့သော် ထိုရွှေ့ဆိုင်းသောရက်သည် ပြန်လည်ထူထောင်ရေးမန်နေဂျာ အား စတင်ခန့်ပြီးသည့်နေ့မှ ၄ လထက် ကျော်လွန်ခြင်း မရှိစေရ။

(ဃ) ပုဒ်မ ၄၁ ပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်ရန် အထောက်အကူဖြစ်မည်ဟု တရားရုံးက ယုံကြည်ပါက ပုဒ်မခွဲ(က) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလများနှင့် ပတ်သက်၍ ထူးခြားသည့် အခြေအနေရှိပါက သက်တမ်းတိုးသည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(င) ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့်အချိန်ကာလအတွင်း ပြန်လည်ထူထောင် ရေးမန်နေဂျာသည် အစီအစဉ်အားဆောင်ရွက်ရန် နည်းလမ်းနှင့် မြီရှင် များဆုံးဖြတ်နိုင်ရန်အချက်များကို တတ်နိုင်သမျှ ဆောလျင်စွာ ရှာဖွေ ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်အားရေးဆွဲခြင်းနှင့် ပါဝင်ရမည့်အချက်များ။**

၇၂။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးက ရေးဆွဲနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(၁) အစီအစဉ်ကို မည်သူကကြီးကြပ်မည်၊

(၂) ဒါရိုက်တာများနှင့်အစီအစဉ်ကြီးကြပ်သူတို့၏ အခန်းကဏ္ဍ နှင့်တာဝန်များ၊

(၃) မြီရှင်များ၏တောင်းဆိုမှုကို ကျေအေးညှိနှိုင်းထားသည့် အတိုင်းအတာနှင့် သဘောသဘာဝ၊ မည်သည့်နည်းလမ်းနှင့် မည်သည့်ပစ္စည်းအပေါ်တွင် ပေးချေမည်၊

(၄) မြီစားအပေါ် အရေးယူဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်း သဘော သဘာဝနှင့် ယင်းအတွက် ခွင့်ပြုကာလ၊

(၅) ကုမ္ပဏီအားကြွေးမြီလျှော့ပေါ့ပေးမည့်အတိုင်းအတာ၊

(၆) အစုဝင်များ၏အစုရှယ်ယာကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအတိုင်းအတာ၊

(၇) သဘောတူစာချုပ်၏ တစ်စိတ်တစ်ဒေသကို ဆောင်ရွက်ချက် နှင့်သဘောတူစာချုပ်တစ်ရပ်လုံးအား ဆက်လက်ဆောင်ရွက် ချက်နှင့် ပတ်သက်သည့် စည်းကမ်းချက်များ (ရှိလျှင်)

(၈) သဘောတူစာချုပ်ရပ်စဲသည့် အခြေအနေများနှင့် အစီအစဉ်ကို အောင်မြင်စွာအကောင်အထည်ဖော်ပြီးပါက ကုမ္ပဏီအား ဒါရိုက်တာများ၏ အုပ်ချုပ်မှုအောက်တွင် ပြန်လည်ထားရှိမည့် ဖော်ပြချက် သို့မဟုတ် ကုမ္ပဏီအားမှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်မည့် ဖော်ပြချက်၊ *(ဆက်လက်ဖော်ပြပါမည်)*

# ကုသိုလ်ပြုတိုင်းရင်းဆေးကုသခြင်းနှင့် ဆေးလှူဒါန်းပွဲ ဗိုလ်တထောင်စေတီတော်၌ ကျင်းပမည်



ဗိုလ်တထောင်စေတီတော်မြတ်ကြီးတွင် တော်သလင်းလကွယ်နေ့က တိုင်းရင်းဆေးကုသပေးစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ နံနက်ပိုင်းမှစတင်ကာ ကုသိုလ်ပြု တိုင်းရင်းဆေးကုသခြင်းနှင့် ဆေးလှူဒါန်းပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့ရုံးမှ သိရသည်။

အဆိုပါ မြန်မာ့ရိုးရာတိုင်းရင်းဆေးကုသခြင်းနှင့် ဆေးလှူဒါန်းပွဲကြီးကို ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့နှင့်အတူ မိခင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး မိသားစုနှင့် စေတနာရှင် စကြာမင်းဆေးတိုက်တို့ အပါအဝင် အခြားတိုင်းရင်းဆေးတိုက် အလှူရှင်များ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း၊ ထိုနေ့တွင် ဗိုလ်တထောင်စေတီတော်သို့ သီတင်းသီလဆောက်တည်ရန် လာရောက်သူများနှင့် ဘုရားဖူးပြည်သူများ၊ ရဟန်းသံဃာများအား တောင်ဒဂုံမြို့နယ်၊ ကော့မှူးမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ခရမ်းသုံးခွမြို့နယ်တို့မှ ဝါရင့် တိုင်းရင်းဆေးဆရာ ဆရာမများက ရောဂါများ စမ်းသပ်စစ်ဆေးပြီး သွေးတိုး၊ နှလုံး၊ ဆီးချို၊ လေးဖက်နာ/အကြောတက်/ကိုယ်လက်ထုံကျင်ကိုက်ခဲ ရောဂါများနှင့် အခြားအထွေထွေရောဂါများအား ကုသပေးခြင်းနှင့် တိုင်းရင်းဆေးလှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကုသိုလ်ဖြစ် ဆေးကုသပေးခြင်းနှင့် တိုင်းရင်းဆေးလှူဒါန်းခြင်းကို နှစ်စဉ် ဝါတွင်းကာလတိုင်း ဗိုလ်တထောင်စေတီ၌ ပြုလုပ်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၂၇ နှစ်ကျော်တွင် အကြိမ်ပေါင်း ၂၀၀ ကျော် ရှိခဲ့ပြီး တစ်ကြိမ်လျှင် လူဦးရေ ၂၀၀ မှ ၅၀၀ ခန့်အထိကို ဆေးကုသ လှူဒါန်းနိုင်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း၌လည်း ဝါတွင်းကာလ ဝါဆိုလကွယ်နေ့မှ တော်သလင်းလကွယ်နေ့အထိအတွင်း လူဦးရေ ၂၀၀၀ ခန့်အား ကုသိုလ်ပြုတိုင်းရင်းဆေးကုသခြင်းနှင့် ဆေးလှူဒါန်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

# ဂန့်ဂေါမြို့တွင် ပထမဆုံးအကြိမ် သီတင်းကျွတ်မီးကြာလှည့်ပွဲ စည်ကားစွာကျင်းပမည်

**ဂန့်ဂေါ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် နေထိုင်ကြသော ယောလူမျိုးတို့၏ အထိမ်းအမှတ် သင်္ကေတတစ်ခုဖြစ်သည့် မီးကြာလှည့်ပွဲကို ဂန့်ဂေါမြို့ မြို့မတောင်ပိုင်း ဒက္ခိဏာရာမတောင်ကုန်းကျောင်းတိုက်တွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ရပ်ကွက်အတွင်းရှိ မွေခံထိုက်စေ ဓမ္မစကူးလ်မှ ဆရာ ဆရာမများနှင့် လူငယ်များက စီစဉ်နေကြကြောင်း သိရသည်။

ယောနယ်ဒေသတွင် သီတင်းကျွတ်မီးထွန်းပွဲနှင့်အတူ မီးကြာလှည့်ပွဲ၊ သနပ်ခါးပါးတို့ပွဲများကို ရှေးနှစ်ပေါင်းများစွာကတည်းကစ၍ ယခုထက်တိုင် ရိုးရာမပျက် နှစ်စဉ်သီတင်းကျွတ်ကာလရောက်တိုင်း ကျင်းပလျက်ရှိကာ သနပ်ခါးပါးတို့ပွဲသည် ယောနယ်တောင်ပိုင်း ဆော၊ ထီးလင်းနှင့် လောင်းရှည်ဒေသတို့တွင် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၁၅ ရက်နှင့် လပြည့်ကျော် ၁ ရက်တို့တွင် နှစ်စဉ်ကျင်းပနေခြင်းဖြစ်သည်။ ယခုနှစ်တွင် ဂန့်ဂေါမြို့၌ ကျင်းပမည့် မီးကြာလှည့်ပွဲမှာမူ သမိုင်းအစဉ်အလာကို ပြန်လည်ထိန်းသိမ်းသည့်အနေဖြင့် ဒက္ခိဏာရာမတောင်ကုန်းကျောင်းတိုက်တွင် ယခုနှစ်မှစ၍ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပသည့်ပွဲဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပသည့် မီးကြာလှည့်ပွဲတွင် ဂန့်ဂေါဒေသ၏ အစဉ်အလာတစ်ခုဖြစ်သည့် ကြာပွင့်ပုံသဏ္ဌာန် မီးပုံးများဖြင့် မွေခံထိုက်စေဓမ္မစကူးလ်မှ ကျောင်းသားကျောင်းသူ ၂၅၀ က မြို့မရပ်ကွက်အတွင်း လှည့်လည်မီးပူဇော်ကြမည်ဖြစ်ကာ ရပ်ကွက်အတွင်းရှိ လူငယ်လေးများကလည်း ဒက္ခိဏာရာမ တောင်ကုန်းကျောင်းတိုက်အတွင်းရှိ သမိုင်းဝင်ရှစ်မျက်နှာ မဟာပဋ္ဌာန်းစေတီတော်ရှေ့နှင့် ကျောင်းဝိုင်းအတွင်း၌ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ နံ့သာတစ်ထောင်တို့ဖြင့် မြတ်စွာဘုရားအား ရည်မှန်းကာ ပူဇော်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

# မန္တလေးမြို့တွင် သီတင်းကျွတ်ပွဲတော်ကာလအတွင်း မြန်မာမှုညဈေးတန်းပွဲတော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၆**

မြန်မာတို့၏ သီတင်းကျွတ်ပွဲတော်ကာလအတွင်း ရိုးရာယဉ်ကျေးမှုပုံရိပ်များနှင့်အတူ မြန်မာ့ရိုးရာ အစားအစာများကို မြန်မာ့ရိုးရာအပြင်အဆင်များဖြင့် ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသရောင်းချမည့် Sunset Night Market ပွဲတော်ကို မန္တလေးမြို့ မနော်ရမ္မံဟစ်တိုင်ကွင်း၌ အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“သီတင်းကျွတ်ပွဲတော်ကာလအတွင်းမှာ မြန်မာမှုညဈေးတန်းပွဲတော်ကို ကျွန်မတို့ မန္တလေးမှာ ပထမဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ဒီပွဲတော်မှာ မိသားစုအလိုက် အပန်းဖြေဆင်နွှဲနိုင်မယ့် ထူးခြားတဲ့အစီအစဉ်တွေနဲ့ မြန်မာ့ရိုးရာအစားအစာတွေကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူစားသုံးနိုင်မယ့် ဆိုင်ခန်းတွေ ခင်းကျင်းရောင်းချပေးသွားမှာ ဖြစ်ပါတယ်”ဟု အဆိုပါပွဲစီစဉ်သူ မဆုဝေမောင်က ပြောသည်။

ပွဲတော်တွင် အစားအသောက်၊ အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း၊ သီတင်းကျွတ်ဂါရဝပစ္စည်း၊ လက်ဆောင်ပစ္စည်းများအပြင် မြန်မာ့ရိုးရာအစားအစာ၊ တိုင်းရင်းသားအစားအစာများသာမက ထိုင်း၊ ဂျပန်၊ ကိုရီးယားနှင့် အခြားစားချင်စဖွယ် အစားအစာမျိုးစုံကို Asia Street Food Destination အဖြစ် ခင်းကျင်းရောင်းချပေးမည့်ဆိုင်ခန်းများ ပါဝင်ကြောင်း သိရသည်။

ထို့အပြင် ခေတ်မီ Mr & Mrs Show ပွဲများ၊ အကသရုပ်ပြပွဲများနှင့် မြန်မာ့ရုပ်သေးဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်တွင် အထူးအစီအစဉ်အဖြစ် လာရောက်ရောင်းချသော ဆိုင်ခန်းများအနက် သီတင်းကျွတ်အငွေ့အသက်နှင့် ဆိုင်အပြင်အဆင်အလှဆုံးဆုကိုလည်း ချီးမြှင့်မည်ဖြစ်ရာ အဆိုပါဆုအတွက် ပွဲတော်သို့လာရောက်သည့် ပရိသတ်များက အကဲဖြတ်အမှတ်ပေးနိုင်သည်ဟု သိရသည်။

**အေပီကေ(မန်းကိုယ်ပွား)**

# တီးတိန်မြို့၌ ရိုးရာခွာဒိုပွဲတော် စည်ကားစွာ ကျင်းပသွားမည်

**တီးတိန် အောက်တိုဘာ ၁၆**

ချင်းပြည်နယ် တီးတိန်မြို့တွင် ရိုးရာခွာဒိုပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရိုးရာခွာဒို ပွဲတော်ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်၊ ခွာဒိုပွဲဖြစ်မြောက်ရေး ကော်မတီနှင့် ဆပ်ကော်မတီများ၊ ဌာနဆိုင်ရာများ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ မြို့မိ မြို့ဖများ၏ ညှိနှိုင်းဆွေးနွေးချက်အရ ရိုးရာခွာဒိုပွဲတော်ကို အောက်တိုဘာ ၂၃ နှင့် ၂၄ ရက်တွင် စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့် ခွာဒိုပွဲတော်၌ ရိုးရာဓလေ့ဖြစ်သည့် ပျားအုံဖွပ်၍ သယ်ဆောင်ခြင်း၊ ထင်းရှူးဆီမီးထွန်းညှိခြင်း၊ မီးရှူးမီးပန်းဖောက်ခြင်း၊ ရိုးရာသေနတ်ပစ်ဖောက်ခြင်းနှင့် ရိုးရာစုပေါင်းမီးပုံပွဲအကဖြင့် ဆင်နွှဲခြင်းတို့အပြင် ခေတ်ပေါ်တေးဂီတအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုအကနှင့် အတီးအမှုတ်များ ပါဝင်သည့် ရိုးရာယဉ်ကျေးမှု အကပဒေသာများကိုပါ ပြသတင်ဆက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ရေကြီး၍သီးနှံပျက်စီးသည့် မကွေးမြို့နယ်မှ တောင်သူများအား ကျပ် ၁၁၃ သိန်းကျော် ထောက်ပံ့

**မကွေး အောက်တိုဘာ ၁၆**

၂၀၁၇-၂၀၁၈ မိုးရာသီတွင် မကွေးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀ အုပ်စု၌ ရေကြီးနစ်မြုပ်မှုများ ကြုံတွေ့ခဲ့ရပြီး တောင်သူ ၁၉၀၅ ဦး၏ ပျက်စီးခဲ့ရသည့် မိုးသီးနှံစိုက်ဧက ၂၀၆၇ ဒသမ ၅ ဧကအတွက် ထောက်ပံ့ငွေ ၁၁၃၄၆၅၀ ကျပ်ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အောက်တိုဘာ ၁၅ ရက်က မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်သည့် ထောက်ပံ့ငွေပေးအပ်ပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက တောင်သူများအနေဖြင့် စိုက်ပျိုးရေးတစ်ခုတည်းကိုသာမက သိုး၊ ဆိတ် စသည့် မွေးမြူရေးလုပ်ငန်းများကိုပါ ပူးတွဲလုပ်ကိုင်စေလိုကြောင်း တောင်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုကြုံတွေ့ခဲ့ရသည့် တောင်သူများကိုယ်စား သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ထောက်ပံ့ငွေများကို ဝန်ကြီးချုပ်၊ ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့က လွှဲပြောင်းပေးအပ်ခဲ့ကာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ဇေယျာတု(မကွေး)**



ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်များအတွက် အသုံးပြုရန် ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာနည်းလမ်းချေးငွေဖြင့် ဝယ်ယူခဲ့သည့် ဆိုင်ကယ် ၃၃ စီး ခွဲတမ်း ရရှိရာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး ဦးမြကျော်က ခရိုင်၊ မြို့နယ် တာဝန်ရှိသူများထံ အောက်တိုဘာ ၁၄ ရက်က လားရှိုးမြို့ ပြည်နယ်ဒုတိယဦးစီးမှူးရုံး၌ လွှဲပြောင်းပေးအပ်စဉ်။ မောင်ကျော်ကြီး

# နေပြည်တော်မိသားစု ပရဟိတအဖွဲ့ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အစိုးရရုံးများမှ ဝန်ထမ်းများနှင့် ပရဟိတဝါသနာရှင်များ စုပေါင်းဖွဲ့စည်းထားသည့် နေပြည်တော်မိသားစု ပရဟိတအဖွဲ့၏ (၂၉) ကြိမ်မြောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၄ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဧက ၂၀၀၀ ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ သံသရာငြိမ်းအေးစေတီတော်မြတ်ကြီး၌ ပြုလုပ်ခဲ့သည်။

နေပြည်တော်မိသားစုပရဟိတအဖွဲ့သည် တနင်္ဂနွေပတ် တစ်ပတ်ကျော်လျှင်တစ်ကြိမ်၊ တစ်လ နှစ်ကြိမ်ဖြင့် နေပြည်တော် ရှစ်မြို့နယ်အတွင်းရှိ ဘုရား၊ စေတီများသို့ အလှည့်ကျသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာတွင် (၂၉) ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ကြောင်းနှင့် ယခုအောက်တိုဘာ ၂၃ ရက်(သီတင်းကျွတ်လဆန်း ၁၄ ရက်) ညနေ ၆ နာရီတွင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ ဆီမီး၊ ပန်း ဆက်ကပ်ထွန်းညှိပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆိုလာရောက်၍ ဆီမီးထွန်းညှိ၊ ပန်းဆက်ကပ်လှူဒါန်းနိုင်ကြောင်း နေပြည်တော်မိသားစု ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးနေထိုက်ထံမှ သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျေးလက်ရေရရှိရေး ပူးပေါင်းအကောင်အထည်ဖော်

**ရွှေတောင် အောက်တိုဘာ ၁၆**

ကျွန်းတန်းရိုးကျေးရွာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်မည့် “ပြည်သူ၊ ကျေးလက်၊ unicef” အိမ်သွယ်ရေတိုင်စနစ် ရေရရှိရေးလုပ်ငန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်မှုအား ညွှန်ကြားရေးမှူး ဦးလှခိုင် (နေပြည်တော်-ရုံးချုပ်)နှင့်အဖွဲ့၊ တိုင်းဒေသကြီးကျေးလက်အဖွဲ့၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်စိုးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုပြီး ကျေးရွာကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ပေးခဲ့သည်။

**ကျေးလက်ဦးစီး**

# ကာမိုင်းမြို့မှ တိုက်ပွဲရှောင်ပြည်သူများအား ကြက်ခြေနီအသင်းမှ ထောက်ပံ့ငွေပေး

**ကာမိုင်း အောက်တိုဘာ ၁၆**

ကချင်ပြည်နယ်အတွင်း တနိုင်းမြို့၊ ဖားကန့်မြို့နှင့် ကာမိုင်းမြို့များရှိ ကျေးရွာများအတွင်း ရွှေ့ပြောင်းနေထိုင်ကြသော တိုက်ပွဲရှောင်မိသားစုများအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ ငွေကြေးထောက်ပံ့ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ကချင်အထူးစီမံချက်ရုံးမှ တာဝန်ရှိသူများက အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်အတွင်း အဆိုပါမြို့နယ်များသို့ ကွင်းဆင်းသွားရောက်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက်က ကာမိုင်းမြို့ ထွယ်ဆန်ယန်ရပ်ကွက်မှ လိုင်နောင်းနှင့် စိန်ပေါလ်မွှာရုံ စစ်ရှောင်စခန်းရှိ အိမ်ထောင်စု ၃၆ စုအား တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ်တစ်သိန်းခွဲနှုန်းဖြင့် စုစုပေါင်း ကျပ် ၄၅ သိန်းကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ထောက်ပံ့ငွေများကို ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ဖွဲ့မှူး ဦးမြင့်ဝေနှင့်အဖွဲ့က ကွင်းဆင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဖားကန့်မြို့နယ် ဝါရာဇွပ်ကျေးရွာနှင့် ရှဒူဇွပ်ကျေးရွာရှိ တိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကာမိုင်း(ပြန်/ဆက်)**

## Yangon Metropolitan Development Public Co.,Ltd
## ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း
## ပြည်တော်သစ် လူနေအထပ်မြင့်အိမ်ရာနှင့် အထပ်မြင့်ကားရပ်နားရန် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေး(Redevelopment) စီမံကိန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Yangon Metropolitan Development Public Co.,Ltd မှ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းတွင် ဆောင်ရွက်မည့် လူနေအထပ်မြင့်အိမ်ရာ (Residential Housing)အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများအား အောက်ပါအတိုင်း အိတ်ပိတ်တင်ဒါခေါ်ယူလိုပါသည်။

| စဉ် | အကြောင်းအရာ | တင်ဒါစျေးနှုန်း(ကျပ်) |
|---|---|---|
| ၁။ | Pyitawthit Residential Housing<br>- Construction of Civil&Super Structure<br>- Mechnical,Electrical&Plumbing<br>- Pilling | ၅၀၀,၀၀၀ |

၃။ ပြည်တော်သစ် လူနေအထပ်မြင့်အိမ်ရာနှင့် အထပ်မြင့်ကားရပ်နားရန် အဆောက်အအုံအတွက် မြို့ပြတည်ဆောက်ရေး (Civil)၊ လျှပ်စစ်၊ ရေသန့်နှင့် ပိုက်ဆက်လုပ်ငန်း (MEP)နှင့် ဘိုးပိုင်လုပ်ငန်း (Bore Pile)များအား တာဝန်ယူတည်ဆောက်နိုင်သော ပြည်တွင်း ဆောက်လုပ်ရေးကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါတင်သွင်းလိုသော ကုမ္ပဏီများအနေဖြင့် အောက်ပါအရည်အချင်းများအား ပြည့်မီရန်လိုအပ်ပါသည်။

(က) ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိရမည်။

(ခ) အထပ်မြင့် အတွေ့အကြုံအနေဖြင့် အခန်း ၂၀ တွဲ၊ ၈ ထပ် အဆောက်အအုံ၊ ဘိုးပိုင်လုပ်ငန်း(Piling)၊ မြေအောက်ထပ် (Basement) လုပ်ငန်းများတည်ဆောက်သည့် အတွေ့အကြုံရှိရမည်။

(ဂ) ကုမ္ပဏီ၏ တစ်ဆပ်စပ်တည်း (၃)နှစ် သို့မဟုတ် (၅)နှစ် ပျမ်းမျှဝင်ငွေ (Revenue) သည် အနည်းဆုံး (၅)ဘီလီယံကျပ်နှင့်အထက် ရှိရမည်။

၄။ အိတ်ပိတ်တင်ဒါ တင်သွင်းရာတွင် လိုက်နာရမည့်စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ Specification & Drawing များနှင့် လျှောက်လွှာပုံစံများအား ၁၈-၁၀-၂၀၁၈ရက်မှစ၍ အပိုဒ်(၆)ပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါလျှောက်လွှာများအား သတ်မှတ်စျေးနှုန်းများအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး လျှောက်လွှာတန်ဖိုးငွေအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

၅။ အိတ်ပိတ်ထားသည့် တင်ဒါလျှောက်လွှာများအား အပိုဒ်(၆)ပါ လိပ်စာသို့ ၃၀-၁၁-၂၀၁၈ရက် ညနေ ၄ နာရီ မတိုင်မီပေးပို့ရပါမည်။ သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းလာသည့် တင်ဒါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Yangon Metropolitan Development Public Co.,Ltd**
**အခန်းအမှတ်(၂၂၂)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊**
**အလုံလမ်း၊ ဒဂုံမြို့နယ်**
**ဖုန်း-၀၉-၄၀၃၄၀၃၄၆၆၊ ၀၉-၄၀၃၄၀၃၄၇၇**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေး၊သစ်တောနှင့် သွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ မြေထိန်းနံရံပြုလုပ်ခြင်း၊ (၃၀၃၇ ပေ)လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၁၀-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ရောင်းချသွားမည်ဖြစ်ပြီး ၁၆-၁၁-၂၀၁၈ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၅၀၄၆၀၄၃၊ ၀၉-၉၆၅၁၄၈၉၅၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## နေပြည်တော်ကောင်စီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင်ရပ်ကွက် အိမ်ခြေ(၉၈၅)လုံး ရေမီတာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက် ရေပေးရေးဆောင်ရွက်ရန် ကျန်မြေကွက်များ ရေရရှိရေးလုပ်ငန်းနှင့် ဒက္ခိဏသီရိမြို့နယ် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားဝန်ထမ်းအိမ်ရာ ရေပေးရေးလုပ်ငန်း စုစုပေါင်း လုပ်ငန်း(၃)မျိုးအား ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၁၀-၂၀၁၈ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၁၆-၁၁-၂၀၁၈ ရက်

၄။ **တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၆-၁၁-၂၀၁၈ ရက် မွန်းလွဲ ၂း၃၀ နာရီ

(ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းစံချိန်စံညွှန်းများပါဝင်ရမည်။)

၅။ နည်းပညာအဆိုပြုလွှာ(Technical)အောင်မြင်သည့် ကုမ္ပဏီများကိုသာ ငွေကြေးအဆိုပြုလွှာ (Financial Proposal) တင်သွင်းခြင်းကို လက်ခံမည်။

၆။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် ရေပေးရေးလုပ်ငန်းများ စီမံဆောင်ရွက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ ကြီးကြပ်ဆောင်ရွက်သွားမည်။

၇။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇-၁၀-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၀၁၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နေပြည်တော်ကောင်စီရုံး**
**ဖုန်း-၀၆၇-၅၅၀၀၁၃**

## မင်္ဂလာဗျူဟာအသင်းချုပ်
### (၅၇)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ကျေးဇူးရှင်ပူဇော်ပွဲ နှင့် စာအောင်ဆုနှင်းပွဲ

ရွှေတိဂုံစေတီတော်၊ အာဇာနည်လမ်း၊ ဗဟန်း၊ မင်္ဂလာဗျူဟာအသင်းချုပ်၊ ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ ၂၀၁၇-ခု ဒီဇင်ဘာလတွင် သာသနာရေးဦးစီးဌာနက ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်မြင်သူများအနက် **မြန်မာတစ်ပြည်လုံးပထမ** ဆင့်စသည် ထူးချွန်စွာအောင်ခဲ့သူများနှင့် စာအောင်ဆု (၂၀၆)ဦးတို့အား စာအောင်လက်မှတ်များနှင့်ဆုများကို အဘိဓမ္မာအခါတော်နေ့ (သီတင်းကျွတ်လပြည့်နေ့)အကြို (၂၃.၁၀.၂၀၁၈) တနင်္ဂနွေနေ့ မွန်းလွဲ(၁း၀၀)နာရီတွင် ဂုဏ်ပြုဆု ချီးမြှင့်ပါမည်။

**အမှုဆောင်အဖွဲ့၊ ၀၁-၃၇၀၉၅၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်အတွင်းရှိ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

၂။ ဝယ်ယူလိုသည့်ပစ္စည်းအမျိုးအမည်၊ အရေအတွက်စာရင်း၊ တင်ဒါစည်းကမ်းသတ်မှတ်ချက်၊ တင်ဒါလျှောက်လွှာပုံစံများကို ၅-၁၁-၂၀၁၈ ရက်မှစ၍ မြောင်းမြခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြောင်းမြမြို့၊ ဖုန်း-၀၉-၄၅၁၅၅၅၁၀၁၊ ၀၉-၂၄၅၀၄၈၅ တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၈ ရက်၊ ၁၆း၀၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၁၁-၂၀၁၈ ရက်၊ ၁၃း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လပွတ္တာ-မြောင်းမြကားလမ်းမဘေး၊ မုဆိုးကွင်းကျေးရွာအုပ်စု၊ မြောင်းမြမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြောင်းမြခရိုင်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်အောက်ရှိ မီးသတ်စခန်းအသီးသီးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးသတ်စခန်းဆောက်လုပ်ခြင်း (သံကူကွန်ကရစ်) (၁၃၃×၅၂×၂၆) (၂)ထပ် (၂)လုံး

(ခ) မီးသတ်စခန်းဆောက်လုပ်ခြင်း (သံကူကွန်ကရစ်) (၇၃×၅၂×၂၆) (၂)ထပ် (၂)လုံး

(ဂ) မီးသတ်စခန်းဆောက်လုပ်ခြင်း (သံကူကွန်ကရစ်) (၆၅×၅၂×၂၆) (၂)ထပ် (၂)လုံး

(ဃ) နယ်မြေမီးသတ်စခန်းဆောက်လုပ်ခြင်း (သံကူကွန်ကရစ်) (၄၅×၅၀×၂၆) (၂)ထပ် (၁၄)လုံး

(င) မြောင်းကူးတံတားပြုလုပ်ခြင်း (သံကူကွန်ကရစ်) (မဟာအောင်မြေမြို့နယ်) (၇၀×၄၀) (တန် ၆၀ ခံ) Manhole

(စ) မြေသားဖို့ခြင်းလုပ်ငန်း (အောင်မြေသာစံမြို့နယ်) (၆၂၀ပေ×၀ပေ၂၀၀)

(ဆ) (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေ (သံကူကွန်ကရစ်) (၈၀×၃၀) ရေသန့်/လျှပ်စစ်ပါ(၅)လုံး

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို (၁၈-၁၀-၂၀၁၈)ရက်မှစတင်၍ ရုံးချိန်အတွင်း (၉း၃၀ နာရီမှ ၁၆း၃၀)နာရီတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ ရောင်းချမည်ဖြစ်ပြီး ၁၄-၁၁-၂၀၁၈ ရက် ၁၈း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၂၃-၁၁-၂၀၁၈ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဖုန်း-၀၂-၆၀၇၃၈၊ ၀၂-၆၀၇၄၀၊ ၀၉-၂၀၀၀၁၅၂ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်အောက်ရှိ မြို့နယ်များအတွက် အောက်ဖော်ပြပါ မီးသတ်လုပ်ငန်းဆိုင်ရာ ယာဉ်/စက်ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) High Expansion Foam Fiuorisynthetic 3% AR-AFFF Fome Concentrate 3% (500)ဂါလန်

(ခ) Air Cushion 16m(Vetter Gramany) (၁)ခု

(ဂ) Thermal Imaging Camera 3.3(Gramany) (၁)ခု

(ဃ) Casualty Search (2in 1 Camera/Detector) (၁)ခု

(င) Harness (၃၅)ခု

(စ) Search Lihtg (၁၇၅)ခု

(ဆ) BA Set (၁၀)ခု

(ဇ) Hydraulic Rescue Tool (၃)ခု

(ဈ) Line shooter (၆)ခု

(ည) Air Filling Bag (၃)ခု

(ဋ) Air Shelter (၁၀၀)ဆံ့ (၂)ခု

(ဌ) Drilling Machine (၃၀)ခု

(ဍ) Engine Cutter (၂၆)ခု

(ဎ) Rescue Power Generator (၃)ခု

(ဏ) Area Lighting (၃)ခု

(တ) Stabilizer (၃)ခု

(ထ) အုပ်ချုပ်မှုယာဉ် (၆)စီး

(ဒ) ရှာဖွေကယ်ဆယ်ရေးယာဉ်(၁၉၁) (၃)စီး

(ဓ) မီးငြိမ်းသတ်ယာဉ် (၅)စီး

(န) Fire Fighting Vehicle(၂၈၀၀)ဂါလန် (၁)စီး

(ပ) Leader Senuy B2 (Leader,France) (၁)စုံ

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁၈-၁၀-၂၀၁၈ရက်မှစတင်၍ ရုံးချိန်အတွင်း နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၄-၁၁-၂၀၁၈ ရက် ညနေ ၆ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၂၆-၁၁-၂၀၁၈ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၏ ဖုန်း-၀၂-၆၀၇၄၀၊ ၀၂-၆၀၇၃၈၊ ၀၉-၂၀၀၀၁၅၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၂၈၁

ဒေါ်အေးရတနာထွန်း **နှင့်** ၁။ ဒေါ်ခင်စန္ဒာဝင်း
၂။ ဦးချိုလေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ တိုက် ၁၅၊ အခန်း ၆ နေ အမှတ်(၁) တရားပြိုင် ဒေါ်ခင်စန္ဒာဝင်း (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၃၈ နေ အမှတ်(၂) တရားပြိုင် ဦးချိုလေး (ယခုနေရပ်လိပ်စာ မသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားပြိုင်များမှ ကိုယ်လေးလက်ဝန်မပေါ့မပါးရှိနေသော တရားလိုကို အနိုင်အထက်ပြုပြီး အတင်းအဓမ္မခြိမ်းခြောက် အကျပ်ကိုင်ကာ မတရားရယူထားသော အဖိုးတန်စာမှတ်စာတမ်းများ လက်ရောက်ရလိုမှုနှင့် လူမှုရေးအရ ဂုဏ်သိက္ခာထိခိုက်နစ်နာမှုနှင့် စိတ်ထိခိုက်ခံစားရမှုအတွက် နစ်နာကြေးငွေ ကျပ်သိန်းတစ်ထောင်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၉ရက် (၁၃၈၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှိုင်လှိုင်ဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)
## Commerce Graduates' Association (Myanmar)
### ဟောပြောပွဲကျင်းပမည်

| | |
|---|---|
| ဟောပြောပွဲခေါင်းစဉ် | : အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် နည်းဥပဒေ အကြောင်းသိကောင်းစရာများ |
| ဟောပြောမည့်သူ | : ဦးသန့်ဇော် (ဒု/ညွှန်ကြားရေးမှူးချုပ်)<br>ဦးထွန်းထွန်းဝင်း (ညွှန်ကြားရေးမှူး) |
| ကျင်းပမည့်နေ့နှင့်အချိန် | : ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက် (တနင်္ဂနွေ)၊ (နံနက် ၈ နာရီ မှ မွန်းတည့် ၁၂ နာရီ) အထိ |
| ကျင်းပမည့်နေရာ | : ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်းခန်းမ ၁/၁၉ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ် ရန်ကုန်မြို့။ |
| ဆယ်သွယ်ရမည့်သူများ | : ဦးကျော်စွာဝင်း (CGA အသင်းရုံးခန်း)<br>(၀၉-၉၇၈၄၂၃၇၈၄, ၀၁-၈၆၁၀၃၆)<br>MICPA ရုံးခန်း (၀၉-၃၁၇၁၈၁၄၉, ၀၁-၂၃၁၄၆၅၃) (ရုံးချိန်အတွင်း) |
| မှတ်ချက် | : စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။ အောက်တိုဘာ (၂၆) ရက်၊ နေ့လည် (၃) နာရီ နောက်ဆုံးထား၍ ကြိုတင် ဆက်သွယ် စာရင်း သွင်းပါရန်။ |

## တောင်းပန်ခြင်း

ကျွန်တော် လစိန်ဂမ်ထွဲသည် CREATIVE WEB STUDIO မှ Illustrator ကိုညဏ်လင်းထွန်း ဖန်တီးထားသော သီတင်းကျွတ်ပွဲတော် ဂရပ်ဖစ်ဒီဇိုင်းတစ်ခုကို ခွင့်ပြုချက်မရရှိဘဲ အသုံးပြုမိပါသောကြောင့် မူပိုင်ခွင့်သဘောတရားအရ ဖန်တီးသူ ကိုညဏ်လင်းထွန်းနှင့် CREATIVE WEB STUDIO အား လေးစားစွာဖြင့် တောင်းပန်အပ်ပါသည်။

**ကိုလစိန်ဂမ်ထွဲ ၁၂/မဂဒ(နိုင်)၁၂၂၂၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ သောက်ရေသန့်သည် "SWEET" အမည်ဖြင့် ထုတ်လုပ်မည်ဖြစ်ပါသည်။ အကယ်၍ ၎င်းအမည်ဖြင့် အမည်တူရှိနေပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အမှတ်(၂၆)၊ ကံ့ကော်လမ်း၊ ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၇၃၈၁၉၀၊ ၀၉-၇၇၇၇၄၂၁၈၈၊ ၀၁-၆၉၆၀၉၅**

## ရောင်းမည်

ရွှေပြည်သာစက်မှုဇုန်ရှိ
အချိုရည်စက်ရုံ
(အထူးလျှော့စျေးဖြင့်)
ရောင်းရန်ရှိသည်။
**ဖုန်း-၀၉-၉၇၁၇၀၇၂၆၅၊**
**၀၉-၇၇၃၂၀၈၁၁၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၇၃၈၆၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ၂၀၁၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတက စားနပ်ရိက္ခာဖူလုံရေးနှင့် ဝတ်မွတ်မှု တိုက်ဖျက်ရေးတွင် လူတိုင်းပူးပေါင်း ပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း ဖော်ပြနိုင်ရန်အတွက် ယခုကဲ့သို့ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့၏အနာဂတ်ဖြစ်သည့် *စာမျက်နှာ ၅ ကော်လံ ၁* ❐




**ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ ၂၀၁၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

စာ ➤ ၈

## တိုက်လေယာဉ်ပျက်ကျ၍ သေဆုံးခဲ့သည့် မသွယ်ဇင်ငြိမ်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်

စာ ➤ ၁၂

## အများပြည်သူအလုပ်ပိတ်ရက် ဒီပါဝလီနေ့ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၆**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်) ဗုဒ္ဓဟူးနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**သတင်းစဉ်**

## မကွေးလေတပ်စခန်းဌာနချုပ်မှ အက်ဖ်- ၇ လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျမှုဖြစ်ပွား၊ လေယာဉ်မှူးနှစ်ဦးနှင့် မိန်းကလေးတစ်ဦး သေဆုံး



**နေပြည်တော် အောက်တိုဘာ ၁၆**

မကွေးလေတပ်စခန်း ဌာနချုပ်မှ လေ့ကျင့်ပျံသန်းမှု ဆောင်ရွက်နေသော အက်ဖ်- ၇ လေယာဉ်နှစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်၍ မကွေးလေတပ်စခန်းဌာနချုပ် လေယာဉ်ကွင်းသို့ ပြန်လာစဉ် ရာသီဥတုဆိုးရွားမှုနှင့် ရုတ်တရက် ကြုံတွေ့ရပြီး နံနက် ၇ နာရီခွဲအချိန်ခန့်တွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူး နှစ်ဦးသေဆုံးခဲ့ကြောင်းနှင့် ပျက်ကျလေယာဉ် အစိတ်အပိုင်းများ *စာမျက်နှာ ၁၂ ကော်လံ ၁* ❍

**ဆားဗွက်ချောင်း တံတားအနီး ပျက်ကျခဲ့သည့် လေယာဉ်၏အစိတ်အပိုင်းများကို တွေ့ရစဉ်။**

ဓာတ်ပုံ- ခရိုင်(ပြန်/ဆက်)

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းခရီးစဉ် ကာတာနိုင်ငံသို့ ယနေ့ထွက်ခွာမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဘာရိန်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၇ ရက် **(ယနေ့)** တွင် ကာတာနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ရက် ၂၀ ကျော်ကြာ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားမည့်အသင်းအားလုံး မရရှိသေးဘဲ လက်ရှိရရှိထားသည့် ခြေစမ်းပွဲအရ အောက်တိုဘာ ၁၉ ရက်တွင် ကာတာထိပ်သီးကလပ် Duhail အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဘာရိန်းနှင့် ကာတာခြေစမ်းခရီးစဉ် *စာမျက်နှာ ၁၂ ကော်လံ ၅* ◆



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်    ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန် စတော့အိတ်ချိန်း အလားအလာ




**ဝေယံဦး**

**စီးပွားရေး လုပ်ငန်းတွေ အဓိကတည်ရှိနေတဲ့ ရန်ကုန်မြို့မှာတော့ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေနဲ့ စည်ဝေလည်ပတ်မှုကတော့ ရှိနေတာအမှန်ပါပဲ။ စီးပွားရေးနဲ့ ငွေကြေးဈေးကွက် အခြေအနေ ဘယ်လိုပင်ရှိနေပေမယ့် ရန်ကုန်စတော့အိတ်ချိန်းမှာတော့ ရှယ်ယာအရောင်းအဝယ်တွေက ပုံမှန်ရောင်းဝယ်မှုရှိနေတယ်လို့ ဆိုပါတယ်။**

“ရန်ကုန်စတော့အိတ်ချိန်းအနေနဲ့ လက်ရှိအချိန်မှာ တစ်နေ့ကို ပျမ်းမျှ ကျပ်သန်း ၅၀ ဖိုးခန့် အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒီပမာဏဟာ ပုံမှန်အနေအထားလို့ ဆိုရမှာဖြစ်ပြီး ထွန်းသစ်စဖြစ်တဲ့ ဈေးကွက်တစ်ခုအနေနဲ့ တိုးတက်မှုရှိနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်” ဟု ရန်ကုန်စတော့အိတ်ချိန်းမှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးဝင်းနိုင်ဦးက ပြောကြားထားပါတယ်။


**စတော့အိတ်ချိန်းဈေးကွက်**

တကယ်တော့ မြန်မာနိုင်ငံမှာ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းတွေ ပေါင်းစုတည်ရှိနေတာဖြစ်ခြင်းကြောင့် နိုင်ငံတကာမှာ ဖြစ်ထွန်းနေပြီဖြစ်တဲ့ စတော့အိတ်ချိန်းဈေးကွက်ကို အကောင်အထည်ဖော်ဖို့ကြိုးစားခဲ့တာဟာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှာ စတင်ဖွင့်လှစ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လမှာတော့ စာရင်းဝင်ကုမ္ပဏီတွေလက်ခံပြီး စတော့ရှယ်ယာအရောင်းအဝယ်တွေ စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**စာရင်းဝင်ကုမ္ပဏီ ငါးခုနဲ့ ရှယ်ယာ**

ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်ခဲ့တဲ့ကာလမှ စတင်ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ရှယ်ယာပေါင်းက ၈ ဒသမ ၇ သန်းခန့်ရှိနေပြီး ငွေကြေးတန်ဖိုးနဲ့ တွက်ကြည့်ရင်တော့ ကျပ် ၁၁၂ ဘီလီယံခန့်ရှိတယ်လို့ဆိုပါတယ်။ ဒါဟာ ရန်ကုန်စတော့အိတ်ချိန်းမှာ ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ စာရင်းဝင်ကုမ္ပဏီ ငါးခုရဲ့ ရှယ်ယာ အရောင်းအဝယ်ဖြစ်ပြီး နေ့စဉ်အရောင်းအဝယ်ပြုနေကြတာပဲ ဖြစ်ပါတယ်။






စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးစီးဆင်းမှုတွေ၊ ကုန်ပစ္စည်းဈေးနှုန်း အတက်အကျတွေ၊ ကုန်သွယ်မှုလုပ်ငန်း နှေးကွေးမှုတွေနဲ့ ရင်ဆိုင်ကောင်းရင်ဆိုင်နေရပေမယ့် ရန်ကုန်စတော့အိတ်ချိန်းကတော့ ပုံမှန်လည်ပတ်မှု၊ အရောင်းအဝယ်ဖြစ်မှုတွေက ရှိနေတာဖြစ်ပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ အရောင်းအဝယ် ပြုလုပ်နေတဲ့ စာရင်းဝင်ကုမ္ပဏီ ငါးခုရဲ့ ဈေးကွက်တန်ဖိုးဟာ ငွေကျပ် ၅၈၅ ဘီလီယံခန့်ရှိနေတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီပေါင်း ၃၃၀ ခန့်ရှိနေပြီး ရန်ကုန်စတော့ရှယ်ယာဈေးကွက်မှာ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ ကြိုးစားနေကြတာကြောင့် ရန်ကုန်စတော့အိတ်ချိန်းဟာ အနာဂတ်မှာ တဖြည်းဖြည်း ရှင်သန်ကြီးထွားလာဖို့ အလားအလာကောင်းတွေ ရှိနေတာတော့ အမှန်ပါပဲ။ ဘယ်လုပ်ငန်းမဆို အခက်အခဲတွေ ရှိနိုင်ပေမယ့် အဲဒီအခက်အခဲတွေကို အောင်မြင်အောင် ကျော်လွှားနိုင်မယ်ဆိုရင် အောင်မြင်မှု၊ အကျိုးဖြစ်ထွန်းမှုတွေဟာ စောင့်ကြိုနေတတ်စမြဲပါပဲ။

**ငွေကြေးလိုအပ်မှု ဖြည့်ဆည်းပေးနိုင်**


တကယ်တော့ စတော့ရှယ်ယာဈေးကွက်ဆိုတာ အရင်းအနှီးလိုအပ်နေတဲ့ လုပ်ငန်းရှင်တွေနဲ့ ငွေကြေးပိုလျှံလို့ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုနေတဲ့သူတွေအတွက် ပေါင်းကူးဆောင်ရွက်ပေးနေတဲ့၊ ရောင်းနိုင်ဝယ်နိုင်တဲ့ ဈေးကွက်တစ်ခုဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းချဲ့ထွင်လိုမှု၊ ကုန်ပစ္စည်းအသစ်ထုတ်လုပ်မှု၊ လုပ်ငန်းအသစ် စတင်လိုမှုတွေကြောင့် ငွေကြေးလိုအပ်မှုတွေကို အခုလို ရှယ်ယာရောင်းချခြင်းနဲ့ ရှာဖွေဖြည့်ဆည်းနိုင်ပါတယ်။

ငွေကြေးပိုလျှံလို့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ကလည်း ရှယ်ယာတွေအရောင်းအဝယ်ပြုလုပ်ခြင်းကြောင့် နှစ်စဉ် အမြတ်ငွေရရှိပြီး ရှယ်ယာတန်ဖိုးမြင့်တက်လာမှုကြောင့် အကျိုးအမြတ်တွေ ကြီးမားစွာ ရရှိနိုင်ပါတယ်။ ဒ့ါအပြင် တိုင်းပြည်အတွက်ကလည်း ဂျီဒီပီတိုးတက်လာတာမို့ ရန်ကုန်စတော့အိတ်ချိန်းတည်ရှိနေမှုဟာ အကျိုးကျေးဇူးရှိစေတာ အမှန်ပါပဲ။ *အချပ်ပို (ဂ)သို့*

**မြန်မာနိုင်ငံမှာ အများနဲ့ သက်ဆိုင်တဲ့ ကုမ္ပဏီ ပေါင်း ၃၃၀ ခန့် ရှိနေပြီး ရန်ကုန် စတော့ရှယ်ယာ ဈေးကွက်မှာ စာရင်းဝင် ကုမ္ပဏီဖြစ်ဖို့ ကြိုးစား နေကြတာကြောင့် ရန်ကုန် စတော့အိတ်ချိန်းဟာ အနာဂတ်မှာ တဖြည်းဖြည်း ရှင်သန် ကြီးထွားလာဖို့ အလားအလာကောင်းတွေ ရှိနေ**

**လူကူးခုံးကျော်တံတားများ တည်ဆောက်ပေးခြင်းအပေါ် ပြန်လည်သုံးသပ်မည်ဆိုလျှင် . . .**

အချပ်ပို - ခ





**ရန်ကုန်မြို့နေ ပြည်သူတို့ ရုံးပိတ်ရက် အပန်းဖြေရာ တိရစ္ဆာန်ဥယျာဉ်မှာ . . .**

အချပ်ပို - ဂ

**ရန်ကုန်မြို့တွင်း လမ်းဘေးယာဉ်ရပ်နားမှုမှ တကယ်ပဲ ပြည်သူ့ဘဏ္ဍာငွေအဖြစ် အကောင်အထည် ပေါ်တော့မည်လား**

အချပ်ပို - ဃ



# လူကူးခုံးကျော်တံတားများ တည်ဆောက်ပေးခြင်းအပေါ် ပြန်လည်သုံးသပ်မည်ဆိုလျှင် . . .

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဦးလှဝင်းတစ်ယောက် ....၊ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း သူနာပြုတက္ကသိုလ်အနီးရှိ လူကူးခုံးကျော်တံတားကိုကြည့်ပြီး အတွေးနယ်ပျံ့လွင့်နေပါသည်။

တံတားမှာ တဖြည်းဖြည်း အရောင်အဆင်းမှေးမှိန်လာပြီး အတက်အဆင်း လှေကားအောက်ခံအင်္ဂတေအတွင်းမှ အမာခံသံချောင်းများက ထိုးထိုးထောင်ထောင် ထွက်ပေါ်နေသည်။ တံတား၏ သက်တမ်းက နှစ်ပေါင်း ၂၀ ကျော်ပြီ။



ဓာတ်ပုံ - ဘော်ဂါသွေး

ယခု သူနာပြုတက္ကသိုလ်အနီး တံတားပေါ်မှ တစ်နေ့ကုန်လို့မှ တစ်ယောက်၊ တစ်ပတ်ကုန်လို့မှ တစ်ယောက်၊ တစ်လကုန်လို့မှ တစ်ယောက် ဖြတ်သန်းသွားလာမှုရှိရဲ့လားဟု ဦးလှဝင်းအတွေးက ဆန့်ပြီ။ ယနေ့ ရန်ကုန်မြို့တွင် တည်ဆောက်ပေးထားသော လူကူးခုံးကျော်တံတားများပေါ်မှ ဖြတ်သန်းသွားလာမှုကို ဆင်ခြင်ကြည့်မိသည်။ ကားလမ်းပေါ်မှ ဖြတ်သန်းသူအယောက် ၁၀၀ နှုန်းတွင် တံတားပေါ်မှ စည်းကမ်းရှိစွာ သွားလာသူ ဆယ်ယောက်နှုန်းမှ ရှိပါရဲ့လားဟု . . . လူကူးခုံးကျော်တံတားများ တည်ဆောက်ပေးမှုသည် ပြည်သူများအတွက် အကျိုးရှိရဲ့လားဟု ဦးနှောက်ထဲ ချာချာလည်နေသည်။

လွန်ခဲ့သော သုံးနှစ်ကျော်ကာလက လူကူးခုံးကျော်တံတား ၁၁ စင်း တည်ဆောက်ပေးခဲ့ရာ ငွေကျပ်သန်းပေါင်း ၃၆၀၀ ကုန်ကျခဲ့သည်ဟု သိရသည်။ ထိုကုန်ကျမှုများနှင့်အညီ ပြည်သူအများက တကယ်အသုံးပြုကြသည်လား စဉ်းစားဖို့ လိုလာပြီဟု ဦးလှဝင်းစိတ်ထဲ အတွေးတန်းက ရှည်လျားစွာ ဖြန့်ကြက်သွားခဲ့သည်။ ယခင်က အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းဆုံ အပေါ်ဘက်အခြမ်း၌ လူကူးခုံးကျော်တံတား တစ်စင်းကို ဆူးလေဘုရားလမ်းပေါ်မှ ဖြတ်သန်း၍ ထိုးပေးခဲ့သည်။ အတက်အဆင်းလှေကား ကျဉ်းမြောင်းခြင်းနှင့်အတူ အနော်ရထာလမ်းမကြီးကို ဖြတ်သန်းပြီးမှ တံတားပေါ်တက်ရခြင်းကြောင့် အများအပြား တံတားပေါ်သို့မတက် တံတားအောက် ကားလမ်းပေါ်မှသာ အပြေးအလွှားကူးကြသည်။ တစ်ခါတစ်ရံ လူနှင့် ကား ရောထွေးနေခဲ့သည်။ ကားကလည်းတိုး၊ လူကလည်းတိုးမည် ဖြစ်သည်။

တံတားအောက်တွင် ယာဉ်ထိန်းရဲအဆောက်အအုံလေး ရှိသည်။ ယာဉ်ထိန်းရဲဘော်၊ ရဲမေများ ရှိသည်။ ၎င်းတို့အထက် ညွှန်ကြားမှုသည် မည်သို့ရှိသည်မသိ၊ သူတို့သည် ကျောက်ရုပ်ပမာ ငုတ်တုတ်ကြီးကြည့်နေကြသည်။

ပြီးခဲ့သောနှစ်အတွင်းက စည်ပင်မှ နေ့စားဝန်ထမ်းများကို တံတားအောက်တွင်ရှိစေပြီး ကားလမ်းပေါ်မှ ကူးသည့်သူများကို တံတားပေါ်မှ ကူးရန် ညွှန်းဆိုပေးကြသည်။ ဒါကလည်း တကယ်တော့ မလိုအပ်ပေ။ နိုင်ငံကြီးသားပီသသူ၊ ပြည်သူ့နီတိကို နားလည်သူတို့အဖို့ မိမိကိုယ်နှိုက်ကပင် အသိရှိရှိဖြင့် တံတားပေါ်မှသာ ကူးသန်းကြရမည် ဖြစ်ပေသည်။

တစ်ဖန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းခြင်းအနေဖြင့် လူကူးမျဉ်းကျားမှ မကူးသူများကို မော်တော်ယာဉ်ကြီးတစ်စီးဖြင့် လိုက်လံဖမ်းဆီးမှုမျိုး ယခင်က ရှိခဲ့ဖူးသည်။ သတ်မှတ်ဧရိယာအတွင်း တစ်ပတ်ပတ်လိုက်သည်နှင့် အမျိုးသား၊ အမျိုးသမီးအကြီး အငယ် အစုံ အားလုံး ပြည့်ပါလာတတ်သည်။ နီးစပ်ရာ သတ်မှတ်နေရာတွင် ချက်ချင်းဒဏ်ငွေဆောင်စေခြင်းဖြင့် စည်းကမ်းထိန်းခဲ့ကြရသည်။ စည်းကမ်းရှိသူတို့အဖို့ မလိုအပ်သော်လည်း စည်းကမ်းမဲ့သူတို့အတွက် အမှန်တကယ်ပင် လိုအပ်ခဲ့သည်။

အချို့က ဆိုကြသည်။ တံတားများတွင် စက်လှေကားမပါသည့်အတွက် အတက်အဆင်း မပြုချင်ကြဟု ဆိုသည်။ အသက်အရွယ်ကြီးရင့်သူ၊ ကျန်းမာရေးမကောင်းသူများအတွက်က စက်လှေကားသည် တကယ်လိုအပ်ပေသည်။

စက်လှေကားပါသော လူကူးခုံးကျော်တံတား တစ်စင်းကို ကမ်းနားလမ်းနှင့် ကျောက်လမ်းပေါ်မှ ဖြတ်သန်း၍ ပန်းဆိုးတန်းလမ်းထိပ်တွင် တည်ဆောက်ပေးခဲ့သည်။ စက်လှေကားကို အတက်အတွက် ဦးစားပေးခဲ့သည်။ သို့သော် ထိုတံတားအနီး ကားလမ်းပေါ်မှ လမ်းဖြတ်ကူးသူများကို နေ့စဉ် အချိန်နှင့်အမျှ တွေ့ရှိနိုင်သည်။ အချို့က ဆိုကြသည်။ ခရီးသွားများ ဖြတ်သန်းရန် တံတားပေါ်၌ ဈေးသည်များ ခင်းရောင်းနေသည့်အတွက် တံတားပေါ်မှ မသွားချင်ဟု အကြောင်းပြကြပြန်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ ဆူးလေလူကူးခုံးကျော်တံတားပေါ်၌ လည်းကောင်း၊ သိမ်ကြီးဈေးအနီးပတ်လည် လူကူးခုံးကျော်တံတားပေါ်၌ လည်းကောင်း ဈေးသည်အတော်များများ ရှိနေသည်။ ထို့ထက် ယခုနောက်ပိုင်း ညအချိန်တွင် တံတားပေါ်၌ ဝိုင်းဖွဲ့နေခြင်းကလည်း ခရီးသွားပြည်သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့်အတူ အန္တရာယ်ရှိနိုင်ပေသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် လူကူးခုံးကျော်တံတားအသစ်များ တည်ဆောက်ရန် သက်ဆိုင်ရာ မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြတောင်းခံခဲ့ကြသည်။

ပြည်လမ်း ရှစ်မိုင်အနီးတွင် တစ်စင်း၊ ရွှေတိဂုံစေတီတော် အနောက်မုခ်အနီးတွင် တစ်စင်း၊ ကမာရွတ်မြို့နယ် ဆင်မလိုက် လမ်းဆုံအနီးတွင် တစ်စင်း၊ စမ်းချောင်းမြို့နယ် မပိုလမ်းအနီးတွင် တစ်စင်း၊ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းသစ်နှင့် လမ်းဟောင်းပေါ်(ဗိုလ်တထောင်စေတီအနီး) တွင် တစ်စင်း တောင်းခံမှုတွင် ဗိုလ်တထောင်ဘုရားအနီးနှင့် စမ်းချောင်းမြို့နယ် မပိုလမ်းအနီး တံတားနှစ်စင်းသာလျှင် ခွင့်ပြုခဲ့သည်။ ယခုအခါ ထိုတံတားအသစ်နှစ်စင်းမှာ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီကို တွေ့ရသည်။

တည်ဆောက်ပေးခဲ့ပြီးသော လူကူးခုံးကျော်တံတားများကို ပြန်လည်သုံးသပ်ကြည့်ပါက မင်္ဂလာဒုံ အောင်ဆန်းသူရိယလုသောင်းကျောင်းအနီးမှ တံတား၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ဂမုန်းပွင့်ကုန်တိုက်ရှေ့ရှိ တံတား၊ ဗဟန်းမြို့နယ် ၃ လမ်းထိပ်ရှိ တံတား၊ ပန်းဘဲတန်း

> **“တံတားတွေကို အကျိုး ရှိရှိ အသုံးပြုစေချင်ရင် တော့ ပထမ အသိပညာ ပေးခြင်းနဲ့အတူ ဒုတိယ အရေးယူခြင်းနည်းလမ်း နဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်မှုရမယ်”**

မြို့နယ် ဗိုလ်ချုပ်အောင်ဆန်း ဈေးရှေ့မှတံတားတို့မှာ ခရီးသွားပြည်သူတို့ တကယ်အသုံးပြုသော တံတားများဖြစ်သည်ကို တွေ့ရသည်။

မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယလုသောင်းကျောင်းအနီးမှ လူကူးခုံးကျော်တံတားမှာ ကားလမ်းပေါ်တွင် အရှည်လိုက်ပိတ်ကာထားသော အကာအရံများကြောင့်လည်းကောင်း၊ ဗဟန်း (၃) လမ်းထိပ်အနီးရှိ တံတားမှာလည်း ကားလမ်းပေါ်တွင် ရှည်လျားသော အဝါရောင်ကွန်ကရစ်တုံးများ ချထားခြင်းကြောင့် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့ရှိ တံတားတွင်လည်း ကားလမ်းပေါ်၌ စတီးသံပန်းများ ရှည်လျားစွာကာရံထားခြင်းကြောင့် လည်းကောင်း လွယ်ကူစွာဖြတ်သန်းခြင်း မပြုနိုင်သည့်အတွက် တံတားပေါ်သို့ တက်ရောက်ကြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

“တကယ်တော့ လမ်းဆုံလမ်းခွအနီးတွေမှာ လူကူးခုံးကျော်တံတား တည်ဆောက်တာဟာ အချည်းနှီးပဲ။ မီးပွိုင့်ဧရိယာထဲ ဖြစ်လို့ မီးပွိုင့်နီရင်၊ ကားရပ်သွားရင် လမ်းပေါ်ကပဲ ကူးကြတယ်။ တံတားတွေကို အကျိုးရှိရှိအသုံးပြုစေချင်ရင်တော့ ပထမ အသိပညာပေးခြင်းနဲ့အတူ ဒုတိယ အရေးယူခြင်းနည်းလမ်းနဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်မှုရမယ်။ အခုတစ်မျိုး တော်ကြာတစ်မျိုး စည်းကမ်းနဲ့ဆိုရင်တော့ တံတားတွေ ဆောက်ပေးတာ အလကားပဲ။ ငွေကုန်အချည်းအနှီးပဲ”ဟု လမ်းမတော်မြို့နယ် အတွင်းနေထိုင်သူ အမျိုးသမီးကြီးတစ်ဦးက သုံးသပ်သည်။

ပန်းဘဲတန်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက “တံတားတွေ တည်ဆောက်ပြီးရင် ခရီးသွားပြည်သူတွေက တကယ်အသုံးပြုဖို့ လိုတယ်။ အဲဒီလို အသုံးပြုကြမှလည်း ပြည်သူ့ဘဏ္ဍာငွေ အသုံးပြုရကျိုးနပ်မယ်” ဟု သုံးသပ်မှုရှိသကဲ့သို့ သင်္ဃန်းကျွန်းမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က “တကယ်လို့ လူကူးခုံးကျော်တံတားတွေ တည်ဆောက်မယ်ဆိုရင် လမ်းဖြတ်ကူးသူများတဲ့ နေရာများကို လေ့လာပြီးမှ ဆောက်လုပ်သင့်တယ်။ စက်လှေကားလည်း ထည့်သွင်းသင့်တယ်။ နောက် တံတားအောက်အလယ်မှ ကာရံခြင်းတို့ကိုပါ ထည့်သွင်းဆောင်ရွက်သင့်တယ်” ဟု အကြံပြုပြောကြားခဲ့သည်။

သို့ပါ၍ ငွေကြေးများစွာ အကုန်အကျခံ ဆောက်လုပ်ပေးထားသော လူကူးခုံးကျော်တံတားများကို တည်ဆောက်ခြင်းမှာ အသုံးပြုသူများအတွက် အဆင်ပြေရဲ့လား . . .၊ ငွေကုန်ကျမှုတန်ရဲ့လား . . . ဆိုသည်ကို သုံးသပ်ရှုမြင် စဉ်းစားကြည့်နိုင်ပါစေကြောင်း။ ။

# ရန်ကုန်မြို့နေပြည်သူတို့ ရုံးပိတ်ရက် အပန်းဖြေစရာ တိရစ္ဆာန်ဥယျာဉ်မှာ

● သော်တာနမ့်စန်


ဓာတ်ပုံ -သစ္စာ

မိမိအား အပန်းဖြေလာရောက်သူတို့ အစာကျွေးနေသည်ကို တွေ့ရစဉ်။

**ရန်ကုန်မြို့သည် မိုးရိပ်တို့နှုတ်ဆက်ထွက်ခွာလေဟန်ရှိသော်လည်း မထင်မှတ်သောအချိန်တွင် မိုးရွာတတ်၍ သီတင်းကျွတ်လ၏ အပူဒဏ်ကို အနည်းငယ် ခံသာလျက်ရှိသည်။ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ ရန်ကုန်မြို့ပေါ်ရှိ အများပြည်သူအပန်းဖြေ အနားယူရာနေရာတို့တွင် ရုံးပိတ်ရက်များ၌ စည်ကား နေဆဲဖြစ်သည်။ အထူးသဖြင့် ရန်ကုန်မြို့တွင် အပူရှိန်ကို သိသာစွာခံစားလာရပြီဖြစ်ရာ အရိပ်အာဝါသကောင်းမွန်သည့် အပန်းဖြေနေရာများဖြစ်သော ကန်တော်ကြီး၊ တိရစ္ဆာန်ဥယျာဉ်၊ ပြည်သူ့ရင်ပြင်၊ တိုင်းရင်းသားကျေးရွာနှင့် လှော်ကားဥယျာဉ်တို့မှာ ရန်ကုန်မြို့နေပြည်သူတို့ အပူဒဏ်ရှောင်ရာ၊ မိသားစု အပန်းဖြေအနားယူရာနေရာအဖြစ် ရုံးပိတ်ရက်၊ ရက်ကြီးအခါကြီးတို့တွင် တွေ့မြင်ရမည်ဖြစ်သည်။**

ရန်ကုန်မြို့တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေသည့် သစ်တောများအုပ်ဆိုင်းနေသော နေရာမှာ ကိုလိုနီခေတ်မှ ယနေ့တိုင်တည်ရှိနေသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်လမ်းကို မျက်နှာပြုထားသော တိရစ္ဆာန်ဥယျာဉ်မှာ ရုံးပိတ်ရက်တွင် အဖွဲ့လိုက်၊ မိသားစုလိုက် လာရောက်အပန်းဖြေလျက်ရှိရာ စည်ကားလျက်ရှိသည်။ သီတင်းကျွတ်ရာသီဖြစ်၍ မီးပုံးအလှများ ချိတ်ဆွဲထားမှုနှင့်အတူ တိရစ္ဆာန်ရုပ်တုများနှင့် အမှတ်တရပုံများကို ဆေးရောင်များ ပြန်လည်ခြယ်သလျက်ရှိသည်။

တိရစ္ဆာန်ဥယျာဉ်ကိုအစပြုလျှင် ပြည်သူတို့၏ အချစ်တော် ဆင်မကြီးမိုမိုကို အမှတ်ရစေလျက် လာရောက်လည်ပတ်သော မိဘပြည်သူက အများစုပင်ဖြစ်သည်။ အောက်တိုဘာ ၂၁ ရက်ဆိုလျှင် ဆင်မကြီး မိုမိုမှာ အသက် ၆၅ နှစ်ပြည့်ပြီဖြစ်သည်။ မိုမိုရောက်ရှိချိန်မှာ ၁၉၆၁ ခုနှစ်တွင် အသက်ခုနစ်နှစ်အရွယ်ဖြစ်၍ ယခု အသက် ၆၅ နှစ်သို့ ရောက်ရှိပြီဖြစ်ရာ ရန်ကုန်သို့ မိုမိုရောက်ရှိသည်မှာ ၅၈ နှစ် ရှိပြီဖြစ်သည်။

အာရှဆင်ထားရှိရာနေရာတွင် မိုမို(၆၅)နှစ်၊ မျိုးမျိုး ၁၉ နှစ် (ဆင်အကပြသ)၊ မိုသော်ပြည့် ၁၅ နှစ်နှင့် မလှချော ၁၄ နှစ်တို့ လေးစီးကို ထားရှိပြသထားသည်။ ကလေးများ အထူးကြိုက်နှစ်သက်သော နေရာလည်းဖြစ်သည်။ ကျားဖြူကို ထူးဆန်းမှုဖြင့် ကြောက်ရွံ့စွာ ကြည့်တတ်ကြသော်လည်း မိုမိုကို ကြည့်ရှုရာတွင် ချစ်ခင်သောစိတ်ဖြင့် ကြည့်ရှုကြလေ့ရှိသည်။ စနေနေ့ ရုံးပိတ်ရက်တွင် မိသားစုဖြင့် တောင်ဒဂုံမှ လာရောက်သော ကိုဉာဏ်ဝင်းက "ဒီနေ့အထိ ဆင်တွေဟာ နိုင်ငံခြား ဝင်ငွေရှာပေးနေဆဲပဲ။ တောဆင်ရိုင်းတွေ သတ်ဖြတ်ခံရတာကြားရတော့ စိတ်မကောင်းဘူး။ ဆင်မုဆိုးတွေကို ထိထိရောက်ရောက် အရေးယူနိုင်မှ ဆင်မျိုးသုဉ်းမယ့် အန္တရာယ်ကို ကာကွယ်နိုင်မှာပါ။ နောက်တစ်ပတ် မိုမိုမွေးနေ့က ပိတ်ရက်လည်းဖြစ်၊ ထူးထူးခြားခြား စီစဉ်ထားတာလည်း ကြားရတော့ ကလေးတွေကို လိုက်ပြပြီး လေ့လာမှာပါ။ မိုမိုဆက်ပြီး ကျန်းမာပါစေလို့ ဆုတောင်းပါတယ်"ဟု ဆိုသည်။

၁၉၀၆ ခုနှစ်တွင် ဝိတိုရိယဘုရင်မပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်ဟု ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် သက်တမ်းရာကျော်သည့်တိုင် မြို့နေပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူတို့ကို ဆွဲဆောင်နေဆဲဖြစ်သည်။ ရှေးမူမပျက် တိရစ္ဆာန်လှောင်အိမ်ကြီးများ၊ ခေတ်မီ တိရစ္ဆာန်လှောင်အိမ်များနှင့် အရိပ်ရအပင်များက လာရောက်အနားယူ အပန်းဖြေသူတို့ကို စိတ်ဝင်စားကျေနပ်စေလျက်ရှိသည်။ ပြည်သူတို့အနေဖြင့် အားလပ်ရက်တွင် မိသားစုအပန်းဖြေ ခရီးထွက်ပေးခြင်းဖြင့် ကလေးငယ်တို့ စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးကို တိုးတက်စေသည့်အပြင် ဝန်ထမ်းများအတွက် စိတ်ရွှင်လန်း၍ ကိုယ်ကျန်းမာမှုကို ရရှိစေမည်ဖြစ်သည်။

**၁၉၀၆ ခုနှစ်တွင် ဝိတိုရိယဘုရင်မပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်ဟု ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် သက်တမ်းရာကျော်သည့်တိုင် မြို့နေပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူတို့ကို ဆွဲဆောင်နေဆဲဖြစ်**



ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် နို့တိုက်သတ္တဝါမျိုးစိတ် ၄၆ မျိုး၊ ကျေးငှက်သတ္တဝါမျိုးစိတ် ၆၉ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၁၈ မျိုး ပြသထားပြီး သဘာဝသမိုင်းပြတိုက်တွင် ရုပ်လုံးသွင်းများအဖြစ် နို့တိုက်သတ္တဝါမျိုးစိတ် ၇၀၊ ကျေးငှက်သတ္တဝါ ၂၁၉ မျိုးနှင့် တွားသွားသတ္တဝါ ၄၆၃ မျိုးကို ပြသထားသည်။ သဘာဝသမိုင်းပြတိုက်ကို ၁၉၇၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းသို့ ၁၉၇၈ ခုနှစ် မေ ၁ ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

နေ့စဉ်နှင့်အမျှ အလုပ်လုပ်ကိုင်ရင်း ဘဝကို ဖြတ်သန်းနေသော ရန်ကုန်သူ ရန်ကုန်သားတို့အနေဖြင့် မိသားစုလိုက်ဖြစ်စေ၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် အုပ်စုလိုက်ဖြစ်စေ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ အပန်းဖြေသွားရောက်ရင်း မွန်းကျပ်မှုများ ဖြေဖျောက်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း အပန်းဖြေလာသူများ ဆင်စီး၍ လေ့လာမှုကို တွေ့ရစဉ်။

## ရန်ကုန် စတော့အိတ်ချိန်း အလားအလာ . . . . မှ

ဒါကြောင့်မို့လည်း ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်နိုင်ဖို့ ၁၉၉၆ ခုနှစ်ကတည်းက စတင်ကြိုးစားလာခဲ့တာဖြစ်ပြီး ၂၀၁၅ ခုနှစ်မှသာ အကောင်အထည်ဖော်နိုင်ခဲ့တာ ဖြစ်ပါတယ်။ တကယ်တမ်း စတော့ရှယ်ယာတွေ အရောင်းအဝယ်ပြုလုပ်တာက ၂၀၁၆ ခုနှစ် မတ်လမှာဆိုတော့ အချိန်နှစ်နှစ်ကျော်သာ သက်တမ်းရှိနေသေးတဲ့ ရန်ကုန်စတော့အိတ်ချိန်းဟာ အခုအချိန်မှာ ပုံမှန်စတော့ရှယ်ယာ အရောင်းအဝယ်တွေ ရှိနေပေမယ့် မကြာခင်မှာ ကြီးထွားဖွံ့ဖြိုးလာဖို့ရှိနေပါတယ်။

မြန်မာနိုင်ငံမှာ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီပေါင်း ၃၃၀ ခန့်ရှိတဲ့အထဲမှာ ကုမ္ပဏီ ၆၁ ခုသာ ပြည်သူတွေကို အစုရှယ်ယာ ရောင်းချခွင့်ရှိပြီး ကျန်ကုမ္ပဏီတွေ ရောင်းချခွင့်မရှိဘူးလို့လည်း သိရပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တို့ အစုရှယ်ယာရောင်းချခွင့်ရရှိခဲ့ကြပါတယ်။

အဲဒီလို အများပြည်သူကို ရှယ်ယာရောင်းချခွင့်ရရှိထားတဲ့ ကုမ္ပဏီတွေဟာ အခုဆိုရင် ရန်ကုန်စတော့အိတ်ချိန်းမှာပါဝင်ပြီး ရှယ်ယာဟာ အရောင်းအဝယ်ပြုလုပ်နိုင်ဖို့ လိုအပ်တဲ့ ဆောင်ရွက်မှုတွေ ပြုလုပ်နေကြပြီဖြစ်ပါတယ်။ ဒါကြောင့် မကြာခင်ကာလမှာ ရန်ကုန်စတော့ရှယ်ယာဈေးကွက်မှာ တရားဝင်ရှယ်ယာရောင်းချတော့မယ့် ကုမ္ပဏီအရေအတွက်လည်း တိုးတက်လာတော့မှာဖြစ်ပါတယ်။

အိမ်နီးချင်း အာဆီယံနိုင်ငံတွေမှာ စတော့အိတ်ချိန်း ထူထောင်မှုကိုကြည့်ရင် မြန်မာနိုင်ငံက နောက်ကျခဲ့ပေမယ့် လက်ရှိစတော့ရှယ်ယာ အရောင်းအဝယ်အခြေအနေအရရော အနာဂတ်အနေအထားကိုပါ ကြည့်ရင်တော့ ရန်ကုန်စတော့အိတ်ချိန်းဟာ ကြီးထွားဖွံ့ဖြိုးဖို့ ရှိနေတာတော့ အမှန်ပါပဲ။ ။

# ရန်ကုန်မြို့တွင်း လမ်းဘေးယာဉ်ရပ်နားမှုမှ တကယ်ပဲပြည်သူ့ဘဏ္ဍာငွေအဖြစ် အကောင်အထည်ပေါ်တော့မည်လား

■ မောင်စိန်လွင်(မြန်မာ့အလင်း)



ဓာတ်ပုံ- မင်းထက်

**ရန်ကုန်**မြို့တွင်း Down Town မြို့နယ်များ၌ လမ်းဘေးယာဉ်ရပ်နားမှု ကားတစ်စီး တစ်နာရီ ငွေကျပ် ၂၀၀ နှုန်း ကောက်ခံမှုကို စတင်တော့မည်ဖြစ်ကြောင်း ပြီးခဲ့သော စက်တင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ လမ်းဘေးယာဉ်ရပ်နားမှုမှ ငွေကျပ် ၂၀၀ နှုန်းကောက်ခံမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ဆွေးနွေးမေးမြန်းမှုများရှိခဲ့သလို ပြည်သူများကြားတွင်လည်း တိကျသော အဖြေမှန်ထွက်လာမှုကို မသိကြသေး၍ ပြည်သူများကြား ယနေ့တိုင် စိတ်ဝင်စားလျက်ရှိသည်။

ယင်းလမ်းဘေးယာဉ်ရပ်နားရာတွင် ငွေကျပ် ၂၀၀ ကောက်ခံမှုနှင့် ပတ်သက်၍ ပြီးခဲ့သော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့တွင် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက အမည်တပ်လမ်းမကြီးများတွင် ကားပါကင်ကြေးကောက်ခံမည့်ကိစ္စနှင့်ပတ်သက်၍ စနစ်တကျလည်းဖြစ်၊ ပြည်သူလည်းအဆင်ပြေစေရန် မည်သို့အစီအမံဆောင်ရွက်သွားမည်ကို လွှတ်တော်မှတစ်ဆင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မေးမြန်းခဲ့သည်။

ယင်းမေးမြန်းမှုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်က "အောက်တိုဘာ ၁ ရက်မှာ ကားပါကင်စတင်ကောက်တော့မယ်ဆိုတဲ့ သတင်းကြားကတည်းက လွှတ်တော်တင်ထားခဲ့တယ်။ လွှတ်တော်မစခင် ၁၀ ရက်ကတည်းက တင်ထားတဲ့ မေးခွန်း၊ ငါးရက်အလိုမှာ စာရောက်လာတယ်။ မနက် ၈ နာရီကနေ ညနေ ၆ နာရီအထိ တင်ဒါအောင်ကုမ္ပဏီတွေက ကောက်သွားမယ်။ ဒီဇုန်၊ ဒီဇုန် ဒါပဲပါတယ်။ ဘယ်လို စီမံခန့်ခွဲပြီး ကောက်မယ်၊ ဘယ်လိုစနစ်တကျလုပ်မယ်ဆိုတာ မသိရဘူး။ ကားပါကင်ကြေးကတော့ ကောက်ရမယ်ဆိုတာ လက်ခံတယ်။ ဒါပေမယ့် ပြဿနာက ငွေကျပ် ၂၀၀ ကောက်တယ်ပေါ့။ ဒါပေမယ့် အခုချိန်ထိ ကားပါကင်လိုင်းဆွဲထားတာ မရှိဘူး။ စတင်ကတည်းက စနစ်တကျစီမံခန့်ခွဲပြီးတော့ နိုင်ငံတကာလို ဘယ်လိုနည်းလမ်းတွေနဲ့ လုပ်မယ်ဆိုတာမျိုးမရှိသလို သတ်မှတ်မျဉ်းတောင် ဆွဲမထားသေးဘူး။ ဒါကို တင်ဒါအောင် ကုမ္ပဏီက လာရောက်ကောက်တော့မယ်ဆိုတော့ ဘာကာကွယ်မှုပေးမှာလဲ။ တာဝန်ယူမှု၊ တာဝန်ခံမှုက ဘယ်မလဲ။ ဒါကြောင့် ပြည်သူကိုယ်စား လွှတ်တော်မှာ မေးမြန်းခဲ့တာပါ"ဟု ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ကားပါကင်ကြေးမှာ ၁ နာရီ ငွေကျပ် ၂၀၀ နှုန်းဖြင့် ရန်ကုန်မြို့တွင်း Down Town မြို့နယ်များ၌ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ကောက်ခံမည်ဖြစ်ပြီး ယင်းသတ်မှတ်အချိန်ကာလကျော်လွန်ပါက အခမဲ့ယာယီရပ်နားခွင့်ရမည်ဟုလည်း သိရသည်။ ယာဉ်ရပ်နားကန့်သတ်ဇုန်(၈)ဇုန်သတ်မှတ်၍ လမ်းမကြီးများနှင့် အမည်တပ်လမ်းများတွင် ကောက်ခံရန် ဈေးပြိုင်တင်ဒါခေါ်ယူခဲ့ရာ ဇုန်သုံးခု တင်ဒါအောင်မြင်ခဲ့ပြီး ကျန်ဇုန်ငါးခုမှာ ဈေးပြိုင်တင်ဒါ ဆက်လက်ခေါ်ယူထားဆဲဖြစ်သည်။ ရန်ကုန်မြို့တွင် ကားပါကင်ပြဿနာ နေရာတိုင်းလိုလိုတွင်ရှိနေသကဲ့သို့ ကားပါကင်ကြေး ပြန်လည်ကောက်ခံမှုကြောင့် ကိုယ်ပိုင်နေအိမ်ရှေ့ ရုံးခန်းရှေ့များတွင် ရပ်နားထားသော ကိုယ်ပိုင်ကားများမှာ တစ်နာရီလျှင် ငွေကျပ် ၂၀၀ နှုန်း စရိတ်တက်နေမည့်ကိစ္စမှာ ပြည်သူများကြား ဝိရောဓိဖြစ်နေဆဲဖြစ်သလို၊ ဝေဖန်မှုများလည်း မြင့်တက်လျက်ရှိသည်။

"ရန်ကုန်မြို့တွင်း အများပိုင်နေရာ၊ ပြည်သူပိုင်နေရာတွေမှာ ကိုယ့်မြေနေရာလို ရပ်ပိုင်ခွင့်မရှိဘူး။ ဒါ လူတိုင်းသိတယ်။ အခုချိန်မှာ စဉ်းစားသင့်တာက ဆီဈေးတွေတက်၊ ဒေါ်လာဈေးတွေတက်။ ပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်နေတဲ့အချိန်၊ တစ်လမကောက်လို့ ဘာဖြစ်လဲ၊ ပြည်သူတွေနဲ့ ညှိနှိုင်းဆွေးနွေး တိုင်ပင်ပြီးမှ လုပ်သင့်တယ်လို့ထင်တယ်။ အဲဒီလိုမဟုတ်တော့ ကျွန်မတို့အနေနဲ့ ပြည်သူတွေမေးရင် ဘယ်လို ဖြေရမှန်းမသိဘူး"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြောသည်။

ရန်ကုန်မြို့တွင်း ကိုယ်ပိုင်ကားများ နာရီနှင့်အမျှ ငွေကျပ် ၂၀၀ စရိတ်တက်နေမည့်ကိစ္စ သီးခြားပြန်လည်စဉ်းစားပေးမည်ဖြစ်ကြောင်း၊ ကားပါကင်ကြေးကောက်ခံမှုကိုလည်း နံနက် ၈ နာရီမှ ညနေ ၆ နာရီကြားဖြစ်ပြီး တစ်နေကုန် ကားရပ်နားထားမှုအခြေအနေများကို ပြန်လည်စဉ်းစားပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက လွှတ်တော်၌ ပြန်လည်ဖြေကြားခဲ့သည်။ ယခင်ပြီးခဲ့သော လေးနှစ်အတွင်း ရန်ကုန်မြို့တွင်း ကားပါကင်ကြေးကောက်ခံမှုကို သက်ဆိုင်ရာက တရားဝင်ရပ်ဆိုင်းခဲ့သော်လည်း တချို့နေရာများ၌ ဆက်လက်ကောက်ခံနေဆဲဖြစ်သည်။ ယင်းကောက်ခံမှုနှင့်ပတ်သက်ပြီး တရားမဝင်ကြောင်း သက်ဆိုင်ရာက ကြေညာခဲ့သော်လည်း ရန်ကုန်မြို့တွင်း မြို့နယ်အချို့တို့တွင် ကောက်ခံနေမှုများကို တွေ့မြင်နေရကြောင်း သိရသည်။ ယခု ကားပါကင်ကြေးကောက်ခံမှုသည် ပြည်သူလူထုနစ်နာမည်ဟုဆိုသော်လည်း အမှန်တကယ်ကောက်ခံသည့်ငွေကြေးမှာ ယခင်ကောက်ခံနေသည့် နှုန်းထားအတိုင်းဖြစ်နေ၍ လူထုမနစ်နာဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။

ယနေ့ စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့ကြီးတွင် ကားတင်သွင်းမှု မူဝါဒမှာ အမျိုးမျိုးဖြစ်နေသကဲ့သို့ ကားပါကင်အခက်အခဲနှင့် ကားပါကင်နေရာလုမှုများကြောင့်လည်း ခိုက်ရန်ဖြစ်ပွားမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။ ပြည်သူပိုင် လမ်းမကြီးများပေါ်တွင် ကားများစနစ်တကျ ရပ်နားထားမှုများ မရှိသကဲ့သို့ ဦးရာလုစနစ်၊ စည်းကမ်းမရှိ အပြိုင်ခေါင်းထိုးထားမှုများကိုလည်း သက်ဆိုင်ရာ ယာဉ်ထိန်းများအနေဖြင့် ထိထိရောက်ရောက် အရေးယူပေးသင့်ကြောင်း အငှားယာဉ်မောင်း ဦးမောင်မြင့်က ရန်ကုန်မြို့တွင်း စည်းကမ်းမဲ့ယာဉ်များနှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။ ။

# လူမှုဘဝနေထိုင်မှုနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဝိုင်းဝန်းဖော်ဆောင်

ထင်ပေါ်ဝင်း

**ဝသန်** ရာသီသည် မြို့ရန်ကုန်ကို မကြာမီကာလအတွင်း နှုတ်ဆက်ထွက်ခွာတော့မည်ဖြစ်သည်။ ရာသီမကုန်မီ တိမ်ရိပ်တိမ်မည်းတို့က ရံဖန်ရံခါ အပြေးအလွှားရွာချနေသည်။ လှုပ်လှုပ်ရှားရှား မြို့ရန်ကုန်ရှိ အဝေးသင်တက္ကသိုလ်ကျောင်းသားများ စာမေးပွဲကို ဖြေဆိုနေသောကာလလည်း ဖြစ်သည်။

### ကူးသန်းရောင်းဝယ်ရေးအချက်အချာကျ

လူဦးရေခုနစ်သန်းကျော်ရှိသော ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရေးကြီးသော ကူးသန်းရောင်းဝယ်ရေးအချက်အချာအဖြစ် ဆက်လက် ရပ်တည်လျက်ရှိသည်။ ရန်ကုန်မြို့တော်ရှိ အခြေခံအဆောက်အအုံတို့သည် အရှေ့တောင်အာရှရှိ အခြားသောမြို့တော်များနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးမှုမရှိဟု ကမ္ဘာ့မှတ်တမ်းမှတ်ရာတို့က ဆိုသည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်ကစ၍ မြို့တော် ရန်ကုန်အနှံ့ အဆောက်အအုံတို့ကို ဆောက်လုပ်ခဲ့သော်လည်း ရန်ကုန်၏ တိုးချဲ့မြို့နယ်များတွင် လူနေမှုအဆင့်အတန်းမှာ မြင့်တက်မှုမရှိဟု ဆိုကြသည်။ ရန်ကုန်သည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနောက်ပိုင်း ပြောင်းရွှေ့လာသူတို့ကြောင့် လူဦးရေအဆမတန် များပြားခဲ့သည်။

မိသားစုတစ်စုတည်းနေထိုင်ရာမှ မိသားစုပေါင်းများစွာဖြင့် နေထိုင်ရခြင်း၊ ရင်းနှီးကျွမ်းဝင်မှုမရှိသော မျက်နှာစိမ်းများဖြင့် အနီးကပ်နေထိုင်ရခြင်း၊ ပြောင်းလဲလာသော လူနေထိုင်မှုစနစ်အရ ပင်ကိုမြန်မာ့ဓလေ့စရိုက်ယဉ်ကျေးမှုတို့ ဆိတ်သုဉ်းခဲ့ခြင်း၊ မော်တော်ယာဉ်သွားလမ်းများ ကျပ်တည်းလာခြင်း၊ အမှိုက်စွန့်ပစ်မှုပြဿနာနှင့် ကျူးကျော်ပြဿနာက မပြီးဆုံးနိုင်သော ယနေ့ရန်ကုန်၏ ဝဲဂယက်တစ်ခုနှယ်။

### ဖွံ့ဖြိုးမှုအားယူဆဲ မြို့ရန်ကုန်

ရွှေဈေးမြင့်တက်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ နိုင်ငံခြားငွေ (ဒေါ်လာ)လဲလှယ်နှုန်း မြင့်မားမှုတို့က ရန်ကုန်လူထု ယနေ့ခံစားနေရသော အခက်အခဲများပင်ဖြစ်သည်။ ခေတ်တစ်ခေတ်မှ တစ်ခေတ်အပြောင်း၊ စနစ်သစ်တစ်ခုသို့ ကူးပြောင်းဆဲကာလတွင် ရန်ကုန်သူ ရန်ကုန်သားတို့က လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်နေကြသည်။ ဖွံ့ဖြိုးမှုအားယူဆဲ ရန်ကုန်မြို့တော်ကို ထိုးနှက်ချက်တို့က ပြင်းထန်လှသည်။

အဆင့်မြှင့်တင်နေသော ရထားလမ်း၊ ကားလမ်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ အရှိန်ယူဆဲကာလ၊ စီးပွားရေး တိုးတက်မှုဖြစ်စေရန် စက်မှုလက်မှုထုတ်ကုန်နှင့် ကုန်ထုတ်လမ်းများ ဖော်ဆောင်နေဆဲကာလ၊ အားငယ်ကြောက်ရွံ့စိတ်တို့ ဖုံးလွှမ်းနေသောလူထုကို အသိပညာ၊ အတတ်ပညာတို့ဖြင့် ခေတ်မီ ဗဟုသုတတိုးပွားအောင် နှိုးထနေဆဲ သကာလဖြစ်သည်။ ဤကာလအပိုင်းအခြားတို့ကို ရန်ကုန်မြို့သူ မြို့သားများက ခက်ခဲစွာ ဖြတ်ကျော်နေရသည်။

ရန်ကုန်မြို့၏ သမိုင်းဝင်ဖြစ်တည်နေသော ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကမ္ဘာအေးစေတီ အစရှိသော ဘုရားစေတီတို့၏ အေးမြသော တရားရိပ်ကလည်း မြို့သူမြို့သားတို့၏ မငြိမ်းအေးသော လူနေမှုဘဝတွေကို အေးချမ်းစေသည်။ ကမ္ဘာ့ကုလသမဂ္ဂ…

ကမ္ဘည်းတင်ထိုက်သော ရှေးဟောင်းအဆောက်အအုံတို့ ပေါများစွာ ကျန်နေမှုက မြို့တစ်မြို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေပြီး ဆွဲဆောင်မှုပုံရိပ်များဖြစ်နေသည်။

### မြို့စွန်မြို့နယ်များကို ဦးစားပေးပြုပြင်

လက်ရှိရန်ကုန်မြို့၏ အခြေအနေသည် မိုးမျှော်တိုက်များ၊ အဆင့်မြင့်အိမ်ရာများ အရေးတကြီးလိုအပ်နေသော အချိန်မဟုတ်ပေ။ လျင်မြန်စွာ တိုးပွားလာနေသော လူဦးရေအတွက် လျှပ်စစ်မီး၊ သောက်သုံးရေ၊ ရေဆိုးသန့်စင်ရေး၊ ကားလမ်းမများ၊ လူနှင့်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ မြစ်ကူးတံတားကြီးများ၊ ဆက်သွယ်ရေး ကွန်ရက်များနှင့် ဆေးရုံ၊ ကျောင်း၊ ပန်းခြံအစရှိသည့် အခြေခံအဆောက်အအုံများသာ လိုအပ်လျက်ရှိသည်။ တိုးချဲ့မှုနှောင့်နှေးခဲ့သော ရန်ကုန်မြို့လယ်ထက် မြို့စွန်မြို့နယ်များကို ဦးစားပေးပြုပြင်သင့်သည်။ အခြေခံအဆောက်အအုံများ တိုးချဲ့သင့်သည်၊ ဆောက်လုပ်သင့်သည်၊ ရင်းနှီးမြှုပ်နှံသင့်သည်။ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးစေရန် ရေတို၊ ရေရှည်၊ ရေလတ် စီမံကိန်းများ အလျင်အမြန် အကောင်အထည်ဖော်သင့်သည်။ လက်ကျန် မြေလွတ်မြေလပ်များတွင် စိုက်ပျိုး မွေးမြူရေး SME လုပ်ငန်းများ ဖွံ့ဖြိုးရန် မြေတောင်မြှောက် ဖော်ဆောင်ပေးသင့်သည်။

### နေချင်စဖွယ်မြို့ကြီးအဖြစ်ရောက်ရှိလို

ရန်ကုန်သားတို့သည် အတိတ်ဖြစ်ရပ်တို့ကို သင်ခန်းစာယူကာ ကောင်းမွန်သော ရှေ့ခရီးဆက်လိုကြသည်။ နိုင်ငံနှင့် ကမ္ဘာ့စာမျက်နှာထက်ဝယ် မြို့ရန်ကုန်ကို အဖိုးတန်အဖြစ် တွေ့မြင်လိုကြသည်။ အရှေ့တောင်အာရှရှိ မြို့များကို ကျော်လွန်၍ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးမှု အားကောင်းကာ အေးချမ်း၍ နေချင်စဖွယ် မြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိလိုကြသည်။ ထိုထိုသမျှသော အကောင်းတကာ့ အကောင်းဆုံးသော အဖြစ်အပျက်တို့ကို ပိုင်ဆိုင်နိုင်ရန် အစိုးရတစ်ရပ်တည်းသာမက စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ရင်းနှီးမြှုပ်နှံသူများ၊ မြို့သူ မြို့သားများက ဝိုင်းဝန်း အကောင်အထည်ဖော်ကြရပေမည်။

ရန်ကုန်မြို့တော်၏ အနာဂတ်ခရီးလမ်း သာယာဖြောင့်ဖြူးစေရန် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အာဃာတ အငြိုးတရားများ ဖြေဖျောက်ပြီး မြို့သူမြို့သားတို့၏ လိုအင်ဆန္ဒကို ရှေးရှုကာ မြို့တော်ရန်ကုန်ကို ဝိုင်းဝန်းမြှင့်တင်ပေးကြပါဟု တိုက်တွန်းလိုက်ရပါကြောင်း။ ။